


အောင်မြင်စာပေ
ဂ န္ဓ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်
တြိစက္က
(၂)
မဏိပူရ ပုတ္တမ




၈၉၅.၈၃

ကြိုစကြူ
မကော်မူရ မှဏ္ဍာမာ/ကြိုစကြူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၅ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ၊
(၁) ကြိုစကြူ

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
**ဖြန့်ချိရေး** အောင်မြင်စာပေ၊ ဧပြီလ၊ ၂၀၁၃၊



## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ဒဿနလက်ဆောင်

- အခြားသူများ၏ အားသာချက်ကို
အသိအမှတ်ပြုရန် ဝန်မလေးပါနှင့်၊
မိမိအားနည်းချက်ကို ဖုံးကွယ်ထားခြင်းကြောင့်
အကူအညီပေးမည့်သူ..မတွေ့ရပဲ ဖြစ်စေသည်။

- အကြောက်တရားကြောင့်
ရလဒ်ကောင်းများမရနိုင်ပေ၊
ချစ်ခြင်းမေတ္တာဖြင့်သာ
ကောင်းကျိုးရလဒ်များ ရရှိစေသည်၊
သားသမီးက မိဘကို
တပည့်က ဆရာကို ချစ်ခင်နေလျှင်
မိမိလိုရာ ဖြစ်စေနိုင်ပါသည်။

- လောဘစိတ်မရှိသဖြင့်
အပြန်အလှန် အလျှော့ပေးလျှင်
တစ်ပေသည်ပင်ပိုနေသေးသည်
လောဘကြောင့် တင်းမာနေလျှင်
တစ်လံကျော်ရှိလည်း လိုနေမည်သာဖြစ်၏။

ဒဿနလက်ဆောင်

- သင့်သောငွေကို
ရအောင်မလုပ်မိခြင်းသည်
မသိမလိမ္မာသောကြောင့်ဖြစ်၏၊
မရသင့်သောငွေကို
ရအောင်လုပ်မိခြင်းကတော့
မိုက်မဲခြင်း ဖြစ်ပေ၏။

- နလုံးသားအထိ အမြစ်တွယ်နိုင်တာ
နှစ်မျိုးပဲရှိတယ်....
တစ်မျိုးက ဝါသနာပါတဲ့ အနုပညာဖြစ်ပြီး
ကျန်တစ်မျိုးက အချစ်ပဲဖြစ်ပါတယ်၊

- မျက်နှာပေါ်က.
အရေပြားတစ်ချပ်စာရှိတဲ့ အလှကိုမကြည့်ပါနဲ့၊
အဲဒီအရေပြား ကွာသွားရင်
အလှပျက်သွားမှာပါ..
နလုံးသားအလှကိုမြင်အောင်ရှာဖွေပါ..။

## ဒဿနလက်ဆောင်

- အမှန်တရားအတွက်
  သက်သေပြစရာ မလိုသော်လည်း
  လိမ်ညာပြောရသောစကား တစ်ခွန်းအတွက်
  ယုံကြည်အောင် အခြားစကားလုံးပေါင်းများစွာ
  ရှာဖွေပြောဆိုရပါတယ်။

- အချစ်ကို ကိုယ်တစ်ယောက်အတွက်
  ဘယ်တော့မှ မလုပ်ပါနဲ့၊
  နှစ်ယောက်စလုံးအတွက်
  မျှမျှတတတွေးတတ်မယ်ဆိုရင်
  အချစ်ဟာ လှပတဲ့ အရာတစ်ခုပါပဲ…။

- မမှားမီ မမှားအောင် ဆင်ခြင်ရသည်။
  မှားပြီးလျှင် ထိုအမှားကို ပြင်ဆင်ရပါသည်။
  ထိုနှစ်ခုကို အချိန်မီမလုပ်ဖြစ်လျှင်…
  အမှားကိုပင် အမှန်ဟုထင်သွားလေတော့သည်။

## ဒဿနလက်ဆောင်

- ကလေးဘဝတွင် လူကြီးကိုအားကိုးသည်။
  အရွယ်ရလာသောအခါ…
  အချစ်ကိုအားကိုးကြပြန်သည်။
  အသက်အရွယ်ကြီးရင့်သောအခါ
  ကလေးကိုပြန်ပြီး အားထိုးကြရသည်။

- လောကွတ်လွန်ကဲခြင်းသည်
  နံ့အခြင်းမဟုတ်လျှင် လိမ်ညာခြင်းဖြစ်၏
  ပါးနပ်မှုလွန်ကဲခြင်းသည်.
  မသမာခြင်းမဟုတ်လျှင်…
  ကြောက်ရွံ့ခြင်းကြောင့်ဖြစ်၏။

- အမျိုးသမီးများ အချစ်ကို
  ငွေကြေးဖြင့်ရအောင် ကြိုးစားခြင်းသည်၊
  အချစ်အတုအယောင်ကို
  ငွေဖြင့်ဝယ်ယူခြင်းသာဖြစ်ပေသည်။

# (စာရေးသူ၏ အမှာစာ)

ယခုရေးသားသော ဝတ္ထုဇာတ်လမ်းမှာ.....
လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်ခန့်က ရန်ကုန်မြို့၌ ပြသသွားခဲ့သော( Triumph of A Man Called Horse) ရုပ်ရှင်ဇာတ်လမ်းမှကျော်ရှိ၊ လွန်ခဲ့သော အနှစ် နှစ်ဆယ်နီးပါးလောက်က ဆရာချစ်ဦးညိုရေးသားခဲ့သည့် ဘဂ္ဂနီ ဝတ္ထုဇာတ်လမ်းမှ ရေးဟန်ဖွဲ့စည်းမှုများကို ပေါင်းစပ်အခြေခံလျက်...ကျွန်တော်ထံမှ အချက်အလက်တို့ကိုပါ ပေါင်းစပ်ရေးသားခဲ့ခြင်း ဖြစ်ပါကြောင်း ဝန်ခံပါတယ်...

စာဖတ်သူများကို စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ

စာဖတ်သူများ မေတ္တာရိပ်အောက်မှ..

(စာရေးသူ)

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) - သွေးစက်များဖြင့် အကျည်းတန်သောနေရာ
အခန်း(၂) - အဆိပ်လမ်းနှင့်ကျွမ်းကျင်အပ်သောပညာ
အခန်း(၃)- နှင်းတောင်တန်းမှ အားစမ်းကြသောပွဲ
အခန်း(၄)- တောတောင်မာယာနှင့်ဆန်းကြယ်သောသစ်ပင်များ
အခန်း(၅)- တောနက်ထဲမှ အန္တရာယ်များ
အခန်း(၆)- နေဝင်ချိန်အလွမ်း..
အခန်း(၇)- တောင်ထိပ်ပေါ်မှပုံတင်သံများ..
အခန်း(၈)- အန္တရာယ်ကြားမှ အလှပန်းတစ်ပွင့်..
အခန်း(၉)- ရှပ်ထွေးပွေလီမ်ပင့်ကူအိမ်..
အခန်း(၁၀)- အချစ်ပန်းဖြင့် လန်းပါစေ..
အခန်း(၁၁)- မရဏာ ကျောက်ဂူတွင်းသို့တိုးဝင်မိခြင်း
အခန်း(၁၂)- ဒဿသို့မဟုတ်ကောက်ကျစ်သောမျက်နှာ
အခန်း(၁၃)- ရင်သို့တိုးဝင်လာသောမြားတစ်စင်း
အခန်း(၁၄)- နဂါးမြှုတောင်ကြားမှ အသက်လုပွဲ..
အခန်း(၁၅)- အကျဉ်းစခန်းမှ ကယ်တင်ရှင်..
အခန်း(၁၆)- မရဏာတောင်ကြားမှ သွေးကြွေးကာလုံစား
အခန်း(၁၇)- မကိုဗူရ ပုဏ္ဏား..





# အခန်း(၁)

## သွေးစက်တို့ဖြင့် အကျည်းတန်သောနေရာ

ကသည်းတောင်တန်း. . .၊ နာမည်က ခက်ထန်ကြမ်းတမ်းသည့်သဘောမျိုး သက်ဝင်နေသလို ထိုအရပ်ဒေသ၌နေကြသော ကသည်းလူမျိုးတို့သည်လည်း ကြမ်းတမ်းခက်ထန်မှုရှိကြလေသည်။

မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်မြေချင်းထိစပ်မှုရှိသောကြောင့်လည်း ၎င်းတို့နှင့် ထိတွေ့ပတ်သက်မှုရှိခဲ့ကြသည်။

ကောင်းသောပတ်သက်မှုမျိုး ရှိသကဲ့သို့ ခက်ထန်ကြမ်း

တန်သော တိုက်ပွဲများနှင့် ထိတွေ့ရသည်မျိုးလည်း ရှိကြသည်။ ကသည်းလူမျိုးများနေကြသောကြောင့် ကသည်းတောင်တန်းများဟု မူလကခေါ်ကြသော်လည်း နောက်ပိုင်းမှာ မဏိပူရတောင်တန်းများဟု ပြောင်းလဲခေါ်ဝေါ်မှုများ ရှိခဲ့ကြသည်။

ကသည်းတို့နှင့်သက်ဆိုင်သော နယ်များကိုလည်း မဏိပူရနယ်ဟုပင် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

မဏိပူရနယ်သည် အိန္ဒိယပြည်ထောင်စု နယ်နိမိတ်အတွင်း၌ ပါဝင်သော နယ်တစ်နယ်ဖြစ်သည်။

ရှေးခေတ် ဗြိတိသျှများ သိမ်းပိုက်အုပ်စိုးထားစဉ်အချိန်က မဏိပူရနယ်သည် အာသံဘုရင်၏ အုပ်ချုပ်ခြင်းလက်အောက်၌ ရှိခဲ့လေသည်။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း နယ်နိမိတ်များသတ်မှတ်ကြသောအခါ မဏိပူရသည် သီးခြားနယ်ပယ်တစ်ခု ဖြစ်လာလေသည်။

မဏိပူရသည် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်၌တည်ရှိသလို မိုင်ပေါင်း (၁၅၀၀)ကျော်မျှ ရှည်လျားသော ဟိမဝန္တာတောင်တန်းကြီး၏ အရှေ့ဘက် တောင်နှာမောင်းဆင်းသွားသောဘက်၌ တည်ရှိလေသည်။

အာသံပြည်နယ်နှင့် မြန်မာနိုင်ငံတို့၏အကြား၌ တည်ရှိပြီး အကျယ်အဝန်းအားဖြင့် (၈. ၄၅၆)စတုရန်းမိုင် အကျယ်အဝန်းမျှသာ ရှိသည်။





မြန်မာနိုင်ငံအကျယ်အဝန်းနှင့် နှိုင်းစာလျှင် မပြောပလောက်သည့် အကျယ်အဝန်းဖြစ်သည်။

ရန်ကုန်တိုင်းအကျယ်ဝန်း၏ နှစ်ဆသာသာလောက်သာ အကျယ်အဝန်းရှိပေသည်။

မြန်မာနိုင်ငံနယ်စပ်၌ရှိသောကြောင့် ရှေးမြန်မာဘုရင်များ အုပ်စိုးစဉ်အချိန်က မဏိပူရနယ်နှင့် မြန်မာတို့အချင်းဖြစ်ပွားလျက် မဏိပူရနယ်သည် မြန်မာတို့အာဏာစက် ပြန့်နှံ့ရာဒေသ ဖြစ်ခဲ့ဘူးပေသည်။

မြန်မာတို့ကတော့ မဏိပူရနယ်သားများကို ကသည်းလူမျိုးဟုသော်လည်းကောင်း၊ ၎င်းတို့နေထိုင်သောနယ်ပယ်ကိုလည်း ကသည်းတို့နယ်ဟုပင် ခေါ်ဝေါ်သတ်မှတ်ကြလေသည်။

မဏိပူရနယ်၏မြို့တော်သည် 'အင်ဖားမြို့' ဖြစ်သည်။ အင်ဖားမြို့သည် ချင်းတွင်းမြစ်၏ လက်တက်တစ်ခုဖြစ်သော မြစ်သာမြစ်အတွင်းစီးဝင်သော မဏိပူရမြစ်ဝှမ်းတွင်တည်ရှိလျက် မန္တလေးမြို့၏ မြောက်ဘက်အနောက်ယွန်းယွန်း မိုင်(၂၅၀)အကွာ၌ တည်ရှိလေသည်။

မဏိပူရနယ်သည် နယ်မြေကျဉ်းသော်လည်း တောထူထပ်သည်။ တောင်စဉ်တောင်တန်းများ ပေါများသည်။

နံဘေးပတ်လည်၌ တောင်များ၊ တောများ ဝန်းရံထားသော အလယ်ခေါင်ချိုင့်ဝှမ်းအတွင်း၌ တည်ရှိလေသည်။ မြို့နှင့်ရွာငယ်များရှိသော နေရာများမှလွဲပြီး အခြားနေရာအတော်များ

များတွင် တောင်မြင့်ကြီးများနှင့် တောနက်ကြီးများက နေရာယူဖုံးအုပ်ထားကြလေသည်။ ထိုတောနက်ကြီးများအတွင်း၌လည်း သားရဲတိရစ္ဆာန်တို့ ပေါများလှသည်။

ဆင်၊ ကြံ့၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ သမင်၊ ပြောင်၊ မျောက်ဝံ၊ လူဝံတို့ရှိကြသည်။

၎င်းနယ်နှင့် မဝေးလှသော ဘူတန်တောင်တန်းများပေါ်၌ နှင်းလူများရှိသည်ဟု အထောက်အထားများ တွေ့ရသလို မဏိပူရတောင်တန်းများပေါ်မှာလည်း နှင်းလူများရှိသည်ဟု ထင်ကြေးပေး ပြောဆိုမှုများ ရှိကြလေသည်။ ၎င်းတို့ထင်မည်ဆိုလျှင်လည်း ထင်စရာပါပေ။ မဏိပူရနယ်၏ အနိမ့်ဆုံးနေရာဟု သတ်မှတ်ထားသော မဏိပူရချိုင့်ဝှမ်းနေရာသည်ပင်. . . ပင်လယ်ရေမြင့်အထက်ပေပေါင်း (၂၆၀၀)ကျော်အမြင့်၌ တည်ရှိလေသည်။

တောင်တန်းအတော်များများတို့မှာ ပေပေါင်း (၅၀၀၀)၊ (၆၀၀၀)ကျော်မြင့်ကြပြီး အမြင့်ဆုံးတောင်မြင့်ကြီးများမှာ ပေပေါင်း (၁၀၀၀၀)ကျော်ထိ မြင့်လေသည်။

သစ်တောကြီးများ ဖုံးလွှမ်းနေကာ လူသူအရောက်အပေါက်နည်းသောကြောင့် အခြားသတ္တဝါများအပြင် နှင်းလူစသော ရှားပါးသော တိရစ္ဆာန်တို့ရှိမည်ဆိုလျှင်လည်း ငြင်းနိုင်စရာမရှိပါချေ။ တောင်မြင့်ကြီးများ ဝန်းရံထားသော ချိုင့်ဝှမ်းဒေသသည် စတုန်ရန်းမိုင် (၇၀၀)ခန့် အကျယ်အဝန်းရှိသည်။





ထိုနေရာတစ်ဝိုက်မှာပင် လူမျိုးပေါင်းစုံတို့ စုဝေးနေထိုင်ကြသည်။

တောင်ပေါ်ဒေသတွင် နေထိုင်သူများသည် နယ်ရှိ လူဦးရေ၏ (၃)ပုံ (၁)ပုံရှိ၍ လူမျိုးအုပ်စုခွဲပေါင်း (၄၀)မျှပါဝင်သည်။

ယင်းတို့အနက် အုပ်စုကြီး (၂)ခုမှာ နာဂနှင့် ကုကီလူမျိုးများဖြစ်သည်။

မြို့တော်ဖြစ်သော အင်ဖားမြို့အနီးတစ်ဝိုက်တွင် နေထိုင်သူတို့မှာ အများအားဖြင့် မေထေး(မဏိပူရီ)လူမျိုးများ ဖြစ်သည်။

မဏိပူရနယ်တွင် ပြောဆိုကြသော ဘာသာစကားအများအပြားပင် ရှိသော်လည်း မဏိပူရ(ကသည်း)နှင့် အင်္ဂလိပ်စကားတို့မှာ ရုံးသုံးဘာသာစကားများ ဖြစ်ကြသည်။

မဏိပူရနယ်တွင် နေထိုင်သော လူဦးရေမှာ (၁၉၅၉) ခုနှစ်တွင် ခန့်မှန်းအားဖြင့် (၅၇၇,၆၃၅)ဦးဖြစ်သည်။

များသောအားဖြင့် ဟိန္ဒူ၊ မွတ်စလင်၊ ခရစ်ယာန်နှင့် ဗုဒ္ဓအယူဝါဒီများဖြစ်ကြ၏။

မဏိပူရနယ်တွင် စပါးသည် အဓိကစိုက်ပျိုးသော ကောက်နှံဖြစ်၏။

ဆန်အသင့်အတင့်ကို နယ်အပသို့ ထုတ်ရောင်းသည်။

သစ်တောထွက်ပစ္စည်းများသည်လည်း အရေးပါသော ထုတ်ကုန်ဖြစ်သည်။

လက်ရက်ကန်းလုပ်ငန်းသည် နာမည်ရသောလုပ်ငန်းဖြစ်၏။ အလုပ်အကိုင်များတွင် အမျိုးသမီးများဦးစီးလုပ်ကိုင်သည်က များ၏။

မဏိပူရတွင် ထင်ရှားသော မြင်းတစ်မျိုးပေါက်ဖွား၍ ယင်းတို့ကို အမျိုးသားကစားပွဲတစ်ခုဖြစ်သော ပိုလိုကစားပွဲများတွင် အသုံးပြုသည်။

ယခုအခါတွင် မဏိပူရနယ်၌ လုပ်ငန်းများတိုးတက်အောင် အစိုးရက စီမံစိုင်းပြင်းလျက်ရှိလေသည်။

မဏိပူရနယ်သည် ရှေးအခါက တိုင်းရင်းမဟာရာဇာစော်ဘွားအုပ်ချုပ်ခံနယ်ဖြစ်၏။

ထိုနယ်သည် အတွင်းကျ၍ မထင်ရှားသော ချိုင့်ဝှမ်းတွင်တည်ရှိသဖြင့် အခြားနိုင်ငံများနှင့် အဆက်အစပ်မရှိသော်လည်း မြန်မာနိုင်ငံနှင့်ကပ်လျက်ရှိသောကြောင့် မြန်မာ့သမိုင်းတွင် ဘုရင့်နောင်လက်ထက်မှစ၍ဖော်ပြပါရှိသည်ကို တွေ့ရ၏။

သက္ကရာဇ်(၉၂၁)ခု၊ ဘုရင့်နောင်လက်ထက်တွင် ကလေးမင်းခင်းနယ်ပယ်များကို ကသည်းစော်ဘွားက ထိပါးလာသောကြောင့် ရဲမက်တော်တို့ ချီတက်ကြရသည်။

ကသည်းစော်ဘွားက သစ္စာထောက်ခံ၍ သမီးကိုဆက်သည်။

ဤသို့ဖြင့် ဘုရင့်နောင်လက်ထက်တွင် လက်ဆောင်ပဏ္ဏာများ ဆက်သလာသော်လည်း ကုန်းဘောင်ခေတ်အလျင်





က မြန်မာနိုင်ငံ ကစဉ့်ကရဲဖြစ်နေချိန်များတွင် ကသည်းတို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ကာ သောင်းကျန်းဖျက်ဆီးသည်။

ထို့သို့ထိပါးတိုက်ခိုက်ခဲ့သည်ကို တုံ့ပြန်သောအားဖြင့် ကုန်းဘောင်ခေတ် ခရစ် (၁၇၅၈)ခုနှစ် အလောင်းဘုရားလက်ထက်၊ (၁၇၆၄)ခုနှစ် ကုန်းဘောင်ဆင်ဖြူရှင်မင်းတရားလက်ထက်၊ (၁၈၁၉)ခုနှစ် ဘကြီးတော်ဘုရားလက်ထက်တို့တွင် မြန်မာတို့က မဏိပူရကသည်းပြည်ကို အောင်မြင်သိမ်းပိုက်ခဲ့၏။

ဘကြီးတော်ဘုရားလက်ထက်တွင် မဏိပူရ၊ ကသည်းစော်ဘွားမဟာရှိန်ရာဇာသည် လက်ဆောင်ပဏ္ဏာအဆက်အသမရောက်သဖြင့် (၁၈၁၉) ခုနှစ်တွင် ညီတော် ဒွါရဝတီမင်းသား၊ သတိုးမင်းရဲကျော်ထင်ကို ဗိုလ်ချုပ်ခန့်အပ်တော်မူ၍ တပ်များချီတက်သိမ်းယူစေရာ မဏိပူရတစ်မြို့လုံးကိုရ၍ အစောင့်တပ်များထားခဲ့ပြီးလျှင် ပြန်လာကြသည်။

ထိုမဏိပူရချီတပ်တွင် အလုံမြို့ဝန်မင်းကြီး မဟာဗန္ဓုလသည်လက်ဝဲကြောင်းစစ်ကဲ မင်းကြီးမင်းခေါင်ကျော်သည်လက်ျာကြောင်းစစ်ကဲ အဖြစ်ဖြင့် လိုက်ပါထမ်းရွက်ကြသည်။

မဏိပူရစော်ဘွားမဟာရှိန်ရာဇာကား ကချာနယ်သို့ထွက်ပြေးတိမ်းရှောင်မြန်မာပြ၍။

ကချာနယ်တိုက်ဘက်တိုက်နှစ်ကိုစော်ဘွားဟောင်း ချောဂျစ်ဆင် အုပ်ချုပ်နေနှင့်အထိ ဗိုင်ဘွားရှိ၍ ညီဖြစ်သူ ဂမ္ဘီရဆင်နှင့်ပူးပေါင်းပြီးလျှင် ချော်ကန်းလှန်လှ်သိ တိုက်ခိုက်နှင်ထုတ်၍ ကချာ

တွင် အခိုင်အလုံနေလေသည်။

ထို့နောက် မဟာရှိန်ရာဇာ၏သားသည် ကချာမှလာ၍ မဏိပူရမြို့စောင့် မြန်မာတပ်ကို တိုက်လာပြန်သဖြင့် သက္ကရာဇ် (၁၈၂၀)ပြည့်နှစ်တွင် မြန်မာတပ်များ စစ်ကူထပ်မံလာရောက်ပြီး တိုက်ခိုက်နှိမ်နင်းရပြန်သည်။

အင်္ဂလိပ်တို့သည် မြန်မာတို့တန်ခိုးဖြန့်လာသည်ကို စိုးရိမ်သဖြင့် ကချာစော်ဘွားဟောင်း ဂေါဝိန္ဒချန္ဒရာကို အားပေးကူညီပြီးလျှင် မဏိပူရစော်ဘွားတို့ကို ပင်စင်ရိက္ခာပေး၍အေးချမ်းစွာနေထိုင်စေသည်။

ထို့နောက် မြန်မာတပ်မတော်တို့က ကချာနယ်သို့ ချဉ်းနင်းဝင်ရောက်သည်တွင် အင်္ဂလိပ်နှင့် မသင့်မတင့် ဖြစ်ရသည်။ ဤသို့ မဏိပူရစော်ဘွားတို့ကို လိုက်လံတိုက်ခိုက်သည်မှ အစပြု၍ အင်္ဂလိပ်နှင့် မြန်မာတို့ စစ်ဖြစ်ကြသည်တွင် ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲအဆုံး ရန္တပိုစာချုပ်အရ မဏိပူရနယ်၊ ကချာနယ်တို့ကို မြန်မာတို့က အနှောင့်အယှက်မပြုရတော့ပေ။

ထိုသို့သောအကြောင်းကြောင့် မဏိပူရနယ်သည် မြန်မာတို့၏လက်မှ လွတ်မြောက်သွားသည်။

သို့ရာတွင် မဏိပူရစော် းသည် ထီးနန်းဆက်ခံရေးတွင် မသင့်မတင့်အငြင်းပွ ဖြစ်ခဲ့၏။

ခရစ် (၁၈၉၁) ခုနှစ်တ ကခံမှုနှင့် စပ်လျဉ်း၍ အငြင်းပွားသည်တွင် အာသံ ်တော်မင်းကြီးချုပ်က





နှိမ်နင်းရန် ဂေါ်ရခါးစစ်သည် (၄၀၀၀)နှင့် ဝင်ရောက်လာ၍ တိုက်ပွဲ များဖြစ်ပွားခဲ့၏။

မဏိပူရကသည်းတို့က ဗြိတိသျှကိုယ်စားလှယ်တော်အိမ်ကို တိုက်ခိုက်ခဲ့ကြသည်။

ထိုနောက် နှစ်ဘက်သဘောတူ အတိုက်အခိုက်ရပ်စဲနေခိုက်တွင် ဝန်ရှင်တော်မင်းကြီးချုပ်နှင့် ဗြိတိသျှကိုယ်စားလှယ်တော်တို့သည် အခြားဗြိတိသျှအရာရှိ (၃)ဦးနှင့်အတူ ဥပါယ်တံမျဉ်ဖြင့် ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံရသည်။

နောက်တစ်လအကြာတွင် ဗြိတိသျှစစ်တပ်က မဏိပူရကိုသိမ်းပိုက်ပြီးလျှင် ယင်းနယ်တည်ရှိရေးကို အသိအမှတ်ပြု၍ အုပ်စိုးသော မင်းနွယ်မှဆင်းသက်လာသော (၅)နှစ်သားရွယ် မင်းသားကလေး ချူရာချန်အား စော်ဘွားခန့်အပ်ကာ ထိုစော်ဘွား အရွယ်မရောက်မီစပ်ကြား ဗြိတိသျှတို့က ကွပ်ကဲ၍အုပ်ချုပ်သည်။

ခရစ် (၁၉၀၇)၌ စော်ဘွားအရွယ်ရောက်သည်တွင် အုပ်ချုပ်ရေးအာဏာကို ပြောင်းယူလိုက်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းဖြစ်သော (၁၉၄၄)ခုနှစ်က မဏိပူရနယ်အတွင်း မြန်မာပြည်၌ တပ်စွဲလျက်ရှိသော ဂျပန်တပ်များက ဝင်ရောက်တိုက်ခိုက်ကာ အင်ဖားမြို့တော်ကိုပင် ထိုနှစ်မတ်လမှ ဇွန်လအထိ ဝိုင်းရံထားခဲ့သော်လည်း ဗြိတိသျှနှင့် အိန္ဒိယတပ်များက တွန်းလှန်လိုက်၏။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ မဏိပူရနယ်သည် အာသံနှင့်မဆိုင်တော့ဘဲ သီးခြားနယ်ဖြစ်လာသည်။

ကသည်းတို့သာ နေထိုင်မှုများသော ကသည်းတောင်တန်းများနှင့် တောနက်ကြီးများထဲမှာ မြင်းရိုင်းများပေါက်ဖွားလေသည်။

ကသည်းတို့သည် ထိုမြင်းရိုင်းတို့ကို ဖမ်းဆီးအသုံးချကြရာမှ မြင်းရိုင်းဖမ်းကျွမ်းကျင်သူများ ဖြစ်လာကြသည်။

ထိုမှတစ်ဆင့် မြင်းစီးကျွမ်းကျင်သူတို့ ဖြစ်လာကြသည်။ လေးမြားအတတ်ကျွမ်းကျင်ကြသည်။

ဓားခုတ်လှံထိုး ကျွမ်းကျင်ကြလေသည်။

၎င်းတို့နေထိုင်သော အရပ်ဒေသများမှာ တောတောင်ထူထပ်သောဒေသများ ဖြစ်သဖြင့် အခြားယာဉ်များ အသုံးပြုလျက်သွားလာ၍မရကြပေ။

ထို့ကြောင့် မြင့်များသည်၎င်းတို့အတွက် မရှိမဖြစ်သောတိရစ္ဆာန်များဖြစ်ကြလေသည်။

တောတောင်များကို ဖြတ်သန်းပြီး၊ ခရီးဝေးသွားလာကြရာတွင်သော်လည်းကောင်း၊ တိုက်ပွဲများဆင်နွှဲရာ၌သော်လည်းကောင်း၊ အမဲလိုက်ရာ၌သော်လည်းကောင်း ၎င်းတို့စနစ်တကျမွေးမြူလေ့ကျင့်ပေးထားသော မြင်းများကို ကောင်းစွာအသုံးချကြလေသည်။

မြင်းစီးကျွမ်းကျင်ကြသောအခါ နောက်ပိုင်းတွင် မြင်းစီး





ကစားနည်းတစ်မျိုးကိုပါ ပြုလုပ်ကြသည်။

မဏိပူရနယ်တွင် မြင်းစီးကျွမ်းကျင်သော သူရဲကောင်းများ ပေါ်ပေါက်လာသလို နယ်ချဲ့များကိုတော်လှန်ပုန်ကန်လိုသော သူပုန်တပ်အချို့လည်း ပေါ်ပေါက်လာလေသည်။

မဏိပူရနယ်တွင် (၁၈၅၀)ပြည့်နှစ်အလွန်မှ (၁၉၀၀)ပြည့်နှစ်အလွန်ကာလ အချိန်များအတွင် များစွာရှုပ်ထွေးသောအချိန်ကာလများဆိုပါက မမှားပေ။ အဘယ်ကြောင့်ဆိုသော် . .

ဗြိတိသျှနယ်ချဲ့တို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း ပိုမိုရှုပ်ထွေးလာခဲ့ခြင်း ဖြစ်ပေသည်။

၎င်းတို့ကို မကျေနပ်သောကြောင့် တော်လှန်ပုန်ကန်နေကြသော မျိုးချစ်တော်လှန်ရေးသမား တပ်များအပြင် တောမီးလောင် တောကြောင်လက်ပမ်းပေါက်ခတ်ဆိုသကဲ့သို့ တောပုန်းသောင်းကျန်းသူတို့တပ်များလည်း ရှိကြလေသည်။

၎င်းတောပုန်းတပ်တို့မှာ မြင်းစီးကျွမ်းကျင်ရုံမက တောတောင်သဘာဝကျွမ်းကျင်ကြသောကြောင့် လိုက်လံဖမ်းဆီးရန်မလွယ်ကူကြပေ။

နယ်ချဲ့ဗြိတိသျှတို့က နယ်မြေဒေသကျဉ်းမြောင်းလှသော မဏိပူရနယ်အား သိမ်းပိုက်ကြသောရည်ရွယ်ချက်မှာ ထိုနယ်မှထွက်သော ရွှေများကို လိုချင်ကြသောကြောင့်ဖြစ်သည်။

ရှေးအခါက အိန္ဒိယနိုင်ငံအဝှမ်းမှာ စိန်နှင့်ရွှေများ အမြောက်အမြားထွက်သည့်နေရာများ ရှိကြသည်။

ကမ္ဘာပေါ်မှာ ဦးစွာစိန်ထွက်သော နေရာများထဲတွင် ထိပ်ဆုံးမှပါဝင်သော အိန္ဒိယသည် ကမ္ဘာကျော်စိန်များလည်း ထွက်ခဲ့လေသည်။

(ထိုစိန်ကြီးများအကြောင်းကို အခြားရေးသားပြီးသော စာအုပ်တစ်အုပ်ထဲမှာ ပြည့်စုံအောင်ရေးသားဖော်ပြထားခဲ့ပြီး ဖြစ်လေသည်။)

အိန္ဒိယနိုင်ငံသည် ကမ္ဘာကျော်စိန်ကြီးများ အပါအဝင် စိန်အမြောက်အမြားထွက်သည်သာမက ရွှေထွက်မှုအများဆုံး နေရာလည်း ရှိသည်။

နေရာအနှံ့အပြားတွင် ရွှေအမြောက်အမြားထွက်သော ရွှေတွင်းများရှိသည်။

အချို့လူသိသော ရွှေတွင်းများဖြစ်ပြီး အချို့ရွှေတွင်းများမှာ လျှို့ဝှက်စွာရှိနေကြလေသည်။

ထိုကဲ့သို့ပင် အိန္ဒိယနိုင်ငံနယ်နိမိတ်အတွင်းမှာ ပါဝင်သော မဏိပူရသည်လည်း စိန်နှင့်ရွှေ အထွက်များသော နေရာ တစ်နေရာ ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံသေးသော်လည်း ချမ်းသာကြွယ်ဝသော နေရာတစ်ခုဆိုတာမမှားပေ။

နေရာအနှံ့တွင် ရွှေထွက်သည့် ရွှေတွင်းပေါင်းများစွာ ရှိနေပြီး အချို့ရွှေတွင်းများမှာ လူမသိနိုင်သော နေရာများ၌ ရှိကြလေသည်။





ထိုရွှေတွင်းများရှိသောနေရာတို့မှာ လူသူအရောက် နည်းသောနေရာများ ဖြစ်ကြသည်။

အကယ်၍. . ထိုရွှေတွင်းများရှိသောနေရာသို့ သွားရောက်ကြမည်ဆိုသော် မလွယ်ကူလှပေ၊ ရောက်သွားပြီးလျှင် အသက်ရှင်လျက်နှင့် ပြန်လာနိုင်သော အခွင့်အရေး မရှိကြပေ။

ထိုရွှေတွင်းများရှိသောနေရာများကို ဒေသခံများကသာ သိကြသည်။ ဒေသခံများက ထိုနေရာများကို သိသော်လည်း မည်သူကိုမျှ မပြောပြပေ။ အထူးသဖြင့် နယ်ချဲ့များသိမည်စိုးသောကြောင့်လျှို့ဝှက်စွာ ထားကြလေသည်။

ထိုအကြောင်းကို ရိပ်မိသော နယ်ချဲ့များက ဒေသခံအချို့ကိုစည်းရုံးသိမ်းသွင်းပြီး အသုံးချရန်ကြိုးစားလာကြလေသည်။ သူတို့၏ အစီအစဉ်များမှာ ဒေသခံအချင်းချင်း မသင့်မြတ်အောင် သွေးထိုးရန်တိုက်ပေးပြီး အမြတ်ထုတ်ရန် ကြိုးစားလာကြခြင်းဖြစ်သည်။

ထိုအခါ ယခင်ကအေးချမ်းသော နေရာများမှာ မငြိမ်မသက်ဖြစ်လာကြသည်။

ယခင်က သင့်မြတ်နေသော ဒေသခံအချင်းချင်း. . အထင်မြင်လွဲမှားလာပြီး ဒေသတွင်းစစ်ပွဲများဖြစ်လာတော့သည်။ ထိုကဲ့သို့ ရှုပ်ထွေးလာသည်နှင့်အမျှ ဒေသခံများသာ အထိနာကြလေတော့သည်။

အိမ်ကြက်ချင်း အိုးမည်းသုတ်ပေးပြီးတိုက်တော့ အထင်

များကာ အသေအကျေတိုက်ခိုက်ကြသောအခါ သာယာလှပသော မဏိပူရတောင်တန်းဒေသများပေါ်မှာ သွေးစက်များဖြင့် အကျည်းတန်ခဲ့ရလေတော့သည်။





# အခန်း(၂)

## အဆိပ်လမ်းနှင့် ကျွမ်းကျင်အပ်သောပညာ

ရှေ့အခန်းမှာ ရေးသားဖော်ပြခဲ့သည့်အတိုင်း ကသည်းတောင်တန်း သို့မဟုတ် မဏိပူရတောင်တန်းများမှာ တောင်မြင့်ကြီးများ၊ တောအုပ်ကြီးများ ဖုံးလွှမ်းထားသောကြောင့် လူနေထိုင်သောနေရာအချို့သာ ရှိသည်။

ထိုသို့နေထိုင်ရာမှာလည်း သီးခြားနေကြခြင်းမျိုးမဟုတ်ဘဲ ကိုယ့်မျိုးနွယ်စုနှင့်ကိုယ် အတူတကွနေကြခြင်းဖြစ်သည်၊ အမှန်တော့ မဏိပူရတောင်တန်းများပေါ်တွင် နေထိုင်ကြသော

ကသည်းတို့မှာ လူမျိုးပေါင်း (၄၀)ကျော်မျှရှိသည်ဆိုသော်လည်း အဓိကကျသော မျိုးနွယ်စုများကတော့ များများမရှိပေ။

ကသည်းလူမျိုးတို့တွင် 'ကုကီချင်း' အစုဝင် ချင်းအမျိုးအနွယ်ဝင်အချို့ ပါဝင်ကြောင်း တွေ့ရသည်၊

ကုကီချင်းအစုကိုပင် မေထေးနှင့်ချင်းရိုးရိုးဟု နှစ်စုခွဲထားရာ ကသည်းတို့သည် ပထမအစုဖြစ်သော မေထေးတို့တွင် အပါအဝင်ဖြစ်ပေသည်။

'မေထေး'မှာ မဏိပူရပြည်သားတို့ကို ခေါ်ဝေါ်သည့် အခေါ်အဝေါ်တစ်မျိုးဖြစ်သည်၊ မဏိပူရပြည်နှင့် မေထေးတို့ကိုပင် မြန်မာတို့က ကသည်းပြည်နှင့် ကသည်းလူမျိုးဟု ခေါ်ဝေါ်ကြလေသည်။ ခရစ်နှစ် (၁၇၅၈) ခုနှစ်နောက်ပိုင်းတွင် ကသည်းလူမျိုးတို့ မြန်မာနိုင်ငံအတွင်းသို့ စတင်ရောက်ရှိလာကြခြင်းဖြစ်သည်။

(၁၇၅၈)ခုနှစ် အလောင်းဘုရားလက်ထက်၊ (၁၇၆၄)ခုနှစ် ကုန်းဘောင်ဆင်ဖြူရှင် မင်းတရားလက်ထက်၊ (၁၈၁၉)ခုနှစ် ဘကြီးတော်လက်ထက်တို့တွင် မြန်မာတို့က မဏိပူရ ကသည်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ကသည်းလူမျိုးတို့ကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာရာမှ စတင်ရောက်လာကြခြင်း ဖြစ်သည်၊

ထိုသို့ခေါ်ဆောင်လာသူတို့တွင် ပိုးထည်ရက်လုပ်ရာတွင် ဆန်းကြယ်လှပပြီး ခက်ခဲလှပသော အဆင်အသွေးများ၊





အရောင်များပေါ်အောင် ရက်လုပ်တတ်သည့် ရက်ကန်းပညာသည်များ၊ အာကာသသျှတ္တရကျမ်း၊ နက္ခတ်ပညာ၊ ဗေဒင်ပညာ၊ သဘင်ပညာတို့တွင် ထူးချွန်သောပညာသည်များ၊ မြင်းစီးအတတ်တွင် အထူးကျွမ်းကျင်လှသော မြင်းသည်တော်တို့ ပါဝင်လာကြလေသည်။

ထိုကဲ့သို့ ထက်မြက်လှသော အတတ်ပညာထူးချွန်သူတို့အား ဘုရင်က နေရာထိုင်ခင်းများပေးပြီး အမှုတော်ထမ်းရွက်စေသည်။

လောကီကျမ်း၊ နက္ခတ်နှင့် ဗေဒင်ပညာကျွမ်းကျင်ကြသော ကသည်းတို့မှာ ဘုရင်ဧကရာဇ်တို့၏ အတိုင်ပင်ခံ၊ မင်းဆရာများအဖြစ် အမှုတော်ထမ်းရွက်ရသည်အထိ အဆင့်အတန်းရှိခဲ့ကြလေသည်။

တောင်တန်းဒေသများမှာတော့ ထိုအမျိုးအနွယ်များမှ ကွဲပြားလာသောမျိုးနွယ်စုအချို့ ရှိကြသည်။

ကိုယ့်အစုနှင့်ကိုယ် စုပေါင်းနေထိုင်ကြသည်။

၎င်းတို့သည် အမဲလိုက်သောအလုပ်ကို များစွာဝါသနာပါပြီး လက်ဖက်စသောသီးနှံစိုက်ခင်းတို့ကိုတော့ အနည်းငယ်မျှသာလုပ်ကိုင်စားသောက်ကြသည်။

တောင်တန်းများနှင့်၊ တောနက်ကြီးများအတွင်း၌ နေထိုင်ကြသောလူတို့သည် အတိုက်အခိုက် အသတ်အပုတ်ကျွမ်းကျင်ပြီး ဝါသနာလည်းပါကြသည်။

☺ အောင်မြင်စာပေ ☺

၎င်းတို့ ကျွမ်းကျင်စွာအသုံးပြုသောလက်နက်မှာ လေးနှင့်မြားဖြစ်သည်။ အဆိပ်လူးသောမြားတံများကို လင်းလေးဟုခေါ် သော ကိုင်းလေးများနှင့်သော်လည်းကောင်း၊ ဒူးလေးများ၌သော်လည်းကောင်း တပ်ဆင်အသုံးပြုကြလေသည်။

မြားတံမှာ အသုံးပြုသည့် အဆိပ်တို့ကိုလည်း ကိုယ်တိုင်ပင်ဖော်စပ်အသုံးပြုကြသည်။

အဆိပ်ပင်မှရသော အဆိပ်စေးသည်လည်းကောင်း၊ ပင့်ကူနက်၊ တောကြီးမြွေဟောက်စသော အဆိပ်ပြင်းသော သတ္တဝါတို့မှ အဆိပ်ရေများကိုရအောင် ကြံစည်ပြီးမှ အခြားအဆိပ်များဖြင့် ရောစပ်ကာ အဆိပ်အဖြစ်အသုံးပြုကြလေသည်။

(ထိုအဆိပ်များရရှိအောင် သက်စွန့်ဆံဖျား ကြိုးစားယူရပုံများကို ရှေ့အခန်းများတွင် ရေးသားဖော်ပြပေးပါမည်)

၎င်းတို့မျိုးနွယ်စုအချင်းချင်း၊ နယ်မြေအတွက်သော်လည်းကောင်း၊ ရွှေတွင်းများအတွက်သော်လည်းကောင်း တိုက်ခိုက်ကြရာတွင် ကြောက်စရာကောင်းလှသည်။ ဓားလှံလက်နက်များအပြင် ထိလိုက်သည်နှင့် သေဆုံးစေနိုင်သော အဆိပ်လူးမြားတံတို့ကို အသုံးပြုကြသဖြင့် လူအသေအပျောက်များစွာရှိကြသည်။

မဏိပူရတောင်တန်းကြီးတစ်နေရာတွင် နာမည်ကျော်လှသော တောင်ကြားတစ်ခုရှိသည်။

ထိုတောင်ကြား၏ မူလအမည်မှာ 'နဂါးဖြူတောင်





ကြား' ဖြစ်သော်လည်း ဒေသခံအတော်များများကတော့ 'သေမင်းတောင်ကြား သို့မဟုတ် မရဏတောင်ကြားဟုပင် ခေါ်ဝေါ်ကြလေသည်။

ထိုတောင်ကြားသည် နက်ရှိုင်းသည်၊ ကြောက်စရာကောင်းသည်။

အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ တောင်မြင့်ကြီးများနှင့် တောနက်ကြီးများရှိသည်။

ထိုတောနက်ကြီးများအတွင်းမှာ အန္တရာယ်ပေးနိုင်ကြသည့် သားရဲတိရစ္ဆာန်တို့က နေရာမလပ်ရှိနေကြသည်။

တောင်ကြားထဲမှာ ရွှေတုံးရွှေခဲတို့ အမြောက်အမြားရှိသောနေရာတစ်နေရာရှိသည်။

ထိုနေရာမှာ လျှို့ဝှက်သောနေရာ၌ ရှိသောကြောင့် တွေ့ဖူးသူ၊ ရောက်ဖူးသူ အတော်ပင်နည်းလှသည်။ အချို့လည်း သက်စွန့်ကြိုးပမ်းနှင့် ထိုနေရာကိုဆင်းပြီး ရှာဖွေကြသည်။

အချို့ရွှေတုံးရွှေခဲအချို့ကို ရရှိပြီးယူဆောင်လာနိုင်ကြသည်။ အချို့လည်း အဆင်းလမ်းသာရှိပြီး အပြန်လမ်းမရှိတော့ဘဲ မပြန်လမ်းသို့ သွားကြရလေသည်။

သေမင်းတောင်ကြား၏ အောက်ခြေတွင် ဂူပေါက်အချို့ရှိသည်။

အချို့ဂူကြီးများမှာ ကျယ်ဝန်းပြီး အတွင်းလမ်းဆုံးသည်အထိ မည်သူမှမရောက်နိုင်ကြပေ။

ရှေးလူကြီးအချို့ကတော့ ထိုဂူကြီးများ၏အတွင်းမှ သမ်းဆုံးအောင် သွားမည်ဆိုပါက ဗြဟ္မာ့ပုတ္တရမြစ်အထိ ပေါက်နိုင်၊ ရောက်နိုင်သည်ဟုပြောသည်။

နက်ရှိုင်းလှသော ထိုဂူကြီးများအတွင်း၌ မြွေတစ်မျိုးရှိသည်။

ဦးခေါင်းမှာအမောက်ပါပြီး မျက်လုံးနှစ်လုံးက ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီကာ တစ်ကိုယ်လုံးထုံးကျောက်ကဲ့သို့ ဖြူဖွေးနေကြသော မြွေဖြူများဖြစ်သည်။

အချို့ကတော့ နဂါးဖြူများဖြစ်သည်ဟု ထင်ကြသည်။

ထို့ကြောင့်လည်း ထိုတောင်ကြားကိုမူလက 'နဂါးဖြူတောင်ကြား'ဟု အမည်ပေးထားကြခြင်းဖြစ်သည်။

ဒေသခံများပြောသလို နဂါးဖြူများဖြစ်သည်၊ မဖြစ်သည် အမှန်မသိရသော်လည်း ထိုမြွေများမှာ အဆိပ်ပြင်းသည်ကတော့ အမှန်ပင်ဖြစ်သည်။

အလင်းရောင်ကြောက်သော ထိုမြွေဖြူများသည် အစဉ်သဖြင့်အမှောင်ထဲမှာပင် နေကြသည်။

ဆူညံသောအသံများကို မကြိုက်သောကြောင့်လည်း လူသူကင်းဝေးရာ တိတ်ဆိတ်သော ဂူအတွင်းပိုင်းနေရာများမှာ နေထိုင်ကြလေသည်။

အပြင်မှဝင်လာသော လူတို့ကအမှောင်ဖုံးနေသော ဂူအတွင်းရောက်သည်နှင့် မီးဟုတ်၊ မီးတိုင်များ အသုံးပြုကြ





သည်။

အလင်းရောင်ရသည်ဆိုသော်လည်း အမှောင်ရိပ်ထဲမှာခိုနေသော မြွေဖြူများကအန္တရာယ်ပေးသောကြောင့် အဆိပ်သင့်ပြီးသေကြရသည်။

အလင်းရောင်မကြိုက်သော မြွေဖြူတို့ကအပြင်သို့ထွက်လာပြီး အန္တရာယ်ပေးသည်တော့မဟုတ်ပေ။

အမှောင်ရိပ်ထဲမှ ဒေါသတကြီးနှင့် အဆိပ်ငွေ့များမှုတ်ထုတ်လိုက်ရာ ထိုအခိုးအငွေ့များထိသည်နှင့် သေကြရခြင်းဖြစ်သည်။

ထိုကဲ့သို့ကြောက်စရာကောင်းသော အန္တရာယ်များရှိနေသော်လည်း နဂါးဖြူတောင်ကြားတစ်နေရာတွင် ရွှေတုံးရွှေခဲများ အစုအပုံလိုက်ရှိသည်ကို သိထားသူများက အရဲစွန့်ပြီး ဆင်းရှာကြသည်။

အချို့လည်း သင့်တော်သလောက်ရှာဖွေရရှိပြီး အပေါ်သို့ပြန်တက်လာနိုင်ကြသည်။

အချို့လည်းပြန်မတက်လာနိုင်တော့ပေ။

မည်သို့ပင်ရှိစေ နဂါးဖြူတောင်ကြားတစ်ဝိုက်မှာ ရှိသည်ဆိုသော ရွှေတွင်းကိုတော့ အားလုံးကစိတ်ဝင်စားကြလေသည်။

သို့သော်လည်း ထိုနေရာသို့ လွယ်လွယ်ကူကူဝင်ရောက်ခွင့်ရသည်မျိုးတော့မဟုတ်ပေ။

နဂါးဖြူတောင်ကြားနှင့် အနီးတစ်ဝိုက်တွင် မျိုးနွယ်စု

များနေသောရွာများရှိကြသည်။

ထိုရွာများမှာ နေကြသူများက ရွှေတွင်းရှိသောနေရာသို့ အခြားသူများအား ဝင်ခွင့်မပေးပေ။

၎င်းတို့ ဘိုးဘွားပိုင်အမွေအနှစ်တစ်ခုကဲ့သို့ ထိမ်းသိမ်းစောင့်ရှောက်ထားကြလေသည်။

နဂါးဖြူတောင်ကြားမှာ တောင်နှင့်မြောက်သွယ်တန်းထားပြီး အရှေ့နှင့်အနောက်ဘက်ကို ပိုင်းခြားထားသော မျဉ်းတစ်ကြောင်းသဖွယ် ရှိလေသည်။

အနောက်ဘက်တွင် သေလာယက္ခရွာရှိသည်။

ထိုရွာ၌ သက်မျိုးနွယ်စုများ စုဝေးနေထိုင်ကြသည်။

အရှေ့ဘက်တွင် ကတ္တရံရွာရှိသည်။

ထိုရွာတွင် ကနန်မျိုးနွယ်စုများ နေကြသည်။

ကတ္တရံရွာမှာရှိသော ကနန်မျိုးနွယ်စုများ၏ ခေါင်းဆောင်မှာ မြွေဟောက်နက်ဟု အမည်ရှိသော 'ဇမုန်းထန်'က ခေါင်းဆောင်လေသည်။

အနောက်ဘက် သေလာယက္ခရွာကို စီမံအုပ်ချုပ်သူမှာ ထမန်းနက်ဟု ဘွဲ့အမည်ပေးထားသာ ဦးဒိဗ္ဗကခေါင်းဆောင်လေသည်။

ထိုနှစ်ရွာမှာ မျိုးနွယ်စုချင်းမတူသလို သင့်မြတ်မှုလည်း မရှိကြပေ။

အဓိက ပြဿနာမှာ နဂါးဖြူတောင်ကြားမှာရှိသော ရွှေ





တွင်းများကို သူပိုင်သင့်သည် ငါပိုင်သင့်သည်ဆိုသော ပြဿနာပင်ဖြစ်သည်။

ရွှေတွင်းများမှာ တောင်ကြားတစ်နေရာတွင် သဘာဝအတိုင်းလျှို့ဝှက်စွာဖြင့် ရှိနေကြသည်။

သူ့မှာဘာပြဿနာမှမရှိပေ။

ပြဿနာမရှိသော ရွှေတွင်းများကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားနေသူများသာ မကြာခဏပြဿနာဖြစ်နေကြခြင်း ဖြစ်လေသည်။

သူတို့ပြဿနာက သေးငယ်သောပြဿနာမျိုးတော့ မဟုတ်ပေ၊ အသက်၊ သွေးတို့ဖြင့် ရင်းနှီးပေးဆပ်ရသော ပြဿနာဖြစ်ကြသည်။

ရာသီဥတုဆိုးဝါးနေသော အချိန်များတွင် အေးချမ်းစွာနေကြသော်လည်း နွေဦးကာလကဲ့သို့ ရာသီဥတုသာယာလျှင် တစ်ရွာနှင့် တစ်ရွာစစ်တိုက်ရန် စစ်ပြင်ကြတော့သည်။

ဓားလှံ၊ လေးမြားလက်နက်များ ပြင်ဆင်ခြင်း၊ တိုက်ခိုက်မှုစွမ်းအားကို အလေ့အကျင့်ရစေရန် သင်ကြားလေ့ကျင့်ပေးခြင်း၊ လူသူလက်နက်စုဆောင်းခြင်း၊ တိုက်ခိုက်မှုနည်းဗျူဟာများကို လေ့ကျင့်ခြင်းများပြုလုပ်ကြလေသည်။

သက်မျိုးနွယ်ခေါင်းဆောင်ဦးဒိဗ္ဗမှာ အားကိုးရသောသားတစ်ယောက်ရှိသည်။

နီမောင်ပင်ဖြစ်သည်။

နီမောင်မှာ အသက် (၂၅)နှစ်အရွယ်ရှိနေပြီး ကြံ့ခိုင်သန်မာသော လူရွယ်တစ်ဦးဖြစ်သည်။

သူသည်အသားညိုညို၊ အရပ်အနည်းငယ်မြင့်ပြီး ကိုယ်ခန္ဓာအချိုးအစား ကျစ်လစ်သည်။

မိခင်ကိုယ်တိုင် လက်ဖြင့်ချုပ်ပေးသောသားရေဖြင့် ပြုလုပ်ထားသည့် ကိုယ်ကျပ်အင်္ကျီ၊ ဒူးဆစ်လောက်သာရှိသော ဘောင်းဘီ၊ ခြေသိုင်းဖိနပ်တို့ကို အမြဲဝတ်ဆင်သူဖြစ်သည်။

နီမောင် မိခင်ဖြစ်သူမယ်နန်းမွှံက သားအတွက်အသုံးအဆောင်ပစ္စည်းများကို သူမကိုယ်တိုင်လက်ဖြင့် ချုပ်လုပ်ပေးသည်၊ အင်္ကျီ၊ ဘောင်းဘီ၊ ခြေသိုင်းဖိနပ်၊ ခါးစည်းကြိုး၊ ဓားထည့်သောအိတ်၊ မြားထည့်သောအိတ်၊ နဖူးစည်းအထိ ချုပ်လုပ်ပေးသည်။

ဝက်ဝံရေစသောသားရေများဖြင့် ချုပ်လုပ်ပေးထားသော ထိုအသုံးအဆောင်ပစ္စည်းတို့ကို နီမောင်ကလည်း အမြတ်တနိုးထားကာ အမြဲဝတ်ဆင်လေသည်။

မိခင်ဖြစ်သူက အချုပ်အလုပ်ကောင်းသူဖြစ်သလို ဖခင်ဖြစ်သူကလည်း အတိုက်အခိုက်ကောင်းသူဖြစ်သည်။

ဓားချင်း၊ လှံချင်း၊ ကပ်ပါးချင်းပဲယှဉ်ယှဉ်၊ လေးမြားချင်းပင်ယှဉ်ယှဉ်၊ မဏိပူရတောင်တန်းများပေါ်မှာ သူ့ကိုယှဉ်နိုင်သူမရှိသလောက်ပင်၊ တိုက်ခိုက်မှုစွမ်းရည်ကောင်းသလို မြင်းစီးကျွမ်းကျင်သူလည်းဖြစ်သည်။





အလေ့အကျင့်ရှိပြီးသော မြင်းများမဆိုထားနှင့်၊ မြင်းရိုင်းများကိုပင် ကျွမ်းကျင်စွာစီးနိုင်သူဖြစ်သည်။

သူသည် ဒူးလေးကိုသာကိုင်ဆောင်လေ့ရှိပြီး သူကိုင်သော ဒူးလေးညို့ကြိုးကို တော်ရုံလူတို့ မတင်နိုင်ပေ။

ဦးဒိဗ္ဗသည် တောကျွမ်းသူတစ်ဦးဖြစ်သည့်အပြင် သားကောင်မျိုးစုံတို့ကို ပစ်ခတ်ဖမ်းဆီးနိုင်သည့် မုဆိုးတစ်ဦးလည်းဖြစ်သည်။

သူကျွမ်းကျင်သော တိုက်ခိုက်မှုပညာများနှင့် တောလိုက်ခြင်း မုဆိုးအတတ်ပညာတို့ကို သားဖြစ်သူနီမောင်ကိုလေ့ကျင့်သင်ကြားပေးထားလေသည်။

ထို့ပြင်အဆိပ်ရှာဖွေနည်းနှင့် အဆိပ်ဖော်စပ်ပုံတို့ကိုလည်း သင်ကြားပေးထားခဲ့လေသည်။

နီမောင်က မြားပစ်လက်ဖြောင့်သူတစ်ဦးဖြစ်သော်လည်းသူကိုင်ဆောင်သည်က ဒူးလေးတော့မဟုတ်ပေ၊ လင်းလေးဟုခေါ်သော ကိုင်းလေးပင်ဖြစ်သည်။

သူကိုင်သောလေးမှာ ကိုင်းသန်သောကြောင့် ညို့ကြိုးကိုသာမန်လူ မတင်နိုင်ပေ. . ။

ထိုလေးဖြင့် သံချွန်တပ်ထားသော မြားတံကိုအသုံးပြုပြီးပစ်ပါက မည်သည့်သားကောင်မဆို ထုတ်ချင်းခတ်ဖောက်ထွက်နိုင်ပြီး တော်ရုံအတားအဆီးများပင် ပေါက်လေသည်။

နီမောင်က သူသုံးသောမြားတံကို ကိုယ်တိုင်စိတ်တိုင်း

ကျွမ်းကျင်သူများက အသုံးပြုသောအဆိပ်ကို ကိုယ်တိုင်ဖော်စပ်နိုင်သူဖြစ်သည်။

တောလိုက်မုဆိုးများအဖို့ လေးနှင့်မြားကောင်းဖို့ လိုအပ်သလို အသုံးပြုသည့် အဆိပ်ကောင်းဖို့လည်း အရေးကြီးလှသည်

ထို့ကြောင့် မုဆိုးကောင်းတို့မည်သည် အဆိပ်ကိုကိုယ်တိုင်ဖော်စပ်နိုင်ကြရသည်။

အဆိပ်ရရှိအောင်နည်းလမ်းသုံးမျိုးဖြင့် ရှာဖွေကြရလေသည်၊ ပထမတစ်နည်းမှာ အဆိပ်ပင်မှ အဆိပ်ထုတ်ယူသောနည်းဖြစ်သည်။

အဆိပ်ပင်မှာ နေရာတိုင်းမှာ မရှိပဲ. . တောနက်ကြီးများထဲတွင်သာ တစ်ပင်တလေတွေ့နိုင်သည်။

အဆိပ်ပင်အောက်ရောက်သွားလျှင် လူဖြစ်စေ. . တိရစ္ဆာန်ဖြစ်စေ. . မူးမေ့လဲကျကာ အချိန်ကြာသည့်နှင့် သေဆုံးသွားနိုင်သည်၊

အဆိပ်ပင်အပွင့်ပွင့်သော အချိန်တွင်လေအောက်မှာရှိနေသည့်အချိန်လေနှင့်အတူ ပါလာသောအဆိပ်ပွင့်အနံ့ကို ရန်းနှင့်ပင် မူးမေ့လဲကျသွားလေသည်။

မုဆိုးများက တောထဲမှာအဆိပ်ပင်ကိုတွေ့လျှင် လျှို့ဝှက်မထားရပေ၊ ရွာလူကြီးကို အသိပေးအကြောင်းကြားထားရသည်။

အဆိပ်ပင်မှ အဆိပ်ရည်ကို ထုတ်ယူမည်ဆိုလျှင်လည်း





ရွာလူကြီးကို အသိပေးရသည်၊ ခွင့်တောင်းရသည်။

ရွာလူကြီးကခွင့်ပြုချက်ပေးမှ ထုတ်ယူကြရသည်၊ အသက်အရွယ်ငယ်ရွယ်သော လူငယ်များ၊ မုဆိုးများကို ရွာလူကြီးကထုတ်ယူခွင့်မပေးပေ။

စိတ်လိုက်မာန်ပါဖြင့် မကောင်းကြံစည်မှုများ၌ အသုံးပြုမည်စိုးသောကြောင့်ဖြစ်သည်။

ရွာလူကြီးကခွင့်ပြုချက်ပေးလျှင် အဆိပ်ပင်မှ အဆိပ်ရည်ကို ထုတ်ယူကြသည်။ လွယ်လွယ်ဖြင့်ရသည်မျိုးတော့မဟုတ်ပေ. . ။

အဆိပ်ပင်ရှိသောနေရာနှင့် မနီးမဝေးရောက်အောင်သွားပြီး လေညာလေအောက်အရပ်ကို ရွေးချယ်ရသည်။

လေညာအရပ်မှာနေပြီး အဆိပ်ပင်ဆီရောက်နိုင်လောက် အောင်အခြားသစ်ပင်မှာ နွယ်ကြိုးတန်းရသည်။

အဆိပ်ပင်ဆီသွားမည့် သူထံမှာအဆိပ်ပင်မှာ ထိုးစိုက်ပြီး အဆိပ်ရည်ထွက်လာလျှင် ဝါးလုံးခေါင်းတစ်ခုယူသွားရသည်၊ အဆင်သင့်ဖြစ်လျှင် မျက်နှာကိုအဝတ်ဖြင့်စည်းကာ နွယ်ကြိုးကိုခါးပတ်၍ အဆိပ်ပင်ရှိရာသို့ လွဲဝင်ရသည်။

အပင်ရှိရာသို့ရောက်သည်နှင့် အပင်မှာ ဝါးချွန်ထိုးစိုက်ထားခဲ့ပြီး ချက်ချင်းပြန်ထွက်ရသည်။

ထိုသို့ချက်ချင်းပြန်ထွက်လာသော်မှ အပြင်ရောက်သောအခါ သတိမေ့နေပြီ ဖြစ်သောကြောင့် အဖော်များမှ ဝိုင်းဝန်းပြု

စုကြရသည်။

တစ်ညလုံးခဲထားပြီး နောက်တစ်နေ့တွင် ဝါးဆစ်ပိုင်း အတွင်းမှာ အဆိပ်ရည်များ ပြည့်နေလေပြီ..။

ထိုဝါးဆစ်ဘူးကို သွားယူလျှင်လည်း၊ နွယ်ကြိုးဖြင့် လွဲကာ သွားယူရပြီး ချက်ချင်းပြန်ထွက်ရသည်။

သို့တိုင်အောင် အဆိပ်ပင်အောက်ရောက်ပြီး ပြန်ထွက်သည်နှင့် သတိမေ့သွားတတ်သည်။

အဆိပ်ရည်ရလာသောအခါ ထိုသေအဆိပ်၊ တစ်ဆွေ့ခုန်၊ တစ်ကုန်းကျော်၊ တစ်တောင်တက်၊ စသောအဆိပ်များကို ဖော်စပ်ကာ အမျိုးမျိုးအသုံးပြုကြသည်။

အခြားအဆိပ်များထက် ထိုသေအဆိပ်ကို အလွယ်တကူအသုံးမပြုရပဲ သစ္စာဖြင့်သာ အသုံးပြုကြရသည်။ သာမန်တောကောင်၊ သားကောင်များကို ထိုသေအဆိပ် အသုံးမပြုရပေ။

မိမိအသက်ကို အန္တရာယ်ပေးလာသော တောကောင်များ၊ သူ့အသက်ကိုယ့်အသက်လုရသောအခြေအနေများ၊ မိမိနှင့်မိသားစုများကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် နှိပ်စက်ကြသူများကိုသာ ထိုသေအဆိပ် အသုံးပြုရသည်။

တောတိရစ္ဆာန်တို့ကို ထိုသေအဆိပ်သုံးပြီး သတ်ဖြတ်ထားပါက ထိုအသားကို မစားရတော့ပေ။

ဦးချိုအစွယ်၊ သားရေချပ်တို့လောက်သာ အသုံးပြုခွင့်





ရတော့သည်။

ထိုသေအဆိပ်သုံးပြီး သတ်ဖြတ်ထားသော တိရစ္ဆာန်ကိုလည်း မိမိလိုချင်တာယူပြီး ဖျောက်ဖျက်ပစ်ရသည်။ ဒီအတိုင်းထားခဲ့သဖြင့် အခြားတိရစ္ဆာန်တို့က ထိုအသားကို စားမိပါက သေကျေပျက်စီးကြသောကြောင့်ဖြစ်သည်၊

တောကြီးမြွေဟောက်မှ အဆိပ်ရည်ကို ထုတ်ယူသောနည်းမှာ ၎င်းမြွေကိုအရှင်ရအောင် ဖမ်းဆီးပြီး အစွယ်မှ အဆိပ်ကို ထုတ်ယူခြင်းဖြစ်သည်။

ပင့်ကူနက်များမှ အဆိပ်ရည်ရယူသော နည်းမှာလည်း အန္တရာယ်များလှသော နည်းဖြစ်သည်။

ပင့်ကူနက်များကိုတော့ ဖမ်းဆီးရန်မလွယ်ကူပေ။ ၎င်းတို့နေသော နေရာများကိုသွားပြီး အဆိပ်ရည်ရအောင်လုပ် ယူရသည်။ ထိုနည်းမှာလည်း အန္တရာယ်များသောနည်းဖြစ်သည်၊ အဆိပ်ပြင်းသော ပင့်ကူနက်များမှာ အရွယ်အစားအမျိုးမျိုးရှိကြလေသည်။

သာမန်ပန်းကန်ပြားအရွယ်အစားလောက်မှ ဆန်ကောဝိုင်းအရွယ်အစားလောက်အထိရှိကာ ညောင်ပင်၊ညောင်လန်းပင်ကဲ့သို့ အုံ့ဆိုင်းနေသောသစ်ပင်ကြီးများပေါ်၌ အိမ်ဖွဲ့ပြီး နေကြသည်။

သစ်ပင်အောက်သို့ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ဝင်ရောက်လာသောအခါ အပေါ်မှ အဆိပ်ရည်များ ညစ်ချလိုက်

သည်။ အဆိပ်ရည်ထိပြီး လဲကျစေဆုံးသွားသောအခါမှ အပင်ပေါ်မှ ဆင်းလာပြီး ဝိုင်းဝန်းစားသောက်ကြခြင်းဖြစ်သည်။

ပင့်ကူနက်များရှိနေသော သစ်ပင်အောက်သို့ တိရစ္ဆာန်များကပင် မဝင်ကြပေ. . .။

ထိုအပင်အောက်မှာလည်း တိရစ္ဆာန် အရိုးများက ပြန့်ကျဲနေတတ်လေသည်။

ထိုအဆိပ်ရည်ကို အလိုရှိသောလူတို့က ဦးခေါင်းပေါ်မှာ သံပြားဝိုင်း၊ ကြေးပြားဝိုင်းများရွက်ပြီး သစ်ပင်အောက်သို့ ဝင်သွားကြသည်။

ပင့်ကူများက အဆိပ်ရည်များညှစ်ချသောအခါ ထိုသံပြား၊ ကြေးပြားပေါ်သို့ ကျရောက်လေသည်။

အခြားပစ္စည်းများမှာ (ဥပမာ. . ဝါးခမောက်၊ နီးခမောက်) အဆိပ်ရည်နှင့်ထိသည်နှင့် အက်စစ်ရည်နှင့် ထိသကဲ့သို့ လောင်ကျွမ်းသွားလေသည်။

ထိုကဲ့သို့ သံပြား၊ ကြေးပြားဝိုင်းထဲကျလာသော အဆိပ်ရည်တို့ကို ယူဆောင်လာပြီး လိုသလို ဖော်စပ်အသုံးပြုကြခြင်းဖြစ်သည်။

'မုဆိုးတစ်ယောက်ဖြစ်လာလျှင် တောတောင်ကျွမ်းကျင်ကြရသည်။ တောတောင်မာယာနှင့် ပရိယာယ်တို့ကို နားလည်ရသည်။ တောတောင်တို့၏ သဘောသဘာဝတို့ကို သိထားရသည်။ လက်နက်လေးမြားတို့ကို ကောင်းစွာအသုံးပြုနိုင်ကြရ





ပေသည်။

ထို့ပြင် မုဆိုးတို့လိုက်နာရသော မုဆိုးဥပဒေသကမ်းတို့ကိုလည်း သိကျွမ်းနားလည်ကြရသည်။

တောတောင်မာယာတို့၏ လျှို့ဝှက်ချက်များတွင် နာနာဘဝ၊ ပရလောကသားတို့၏ လှည့်စားမှု၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့နှင့် ပတ်သတ်သောအချက်များကိုလည်း သိနားလည်ကြရသည်။

ထိုအချက်များအားနီမောင်ကို ဖခင်ဖြစ်သူ ထမန်းနက်ကြီးက ကောင်းစွာသင်ကြားပေးထားခဲ့လေသည်။





# အခန်း(၃)

## နှင်းတောင်တန်းမှ အားစမ်းကြသောပွဲ

စည်းကမ်း၊ ကျင့်ဝတ်သိက္ခာနှင့် လိုက်နာအပ်သော အစဉ်အလာတို့မှာ မှုဆိုးတိုင်းထားရှိရမည့် ဝတ္တရားတို့ဖြစ်ပေသည်။

စည်းကမ်းဆိုသည်မှာ တောထဲ၌သော်လည်းကောင်း၊ တောင်ပေါ်ရောက်နေလျှင်သော်လည်းကောင်း သက်ဆိုင်ရာ စည်းကမ်းတို့ပင်ဖြစ်သည်။

ထိုပြင်သားကောင်နှင့် ပတ်သတ်သော စည်းကမ်းတို့ကိုလည်း မဖြစ်မနေလိုက်နာကြရသည်။ စောင့်ထိန်းကြရသည်။

☺ အောင်မြင်စာပေ ☺

နိုက္ခ္ဘာအတွက်သော်လည်းကောင်း၊ အခြားအသုံးပြုရန်အတွက်သော်လည်းကောင်း အသုံးမရှိပါပဲ၊ အသုံးမဝင်ပါပဲ၊ အကြောင်းမဲ့သားကောင်တစ်ကောင်ကို သတ်ဖြတ်ခြင်းမပြုရပေ။

အကျိုးမဲ့သောသတ်ဖြတ်ခြင်းမျိုးလည်း မပြုလုပ်အပ်ပေ၊ ဥပမာ ဆင်စွယ်တစ်ချောင်း၊ ကြံ့ဦးချိုတစ်ချောင်း လိုချင်ရုံနှင့်တော့ ထိုသတ္တဝါကြီးများကို သတ်ဖြတ်ပြီး စွန့်ပစ်မထားအပ်ပေ၊ အလိုရှိသောသားကောင်တို့ကို တွေ့မြင်ရသည့်တိုင် မိတ်လိုက်နေသောအချိန်၊ အချင်းချင်းတိုက်ခိုက်နေသောအချိန်များ၊ ကိုယ်ဝန်လွယ်ထားသောသားကောင်များ၊ သားပေါက်ကာစအချိန် မိခင်သားကောင်များတွေ့ပါက ပစ်ခတ်ဖမ်းဆီးခြင်းမပြုရပေ။

အန္တရာယ်ရှိသော သားကောင်၊တောကောင်ကိုဖြစ်စေ ထိသေအဆိပ်မျိုး အသုံးပြုပြီး မသတ်ဖြတ်ရပေ။ ထိုအဆိပ်မျိုးမှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့သောအခါမှသာ အသုံးပြုကြရသည်။ ထို့ပြင် လူကိုအန္တရာယ်ပေးတတ်သော ကျား၊ ကျားသစ်၊ မျောက်ဝံ၊ ဝက်ဝံစသောတိရစ္ဆာန်တို့ကို ပစ်ခတ်မိလျှင် ဒဏ်ရာရရုံ မထားခဲ့ရပေ။

ထိုတောကောင်ကို လက်စသတ်သုတ်သင်နိုင်အောင် ကြိုးစားအားထုတ်ရသည်။ ထိုအချက်သည်လည်း မုဆိုးတိုင်းလိုက်နာအပ်သော ကျင့်ဝတ်တစ်ခုဖြစ်လေသည်။





သတ္တဝါတစ်ကောင်ကို သေလောက်သောဒဏ်ရာရအောင်လုပ်ခဲ့ပြီး မသေမရှင်ထားခဲ့ပါက ၎င်းအပေါ်မှာရက်စက်ရာကျသည်။ ဒဏ်ရာရထားသော တောကောင်အား ထိုဒဏ်ရာပျောက်ကင်းအောင်ဆေးကုပေးမည့်သူ မရှိသောကြောင့် မသေမချင်းဒုက္ခခံရတော့သည်။ ဒဏ်ရာရပြီး မသွားနိုင်သောအခါ အစာနှင့်ရေလည်းမရတော့ပေ. . ။

၎င်းအနေနှင့် မလှုပ်နိုင်သောအခါ အခြားသတ္တဝါတို့၏ နှိပ်စက်မှုကိုလည်း လည်စင်းခံရတော့သည်။ သို့မဟုတ်ပါပဲ ကျားကဲ့သို့သတ္တဝါတစ်ကောင်၊ ဝက်ဝံ၊ မျောက်ဝံကဲ့သို့သော သတ္တဝါတစ်ကောင်အား ဒဏ်ရာရရုံလုပ်လိုက်မိပါက ထိုတောကောင်မှာ ဒဏ်ရာအရှိန်ကြောင့် ပိုမိုကြမ်းတမ်းလာပြီး တွေ့သမျှလူကိုလိုက်ပြီး အန္တရာယ်ပေးတတ်သောကြောင့် ဒဏ်ရာရထားသောတိရစ္ဆာန်တို့မှာ ပို၍ကြောက်စရာကောင်းလေသည်။ ထို့ကြောင့် မုဆိုးတစ်ယောက်အနေနှင့် တောကောင်သို့မဟုတ် သားကောင်တစ်ကောင်ကို ပစ်ခတ်မိပြီးပါက အဆုံးတိုင်အောင် လိုက်လံသုတ်သင်ပေးရသည်မှာ ဝတ္တရားတစ်ခုဖြစ်သည်။

သို့သော်လည်း တောကျွမ်းသော သားကောင်နောက်သို့ လိုက်ရသည်မှာ မလွယ်ကူသလို အန္တရာယ်လည်းများလေသည်။ ယခုလည်း ဦးဒိဗ္ဗနှင့်နီမောင်တို့ သားအဖနှစ်ယောက် မဏိပူရ တောင်တန်းတစ်နေရာသို့ ရောက်နေကြသည်။ သူတို့ခြေရာခံ လိုက်နေသော တောကောင်မှာ တောကျွမ်းသော မုဆိုး

ဟု ခေါ်ဆိုထိုက်သော ကိုးတောင်ကျားတစ်ကောင်ပင်ဖြစ်၏။

ထိုတောကောင်နောက်သို့ ခြေရာကောက်ပြီး လိုက်ခဲ့သည်မှာ တစ်နေ့နှင့်တစ်ညကျော်ပြီး နောက်တစ်နေ့သို့ရောက်လာချေပြီ. . ။

ထိုနေ့က တောင်တန်းပေါ်မှာ ရာသီဥတုကသာသာယာယာရှိနေသည်။ နီမောင်တို့သားအဖနှစ်ယောက်စလုံးမှာ သွေးစက်များကို ကြည့်ပြီးခြေရာခံကာ လိုက်လာရာမှ အတော်အတန်ခရီးဝေးသောနေရာသို့ ရောက်လာကြခြင်းဖြစ်သည်။

သွေးစက်များက ရှေ့မှာရှိနေသော တောအုပ်ဆီသို့ ဦးတည်သွားကြသည်။ တောအုပ်မှာ သိပ်မကြီးလှပေ. . ။ နောက်ဘက်မှာ ကျောက်နံရံကြီး ခံနေပြီး ကွက်ကွက်ကလေးသာရှိသည်။ ဘေးတစ်ဖက်တစ်ချက်မှာလည်း ကွက်လပ်များသာ ရှိသဖြင့် မြင်သာသည်။ တောအုပ်ထဲမှာ အပင်မြင့်သော ကျွန်းပင်၊ တောင်ဇလပ်ပင်နှင့် ထင်းရှူးပင်များရှိနေသည်။

ထို့ပြင်. . ဝါးရုံတောများလည်းရှိသည်၊ ရေခဲများ ပျော်စပြုနေပြီဖြစ်သော မြေပြင်ပေါ်မှာ. . . စွန်းထင်နေသော သွေးစက်များက ထိုတောအုပ်မှာပင် အဆုံးသတ်သွားဟန်ရှိသည်။

ထိုနေရာနှင့် မနီးမဝေးနေရာရောက်တော့ တောင်ဇလပ်မင်ကြီး တစ်ပင်အောက်မှာ ဝင်ပြီးနားကြလေသည်။ ဝေးလံလှသောခရီးအပြင်. . ကြမ်းတမ်းသောနေရာတို့ကို ကျော်ဖြတ်လာခဲ့ရသောကြောင့် သားအဖနှစ်ယောက်စလုံး ဒဏ်ရာဒဏ်





ချက်များ ရကြလေသည်။

သစ်ကိုင်း၊ ဆူးကိုင်းတို့ ထိုးမိခြစ်မိသောဒဏ်ရာ အချို့က သွေးများစို့လျက် စပ်ဖျဉ်းဖျဉ်းဖြစ်နေသည်။ အခြားဒဏ်ရာထက် ဝါးငုတ်များဖြင့် ထိုးခြစ်မိသောဒဏ်ရာက ပိုများသည်။

ရှေ့ကဝါးတောများအတွင်း သွားလာကြသူတို့မှာ လမ်းမလွတ်သဖြင့် ဝါးကိုင်း၊ ဝါးပင်တို့ကိုဓားဖြင့် ခုတ်ဖြတ်သွားကြသည်။ ကျန်ခဲ့သောဝါးကိုင်း၊ ဝါးငုတ်တို့မှာ လှံသွား၊ ဓားသွားတမျှ ချွန်ထက်လှသည်။

မျက်လုံးထိုးမိလျှင် ပေါက်ထွက်သည်။ အသားထိုးမိပါက ထိသည့်နေရာပေါက်ပြဲထွက်သည်၊ ယခုလည်းဇောတစ်ခုဖြင့် လိုက်ခဲ့ကြသောသားအဖနှစ်ယောက်စလုံးမှာ ခေတ္တနားသောအခါမှ ဒဏ်ရာဒဏ်ချက်များက နာကျင်လာလေသည်။

သို့သော် ဂရုစိုက်မနေအားပေ. . . ။

ခေတ္တအနားရခိုက် ပါလာသော အစားအသောက်တို့ကို ဝမ်းပြည့်အောင်စားသောက်ကြရသည်။ ထွေထွေထူးထူးတော့ မဟုတ်ပါချေ။ ကောက်ညှင်းကျည်တောင့်၊ အသားခြောက်ကင်နှင့် ရေတို့ပင်ဖြစ်သည်။

စားသောက်နေရင်းနှင့် ဦးဒိဗ္ဗကပြောသည်၊

" သူ. . ငါတို့ကို ဟိုတောအုပ်ထဲက ပြန်စောင့်နေလိမ့်မယ်. သူ့အတွက် ဒါ နောက်ဆုံးအခွင့်အရေးပဲ "

"ဘယ်လိုကြောင့်လဲ အဖေ. . "

"နောက်ဘက်မှာ ကျောက်နံရံကြီးခံနေတယ်၊ သူ မတက်နိုင်တော့ဘူး၊ နံဘေးမှာကွက်လပ်တွေရှိတယ်၊ သူထွက်မသွားသေးဘူးဆိုတော့ ဒီတောအုပ်ထဲမှာပဲ ရှိမှာပေါ့"

နီမောင်က အနည်းငယ်ဝေ့ဝါးနေဆဲပင် ရှိနေသေးသော တောအုပ်ရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။ တောအုပ်ထဲမှာ အမှောင်ရိပ်အချို့ ရှိနေသေးသည်။

"တခြားနေရာမှာလည်း တောကောင်တစ်ကောင်ကို ရှာဖွေလို့ရနိုင်ပါရက်နဲ့ ဘာကြောင့် ဒီတောကောင်နောက်ကို ခက်ခက်ခဲခဲ လိုက်ခဲ့ရတာလည်းအဖေ. ."

ဦးဒိဗ္ဗက အသားခြောက်တစ်မြှောင်းကို ပါးစပ်ထဲသို့ ထည့်ဝါးရင်းနှင့်ပြောပြသည်။

"ဒီတောကောင်ဟာ ငါလက်ချက်နဲ့ ဒဏ်ရာရထားတယ် ဒဏ်ရာရထားပြီးသား တောကောင်ကို ဒီအတိုင်းလွှတ်ပေးမထားရဘူး၊ သူ့အတွက်မကောင်းသလို အခြားသူတွေအတွက်လည်း အန္တရာယ်များတယ်၊ ဒီအတိုင်းထားရင် မုဆိုးကျင့်ဝတ်ချိုးဖောက်ရာလည်းကျတယ်၊ ဒါကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူ့ကို အဆုံးသတ်ပေးဖို့ ငါ့မှာတာဝန်ရှိနေတယ်"

ဟု ပြောတော့ နီမောင်လည်း ဆက်မမေးတော့ပေ. .

စားသောက်ပြီးသောအခါ ဦးဒိဗ္ဗကပြောသည်။

"သွေးအေးသွားရင် ငါတို့ သူ့နောက်ကိုလိုက်နိုင်မယ် မထင်ဘူး၊ အခုပဲသွားကြရအောင်"





ဟု ပြောပြီး နှစ်ယောက်သားနေရာမှထသည်။

နှစ်ယောက်စလုံးတွင် ဓား၊ လုံ့တို့အပြင် ကိုင်နေကျ လေးမြားစသည်တို့လည်း အဆင်သင့်ရှိနေကြသည်။

"ငါတို့သားအဖ အတူတူမသွားဘဲ တစ်နေရာစီခွဲဝင်မယ် ဒါမှ သူ့ထွက်ပေါက်ကို ပိတ်နိုင်မယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ လှုပ်ရှားသွားသည်။ သူ့အနေနှင့် အဖေနှင့်အတူတွဲပြီး အမဲလိုက်ဖူးသည်။ တစ်ယောက်ချင်းအနေနှင့်လည်း သားကောင်မျိုးစုံတို့ကို ပစ်ခတ်ဖမ်းဆီးခဲ့ဘူးပြီ၊ တစ်ခုတော့ရှိသည်။

သူတစ်ယောက်ထည်းတော့ ကျားရအောင်မဖမ်းခဲ့ဘူးသေးပေ။ ထို့ပြင် ယခုရင်ဆိုင်ရမည့်ကျားကလည်း ကိုးတောင်ကျား၊ ဒဏ်ရာရထားသဖြင့် ကျားနာပြန်ခဲမည့် ကျားမျိုးဖြစ်သည်။

"ဘယ်လိုလဲငါ့သား"

ဦးဒိဗ္ဗက တစ်ချက်တွေသွားသောနီမောင် အခြေအနေကို တစ်ချက်အကဲခတ်ကြည့်ရင်း တိုးတိုးမေးသည်။

နီမောင်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ရပါတယ်"

ဟု ပြန်ပြောရင်း ကျောမှာသိုင်းလွယ်ထားသော လေးကို ဖြုတ်ယူလိုက်သည်။

ဦးဒိဗ္ဗက နီမောင်အမူအရာကို သဘောကျသွားဟန်ဖြင့်

တစ်ချက်ပြုံးကာ သူ့ဒူးလေးကို ညှို့ကြိုးဆွဲတင်လေသည်။

ထိုဒူးလေးကိုင်းက သန်မာလှသောကြောင့် တော်ရုံလူတို့ ညှို့ကြိုးမတင်နိုင်သော ဒူးလေးမျိုးဖြစ်သည်။

ညှို့ကြိုးတင်ပြီးသောအခါ မြားတံများကို အဆင်သင့်ကိုင်ထားရင်းမှ ဦးဒိဗ္ဗက ရာသီဥတုအခြေအနေ၊ လေတိုက်နေသောအခြေအနေ၊ တော၏အနေအထားကို ပြောပြလေသည်။

“ဝါးရုံတောရှိတဲ့နေရာဟာ သူတို့အတွက်ပုန်းလို့အကောင်းဆုံးနေရာပဲ၊ ဝါးရွက်ခြောက်တွေဟာ ဝါနေတော့ သူတို့ကိုအကာအကွယ်ပေးနိုင်တယ်၊ မင်းက လေအောက်ကဝင် ငါက လေညာဘက်ကဝင်မယ်”

“ဖြစ်ပါ့မလား”

“တိုက်ခိုက်တဲ့အခါ သူ့ကိုလည်း အခွင့်အရေးပေးရမှာပေါ့၊ အိပ်ပျော်နေတဲ့ ကျားတစ်ကောင်ကို ပစ်သတ်ရတာထက်၊ လှုပ်ရှားနေတဲ့ ကျားတစ်ကောင်ကို ပစ်ရတာ ပိုပြီး တရားမျှတမှုရှိတာပေါ့”

“မှန်ပါတယ်”

“ငါက လေညာကဝင်တာနဲ့ သူငါ့ရဲ့အနံ့ကိုရမယ် ငါရှိတဲ့ဘက်ကို အာရုံရောက်နေလိမ့်မယ် အဲဒါမင်းအတွက် အခွင့်အရေးပဲ”

ဟု ပြောပြီးသားအဖနှစ်ယောက် လမ်းခွဲလိုက်ကြလေသည်။





အနောက်ဘက်မှာ ကျောက်နံရံကြီး ကာဆီးနေပြီး အလယ်နေရာမှာသာရှိနေသော တောအုပ်သည် ပကတိငြိမ်သက်နေသည်။ ထိုအတူ ငြိမ်သက်နေသော မျက်လုံးတစ်စုံကလည်း သူတို့ကို စောင့်ကြိုနေပေလိမ့်မည်။

မူလအစီအစဉ်အတိုင်း ဦးဒိဗ္ဗက လေညာဘက်မှဝင်ပြီး နီမောင်က လေအောက်ဘက်မှသွားကာ တောထဲသို့စတင်ဝင်ရောက်ကြလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ မြူနှင်းများရှိနေသေးသည်။ လေက မျှဉ်းမျှဉ်းကလေးတိုက်ခတ်နေသည်။

နီမောင်က တောစပ်ရောက်တော့ အခြေအနေကို ကြည့်သည်။ ပတ်ဝန်းကျင်မှ အသံများကို နားစွင့်သည်။ ဘာမှထူးခြားမှုမရှိပေ။

လက်ထဲမှာကိုင်ထားသော လေးနှင့်မြားကို အဆင်သင့်ကိုင်ဆောင်ထားလျက် တောထဲသို့စဝင်သည်။

တောစပ်၌ရှိသော တောင်ဇလပ်ပင်ကြီးနားရောက်တော့ပြေးကပ်လိုက်သည်။

ထိုအခြေအနေမှာပင် ရင်ခုန်သံကမြန်လာသည်။ တောကောင်နှင့်ပတ်သက်သော အတွေ့အကြုံမရှိသေးသဖြင့် နှလုံးခုန်သံ မြန်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်ဆိုသော်လည်း သစ်ရွက်များပေါ်သို့ နှင်းစက်များကျသံကိုတော့ ကြား

နေရသည်။

အလင်းရောင်နှင့်အတူ အအေးဓါတ်ပါလျော့လာသဖြင့် နှင်းခဲများအရည်ပျော်ကျလာရာ နှင်းစက်ကျသံတဖြောက်ဖြောက်မြည်သံများက နေရာအနှံ့မှ ပေါ်ထွက်နေသည်။

လေညာဘက်မှဝင်သော အဖေရှိသောနေရာဘက်မှလည်း မည်သည့်အသံမှမကြားရသေးပေ။

ထို့ကြောင့် နောက်တစ်နေရာထပ်ရွှေ့သည်။

ထိုနေရာသည် ဝါးရုံတောများရှိနေသောနေရာနှင့် မဝေးလှတော့ပေ။

နီမောင်က လေးနှင့်မြားကို အဆင်သင့်ပြင်ထားရင်း သစ်ပင်အကွယ်မှ ထွက်ကာအခြေအနေကြည့်သည်။

ထိုအခိုက်မှာပင်. .

"ဝေါင်း. ."

ဝါးရုံတောအတွင်းမှ ကျားဟိန်းသံတစ်ချက်ပေါ်ထွက်လာလေသည်။

နီမောင်က မျက်တောင်မခတ်ကြည့်နေစဉ်မှာပင် ဝါးရုံတောအတွင်းမှ ကိုးတောင်ကျားကြီးတစ်ကောင် လွှားခနဲခုန်ထွက်လာသည်။

သာမန်အနေအထားမျိုးဖြင့် ခုန်ထွက်လာခြင်းမဟုတ်ပဲ ဒဏ်ရာရသောကြောင့် ခုန်ထွက်လာခြင်းမျိုးဖြစ်ရာ အပြင်ဘက်ရောက်သည်နှင့် မြေပြင်ပေါ်မှာ တစ်ပတ်နှစ်ပတ် လိမ့်သွားလေ





သည်။ သို့သော်ချက်ချင်းပြန်ထလာသည်။

ထိုအခါနီမောင်ရပ်နေသော နေရာနှင့် မျက်နှာချင်းဆိုင်အနေအထားဖြစ်သွားတော့သည်။

"ဝေါင်း"

ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲပြီးမာန်ဖီသည်။

"သတိထားဟေ့ သူ့မှာမြားချက်ထိထားပြီ"

ဝါးရုံတောစပ်မှ အဖေသတိပေးသံကြားရသည်။

နီမောင်ကစိတ်ကို တည်ငြိမ်အောင်ထားရင်း လေးညှို့ကိုဆွဲတင်လိုက်သည်။

တောကောင်က သူ့ကိုတိုက်ခိုက်ရန် ဟန်ပြင်သည်နှင့် မြားတံကိုလွှတ်လိုက်သည်။

"ဒုတ်"

မြားချက်ထိသည်နှင့် တောကောင်ကြီးက ပြေးဝင်လာပြီး ခုန်အုပ်လိုက်သည်။

နီမောင်ကလည်း သတိနှင့်နေသောကြောင့် နံဘေးသို့ခုန်ရှောင်ပေးလိုက်ရာ သီသီကလေးလွတ်သွားသည်။

ကျားက မနီးမဝေးမှာ တစ်ပတ်နှစ်ပတ်လိမ့်သွားပြီး ပြန်ထမလာနိုင်တော့ပေ။

သို့တိုင်အောင် တဂူးဂူးတဂဲဂဲနှင့် မာန်ဖီနေသေးသည်။ အတန်ကြာတော့မှ ငြိမ်ကျသွားသည်။

ဦးဒိဗ္ဗကလည်း အနီးရောက်လာသောကြောင့် သား

အဖနှစ်ယောက် အသက်ပျောက်နေသော တောကောင်ကြီး အနီးသို့ သွားကြည့်ကြသည်။

ဦးဒိဗ္ဗပစ်လိုက်သော မြားက လည်ပင်းနေရာမှာ စိုက်ဝင်နေပြီး နီမောင်ပစ်သောမြားက လက်ပတ်ကြားထဲသို့ စိုက်ဝင်နေလေသည်။

"မင်းပစ်တဲ့မြားချက် အတော်ကလေးကောင်းတယ် ဒီမြားချက်ကြောင့် သူ့ကိုအဆုံးသတ်ပေးနိုင်တာပဲ"

ဟုချီးကျူးသည်။

အဖေ့လို ဝါရင့်မုဆိုးကြီးတစ်ယောက်က ချီးကျူးခံရသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။

"အဖေပစ်တဲ့မြားချက်က အရင်ထိတာမဟုတ်ဘူးလား"

"ငါ့မြားချက်အရင်ထိပေမယ့် လက်စမသတ်ခဲ့ဘူး၊ မင်းမြားချက်ထိတော့မှ လက်စသတ်သွားတာ၊ ဒါကြောင့် ဒီတောကောင်ကြီးကို မင်းပစ်တာလို့ပဲ သတ်မှတ်ရမယ်"

"အဖေကလည်း"

"သားအဖချင်းပေမယ့် ဘာမှအားနာစရာမလိုဘူး၊ မုဆိုးစည်းကမ်းက သပ်သပ်ပဲ၊ ဒီကနေ့ကစပြီး မင်းဟာ သာမန်အမဲလိုက်တဲ့ မုဆိုးတစ်ယောက်မဟုတ်တော့ဘူး၊ ကိုးတောင်ကျားတစ်ကောင်ကိုရအောင် ပစ်နိုင်တဲ့ တန်းဝင်တဲ့ မုဆိုးတစ်ယောက်ဖြစ်သွားပြီး"

ဟုပြောကာ ဦးဒိဗ္ဗက သူ့ဒူးလေးကို ကိုင်မြှောက်ကာ





အသိအမှတ်ပြုသော စကားပြောသည်။

"ဒါဖြင့် ဒီကောင်ကြီးကို ကျွန်တော်ပိုင်သင့်တာပေါ့"

"မှန်တာပေါ့"

"ဒါဖြင့် ကျားသားရေကို ကျွန်တော်ယူရမယ်"

"ဘာလုပ်ဖို့လဲ"

"အမေကို အင်္ကျီဘောင်းဘီနဲ့ နဖူးစည်း ချုပ်ခိုင်းရမယ်၊ ကျွန်တော်လက်နဲ့ ပထမဆုံးပစ်ခတ်နိုင်တဲ့ တောကောင်သားရေကို အမှတ်တရအဖြစ် အသုံးပြုရမယ် မကောင်းဘူးလားအဖေ"

အဖေကသဘောကျစွာဖြင့် ရယ်မောရင်း. . .

"ကောင်းတာပေါ့ကွာ"

ဟု ပြောလေသည်။

ထို့ကြောင့် သေဆုံးနေပြီဖြစ်သော တောကောင်ကြီး ကိုယ်ပေါ်၌စိုက်ဝင်နေသော မြားတံနှစ်ချောင်းကို ပြန်နုတ်ယူသည်။

ပြီးမှ ဓားကိုထုတ်ပြီး သားရေချုပ်ယူရန်ပြင်ဆင်သည်။

ထိုနေ့က သွေးနံ့များကြောင့်လား မပြောတတ်ပေ။ နီမောင်ကိုယ်ထဲမှ သွေးတို့လည်း နိုးကြားတက်ကြွနေသကဲ့သို့ ရှိနေလေသည်။





# အခန်း(၄)

# တောတောင်မာယာနှင့် ဆန်းကြယ်သောသစ်ပင်များ

တောသည်လည်းကောင်း၊ တောင်တန်းများပေါ်မှာ သော်လည်းကောင်း လျှို့ဝှက်ချက်ပေါင်းများစွာရှိကြသည်။

ထိုအရာများကို တောတောင်မာယာနှင့် လျှို့ဝှက်ချက်များဟု ခေါ်ဆိုကြပေသည်။

မုဆိုးတစ်ယောက်ဘဝ ရောက်လာလျှင် တောကောင်၊ သားကောင်တို့၏ အသက်ကိုသတ်ဖြတ်ရသည်။

တံငါသည်ဘဝရောက်လာလျှင် ရေမှာနေသောငါးပုစွန်

ထိုကဲ့သို့နည်းမျိုးစုံဖြင့် ဖမ်းဆီးသတ်ဖြတ်ကြရသည်။

တောထဲမှာဖြစ်စေ ရေပြင်မှာဖြစ်စေ လူကိုအန္တရာယ်ပေးနိုင်သောသားကောင်များ ရှိသကဲ့သို့ လူကို သတ်ဖြတ်နိုင်သောသတ္တဝါများလည်း ရှိကြသည်။

အဆိပ်ရှိသောသတ္တဝါက အဆိပ်ကိုအသုံးပြုပြီးတိုက်ခိုက်သည်။ ခွန်အားကြီးသော သတ္တဝါက ခွန်အားကိုအသုံးပြုသည်။ အစွယ်ရှိသောသတ္တဝါက အစွယ်ကိုအားကိုးသည်။ ခြေသည်းလက်သည်းရှိသော သတ္တဝါက ခြေသည်းလက်သည်းကို အသုံးပြုလျက် တိုက်ခိုက်ကြသည်။ ဒါက ၎င်းတို့အား သဘာဝက တပ်ဆင်ပေးထားသော လက်နက်များပင်ဖြစ်သည်။

သတ္တဝါတိုင်းမှာသဘာဝက ပေးထားသောလက်နက်များပါရှိသော်လည်း လူမှာတော့မပါပေ။ လူမှာခြေသည်း၊ လက်သည်းရှိသော်လည်း အစွယ်မပါပေ။

ထို့ပြင် သေစေနိုင်သည့် အဆိပ်လည်းမရှိပေ။ သို့သော် အစွယ်ရှိသောသတ္တဝါ၊ အဆိပ်ရှိသော သတ္တဝါတို့ကို အနိုင်ယူသတ်ဖြတ်နိုင်ရန် လက်နက်တစ်ခုတော့ လူမှာရှိသည်။

ထိုလက်နက်မှာ သဘာဝကတပ်ဆင်ပေးထားသောအကောင်းဆုံးလက်နက်ဖြစ်သည့် အသိဉာဏ် လက်နက်ပင်ဖြစ်ပေတော့သည်။

ထိုအသိဉာဏ်လက်နက်ကို မည်သို့သောသတ္တဝါကမှ မယှဉ်နိုင်ကြပေ။ အင်အားကြီးသော ဆင်ဖြစ်စေ၊ ဝေလငါးဖြစ်





စေ၊ လူကသတ်ဖြတ်ဖမ်းဆီးနိုင်သည်။ အလိုရှိသလို စေခိုင်းနိုင်သည်။

ကြောက်စရာကောင်းသောကျား၊ ကျားသစ်၊ ဝက်ဝံ၊ မိကျောင်း၊ ငါးမန်းတို့လည်းလူ၏ သတ်ဖြတ်ခြင်းခံကြရသည်။

တိရစ္ဆာန်များကလူကို မကြောက်သော်လည်း ထိုအသိဉာဏ်ကိုတော့ များစွာကြောက်ရွံ့ကြသည်။ သို့ကြောင့်လူနှင့်ဝေးဝေးမှာနေသည်၊ မလွှဲမရှောင်သာ ရင်ဆိုင်တွေ့မှသာ တိုက်ခိုက်ကြခြင်းဖြစ်လေသည်။

တိရစ္ဆာန်တို့ကလူကို ကြောက်သော်လည်း လူကို လုံးဝမကြောက်သည့်အရာတော့ရှိပေသည်။ သဘာဝတရားဖြစ်သည်။ သဘာဝတရားကတော့ လူကိုမကြောက်ရွံ့ပေ၊ သူ့သဘာဝအတိုင်း ရှင်သန်လှုပ်ရှားနေကြသည်။ နေပူလျှင်ပူမည်၊ မိုးရွာလျှင်ရွာမည်၊ နှင်းကျလျှင်လည်းကျနေမည်၊ မုန်တိုင်းတိုက်လျှင်လည်း သဘာဝအလျောက် တိုက်ခတ်နေပေလိမ့်မည်။ မည်သူထံမှ ခွင့်တောင်းနေစရာမလိုသကဲ့သို့၊ မည်သူကိုမှလည်းကြောက်ရွံ့နေမည်မဟုတ်ပေ။

ထိုသဘာဝတရားများတွင် သစ်ပင်များလည်းပါဝင်လေသည်။ တောတောင်မာယာ၏ လျှို့ဝှက်ချက်များနှင့် ကြောက်မက်ဖွယ်ရာအကောင်းဆုံးများထဲတွင် သစ်ပင်များပါဝင်နေသည်ဆိုပါက အံ့ဩစရာ ဖြစ်ပေလိမ့်မည်။ သစ်ပင်သည် သက်ရှိတစ်မျိုးဖြစ်ပြီး အသိဉာဏ်လည်းရှိသည်။

ပန်းပင်များ၊ အသီးသီးသောအပင်များ အနီးတွင်သာ ယာသော တီးလုံးသံများကြားနေစေပါက အသီးများပိုမိုသီးခြင်း၊ လှပသောပန်းပွင့်များ ပိုမိုပွင့်လာစေသည်ဟု သုတေသနပြုချက်များမှာ တွေ့ကြရသည်။

သစ်စုန်းပင်များ၊ နွယ်ရှင်ပင်များ၊ သွေးစုပ်သောသစ်ပင်များ၊ အသားစားသောပန်းပင်၊ သစ်ပင်စသည့်တို့မှာ သာမန်လူတစ်ယောက်လိုပင် အသိဉာဏ်ရှိကြသည်။ သားကောင်ရဖို့နည်းပညာများကို လျှို့ဝှက်စွာ အသုံးချနိုင်ကြလေသည်။

မြန်မာနိုင်ငံတွင် ရှေးအခါက လူသူအရောက်ပေါက်နည်းသောတောနက်ကြီးများထဲတွင် ထိုကဲ့သို့သော ကြောက်စရာကောင်းသော သစ်ပင်များရှိခဲ့သည်။

မဏိပူရတောင်တန်းများ၊ တောနက်ကြီးများမှာလည်း ထိုကဲ့သို့သောသစ်ပင်များ၊ နွယ်ရှင်ပင်များ၊ အသားစားသောပန်းပင် သစ်ပင်တို့ နေရာအနှံ့ရှိနေသည်။

မုဆိုးတစ်ယောက်သည် ထိုကဲ့သို့သောအန္တရာယ်ပေးနိုင်သောသစ်ပင်များ အကြောင်းကိုလေ့လာသင်ယူကြရသည်။

တောတောင်မာယာနှင့် လျှို့ဝှက်ချက်များတွင် ကြောက်စရာကောင်းသောသစ်ပင်များ အကြောင်းကိုလည်း ဖော်ပြပေးပါဦးမည်။

ရှေးနှစ်သန်းပေါင်းများစွာ မတိုင်မီကအစာဆာလောင်မွတ်သိပ်သော တိရစ္ဆာန်များ မိမိဘာသာမိမိ ရှာဖွေစားသောက်





နိုင်ရန်၊ အပင်များသည် နည်းလမ်းမျိုးစုံဖြင့် ရှင်သန်ခဲ့ကြသည်။

သေစေတတ်သော နယူရိုတိုဇင်များ၊ ကားတာယာများကိုပင် ထိုးဖောက်နိုင်သောဆူးပင်များနှင့် အစာခြေနိုင်သည့်သတ္တိရှိသော အင်ဇိုင်းများမှာ အနည်းငယ်သာဖြစ်သည်။

မကြာမီက ရှာဖွေတွေ့ရှိခဲ့သော နီပင်သက်(စ်) အက်တင်ဘိုရော့ဟိ (Nepenthes attenboroughil)ဟုခေါ်သော ဖမ်းစားတတ်သောသစ်ပင်ကြီး (Giant Pitcher Plant)ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဤသို့ဖြင့် ကမ္ဘာပေါ်ရှိ သေစေနိုင်လောက်အောင်အန္တရာယ်ပေးနိုင်သည့် သစ်ပင်ကြီးအချို့ကို ခြေရာခံမိလာသည်။

ခြေရာခံလေ့လာမိသည့် အပင်များအနက် ကမ္ဘာပေါ်ရှိအန္တရာယ် အပေးနိုင်ဆုံးသောသစ်ပင် (၁၀)မျိုးကို ထုတ်နုတ်ဖော်ပြပါသည်။

အဆိုပါသစ်ပင်အချို့သည် မူးယစ်ထုံထိုင်းစေခြင်း၊ စေးကပ်မှုဖြင့် အန္တရာယ်ပြုခြင်း၊ အဆိပ်အတောက်ဖြစ်စေခြင်းစသည့် အန္တရာယ်အမျိုးမျိုး ပေးတတ်သည်။

## ၁။ ဖမ်းစားတတ်သော သစ်ပင်ကြီး (Giant Pitcher Plant)

ထိုသစ်ပင်ကြီးသည် ရှဥ့်များ၊ ဖျံကြီးများနှင့် ကြွက်စသည့်ကိုက်ဖြတ်စားတတ်သော သတ္တဝါများကို နှစ်သက်သည်။

အထူးသဖြင့် ကြွက်များကို သတ်ဖြတ်၍ အစာအဖြစ် စားသုံးရသည်ကို နှစ်သက်သည်။

အဆိုပါ သစ်ပင်ကို "နီပင်သက်(စ်) အက်တင်ဘိုရော့ဟီ" (Nepenthes attenboroughil)ဟု ခေါ်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ ဗစ်တိုးရီးယားတောင်ပေါ်တွင် ပင်လယ်ရေမျက်နှာပြင်ထက် ပိုမြင့်သည့်နေရာ၌ ပေါက်ရောက်နေသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။

တိရစ္ဆာန် အသားကို အာဟာရအဖြစ် စားတတ်၍ သားကောင်များကို ဖမ်းစားတတ်သည့် ထိုသစ်ပင်သည် အစာရှာဖွေရာ၌ ဖမ်းစားခံရမည်ဟု မယုံကြည်ဘဲ အမှတ်တမဲ့ဖြင့် အနီးသို့ရောက်လာတတ်သည် နတ်သုဒ္ဓါတမျှ ကြိုက်နှစ်သက်ဖွယ်ကောင်းသော ကြွက်သတ္တဝါများကို အင်ဇိုင်းနှင့် အက်ဆစ်များ ရောပြွမ်းထားသည့် သစ်ပင်ထွက်ဓာတ်ရည်များကို သုံး၍ လျှို့ဝှက်စွာ ဖမ်းဆီးစားသောက်တတ်သည်။

ဖမ်းစားတတ်သည့် ထိုသစ်ပင်၏ ပင်စည်လုံးပတ်အချင်းသည် အနည်းဆုံး(၃၀)စင်တီမီတာရှိသည်။

သို့ဖြစ်၍ကံဆိုးစွာဖြင့် ထိုသစ်ပင်ကြီးအနားသို့ ရောက်ရှိလာကြသည့် ကိုက်ဖြတ်စားသောက်တတ်သော ရှဉ့်များ၊ ဖွတ်ကြီးများနှင့် ကြွက်စသည့်သတ္တဝါများကို အလွယ်တကူ ဖမ်းယူစားသုံးနိုင်သည်။

အများအားဖြင့် အင်းဆက်ပိုးကောင်များကို အစာအာ





ဟာရအဖြစ် မှီဝဲသုံးဆောင်ရန် ဖမ်းယူလေ့ရှိသော ထိုသစ်ပင်သည် ကွဲပြားသောမျိုးစိတ် (၆၀၀) ကျော်ရှိသည်။

အဆိုပါသစ်ပင်များသည် နိုက်ထရိုဂျင်ဓာတ် လျော့နည်းသော ဒေသဝန်းကျင်တွင် ရှင်သန်ကြပြီး ဖမ်းဆီးရရှိသည့် တိရစ္ဆာန်အပုပ်ကောင်များမှ ထွက်ရှိသောဓာတ်ကို ၎င်းတို့၏အစာအာဟာရအဖြစ် သုံးဆောင်ကြခြင်းဖြစ်သည်။

## ၂။ ကြက်ဆူပင် (Castor Bean PLant)

ဥယျာဉ်ခြံများ၏ အလယ်တွင်ပေါက်တတ်သော ကြက်ဆူပင်ကို "ရစ်စီနပ်(စ)ကွန်မူနစ်(စ)"(Ricinus Communis) ဟူ၍လည်း ခေါ်ဆို သည်။

ထိုအပင်တွင် သေစေတတ်သော အဆိပ်ဓာတ်ပါရှိသည်။

အဆိပ်ရှိသစ်ပင်များစွာကို လေ့လာ၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး "မရိုးဖြောင့်သောသစ်ပင်များ" (Wicked PLants) စာအုပ်ကို ရေးသားခဲ့သူ အေမီစတီးဝပ် (Amy Stewart) သည် ထိုအဆိပ်ဓာတ်ရှိသော သစ်ပင်ကိုစိတ်ဝင်စား၍ သူမ၏အဆိပ်ပင်ဥယျာဉ်ခြံထဲတွင် အကြိမ်ကြိမ်စိုက်ပျိုးခဲ့သည်။

အဆိပ်ပင်သုတေသနစာရေးဆရာမ အေမီစတီးဝပ်၏ ပြောပြချက်အရ သူမ၏အဆိပ်ရှိသော ဥယျာဉ်ခြံကို ပြုစုစိုက်ပျိုး

ရသည့် ဥယျာဉ်မှူးများသည် ထိုကြက်ဆူပင်မှ မျိုးစေ့များကို လွယ်ကူစွာ ခူးဆွတ်နိုင်ကြသည်ဟု သိရှိရပါသည်။

ကြက်ဆူစေ့ကို အဆီထုတ်၍ ဝမ်းနုတ်ဆေး၊ ချောဆီ၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အနံ့ဆေးများအဖြစ် အသုံးပြုနိုင်သည်။

## ၃။ အနောက်တိုင်းဝါးတားဟမ်းလော့ပင် (Western Water HemLock)

အနောက်တိုင်းဝါးတားဟမ်းလော့ပင်ကို မြောက်အမေရိကတိုက်တွင် အဆိပ်အတောက်အပြင်းထန်ဆုံးသော အပင်အဖြစ် သတ်မှတ်ထားကြသည်။

ထိုအပင်ကို " စီကူတာ ဒေါဂလပ် (စ)လီ " ( Cicuta douglasli )ဟူ၍လည်း ခေါ်သည်။

ဝါးတားဟမ်းလော့ပင်တွင် ပါဝင်သည်မှာ စီကိုတိုဇင်အဆိပ်မျိုးဖြစ်ပြီး ဗဟိုအာရုံကြောစနစ်ကို ပျက်ပြားထိခိုက်စေသည်။

ထိုအဆိပ်ကြောင့်လူ၏ အသိစိတ်ဆုံးရှုံးနိုင်ပြီး ကြွက်သားများ အလျင်အမြန်ကြုံ့သွားစေနိုင်သည်။

ထိုအဆိပ်အစာအိမ်ထဲသို့ ရောက်ရှိပါက လူ၏အသက်ဆုံးရှုံးစေနိုင်ပါသည်။ ဝါးတားဟမ်းလော့ပင်သည် အဆိပ်ဟမ်းလော့ပင်နှင့် မတူပေ။

အဆိုပါ အဆိပ်ပင်တွင် သေစေနိုင်သော ကိုနီးနီအယ်





ကာလွိုက်ပါဝင်ပြီး အသက်ရှူလမ်းကြောင်းကို ရပ်တန့်စေနိုင်သည်။

## ၄။ အဖြူရောင် မြွေအမြစ်ပင် (White Snakeroot)

အဖြူရောင်မြွေအမြစ်ပင်ကို မြက်နှင့်ရောနှော၍စားမိထားသော နွားမ၏နွားနို့ကို သောက်မိသူသည် သေဆုံးခဲ့ဖူးလေသည်။

အဆိုပါ ဖြစ်ရပ်ကိုကြုံတွေ့ရသူမှာ သမ္မတအဗရာဟင်လင်ကွန်း၏ မိခင်ဖြစ်သူ နန်စီဟန့်(စ) ( Nancy Hanks) ဖြစ်သည်။

ထိုအပင်ကို "ယူပါတိုရီယမ် ရူဂိုဆမ်" ( Eupatorium rugosum) ဟူ၍လည်းခေါ်သည်။ သက်တမ်း (၂)နှစ်ကျော်ခံသည်။ သမ္မတကြီး၏ မိခင်ကိုသေစေသည့်အပင်ဟု သတ်မှတ်ထားကြသည်။

ထိုအပင်တွင် အဆိပ်သင့်စေသည့် ဓာတ်ပါသည်။ အဆိုပါ အဆိပ်ဓာတ်သည် စားမိသော ကျွဲ၊ နွား တိရစ္ဆာန်များကို မူးယစ်ထုံထိုင်းမှုဝေစေပြီး ကြွက်သားများ တုန်တုန်လှုပ်လှုပ်ဖြစ်ပြီးမှ သေဆုံးကြရသည်။

လူတို့သည် (၁၉)ရာစုအထိ ၎င်းတို့၏ ကျွဲနွားစသော အိမ်မွေးတိရစ္ဆာန်များကို သေစေသည့်အဆိပ်ပင်သည် မည်

သည့်အပင်မှန်း မသိခဲ့ကြပေ။

စာရေးဆရာမနှင့် အဆိပ်ပင်များကို သုတေသနပြုသူ အေမီစတီးဝပ်က ထိုဖြစ်စဉ်ကို ရှင်းလင်းပြောပြခဲ့သည်။

ယူ၊ အက်(စ)စိုက်ပျိုးရေးဌာနမှ သေစေတတ်သည့် အပင်ကို တိတိကျကျညွှန်ပြသည့်အခါမှ အဖြူရောင်မြွေအမြစ်ပင် ( White Snakeroot) ၏ အဆိပ်သင့်စေမှုကို လူများသိလာကြသည်။

ထိုအချိန်မှစ၍ နွားကိုအိမ်မွေးတိရစ္ဆာန်အဖြစ် မွေးကြသူများသည် နွားစားကျက်မြေများတွင် အဆိပ်သင့်တတ်သော အဖြူရောင်မြွေအမြစ်ပင်များ ပေါက်နေလျှင် သတိထား၍ နုတ်ပစ်ကြရသည်။

အဖြူရောင် မြွေအမြစ်ပင်များသည် နေရာအနှံ့တွင် ပေါက်တတ်သည့် အရိုင်းပင်များဖြစ်၍ နွားများမစားမိအောင် နွားမွေးမြူသူများ အထူးဂရုပြုသင့်ပေသည်။

## ၅။ မန့်(စ)ဟု(ဒ)ပင် (Monkshood)

မန့်(စ)ဟု(ဒ)ပင်ကို "အကိုနီတမ်နာပယ်လပ်(စ) (Aconitum napellus) ဟူ၍လည်း ခေါ်သည်။

ထိုအပင်သည် အဆိပ်သင့်စေသည့် အပင်ဖြစ်ကြောင်း သုတေသီ အေမီစတီးဝပ်က ဖော်ပြခဲ့သည်။





အဆိုပါ အပင်၏အမြစ်ကို နုပ်နုပ်စင်း၍ ရေနှင့်ကြိုပါက အဆိပ်သင့်စေသော ပြုတ်ရည်ကို ရနိုင်သည်ဟုဆိုသည်။

မန့်(စ)ဟု (ဒ)အပင်မှ အပွင့်သည် ခရမ်းရောင် တောက်တောက်ဖြစ်သည်။

အများအားဖြင့် အိမ်နောက်ဘက်ရှိ ဥယျာဉ်များတွင် ပေါက်တတ်ကြသည်။

မန့်(စ)ဟု (ဒ)အပင်တွင် အယ်(လ)ကာလီပေါင်းစပ်ပါဝင်မှု ဆီမီးတောက်အောင်ပြင်းထန်သည်။ မူးယစ်ထုံထိုင်း သတိလစ်မေ့မြောစေသည့် အဆိပ်ဓာတ်များအပြည့်ရှိသည်။

အကယ်၍ ဥယျာဉ်ထဲရှိ ထိုအပင်ကို ရှင်းလင်းမည်ဆိုပါက ခြံရှင်းသူသည် လက်အိတ်များဝတ်ဆင်ပြီးမှ ထိုအပင်များကို ဖယ်ရှားသင့်သည်ဟု သတိပေးထားပေသည်။

## ၆။ ကွန်မွန်းဘလိတ်ဒါးဝပ်(ထ)ပင် (Common Bladderwort)

ကွန်မွန်းဘလိတ်ဒါးဝပ်(ထ)ပင်ကို "ယူထရီကူလာရီးယား မာကာရိုဟီဇာ" ( Utricularia macrohiza) ဟူ၍လည်း ခေါ်တွင်သည်။ ထိုအပင်သည် ရေထဲတွင်ပေါက်ပြီး အသားကို အာဟာရအဖြစ် စားသုံးမှီဝဲသည်။

ကွန်မွန်းဘလိတ်ဒါးဝပ်(ထ)ပင်သည် အစာအာဟာရအတွက် ဖားလောင်းများနှင့် ပုစွန် ကဏန်းအကောင်ငယ်များကို

သားကောင်အဖြစ် ဖမ်းဆီးနိုင်ရန် ရေထဲတွင် နစ်နေသောလေအိတ်စည်ပေါင်းများစွာကို မှီခိုရသည်။

အန္တရာယ်ကို ကြိုသိမထားသော ထိုရေသတ္တဝါငယ်များသည် ၎င်းတို့၏အမွေးကြမ်းများနှင့် ထိုအပင်ကို တိုးတိုက်၍ ပွတ်တိုက်မိပါက လေအိတ်စည်ပေါင်းပွင့်၍ ပွတ်တိုက်မိသော ရေသတ္တဝါငယ်ကို ဖမ်းမိသွားသည်။

ဖမ်းမိသည့် သတ္တဝါငယ်သည် လေအိတ်စည်ပေါင်းထဲ ရောက်နေပြီး မွန်း၍သော်လည်းကောင်း၊ အစာငတ်၍သော်လည်းကောင်း သေဆုံးသွားကြသည်။

သတ္တဝါအသေကောင်သည် တရွေ့ရွေ့ယိုယွင်းပျက်စီးလာပြီး အရည်အဖြစ်ယိုကျလာသောအခါ လေအိတ်စည်ပေါင်းနံရံများပေါ်ရှိ ဆဲ(လ)များက ထိုအရည်ကို အစာအာဟာရအဖြစ် စုတ်ယူကြသည်။

အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော သူသတ်သမားဖြစ်၍ ရေသတ္တဝါလေးများအတွက် အန္တရာယ်များလှပေသည်။

## ၇။ ဗီးနပ်(စ)ဖလိုင်းထရက်(ပ)ပင် (Venus flytrap)

ဗီးနပ်(စ)ဖလိုင်းထရက်(ပ)ပင်ကို "ဒိုင်အိုနီးယား မတ်ဆီပူလာ"( Dionaea muscipula) ဟူ၍လည်း ခေါ်သည်။





ထိုအပင်၏ အင်းဆက်ပိုးကောင်များကို ဖမ်းယူပုံမှာ တိရစ္ဆာန်များဖမ်းပုံနှင့် တူသဖြင့် "ဗီးနပ်ထောင်ချောက်ပင်"ဟု ခေါ်ဆိုသည်။ အမေရိကန်အရှေ့တောင်ပိုင်းရှိ နွံများတွင် ပေါက်ရောက်မှုများသည်။

စက္ကန့်ဝက်အတွင်း ပြုတ်တူနှင့်ညှပ်ထားသကဲ့သို့ သားကောင်ကိုညှပ်၍ ဖမ်းဆီးယူနိုင်သော စွမ်းရည်ရှိသည့် ဗီးနပ်(စ)ဖလိုင်းထရက်(ပ)သည် မြန်ဆန်သော တုံ့ပြန်နိုင်မှုရှိသည်။

ယင်ကောင်စသော အင်းဆက်ပိုးမွှားများသည် ဗီးနပ်(စ)ဖလိုင်းထရက်(ပ)ပင်ရွက်၏ အမွေးအမျှင် နှစ်ပင်ခန့်နှင့် ထိမိပြီးလျှင်ပင် ထိုအပင်၏ လျင်မြန်သောတုံ့ပြန်မှုကို ရရှိနိုင်လေသည်။

အရွက်ရှိထောင်ချောက်ကို တိကျသေချာစွာ အချိန်ကိုက်ပိတ်နိုင်သည့်ဖြစ်စဉ်ကိုမူ အဘယ်ကြောင့်ဖြစ်ရသည်ဟူ၍ ရှင်းမပြနိုင်ပါ။

အမေရိကန် ရုက္ခဗေဒအသင်းက မှတ်ချက်ပြုထားသည်မှာ အစောပိုင်း သီအိုရီများအရ ရေထဲရှိဆဲ(လ)များ၏ ရေဖိအား ရုတ်တရက်ပြောင်းလဲမှုကြောင့် ထိုအရွက်၏ အဖွင့်အပိတ်ဖြစ်ခြင်းကို တုံ့ပြန်မှုဖြစ်စေသည်ဟူ၍ ဖြစ်သည်။

သို့သော် ထိုသီအိုရီကို စွန့်လွှတ်ပယ်ဖျက်ပြီးဖြစ်ပေသည်။

ယခုအခါ လက်ခံထားမှုမှာ ထိုအပင်၏အရွက်ကို အင်း

ဆက်ပိုးကောင်ကထိလိုက်မိသောအခါ သစ်ရွက်၏လျှပ်စစ်စွမ်းအင်သည်ပြောင်းလဲသွားပြီး မူလရှိနှင့်သော အခန်းငယ်ပိတ်ရန်ခလုတ်နှိပ်မိသကဲ့သို့ဖြစ်ကာ ဖမ်းမိသောအင်းဆက်ပိုးကောင်ကိုလှောင်ထားနိုင်ခြင်းဖြစ်လေသည်။

အင်းဆက်ပိုးကောင်များအတွက် အလွန်အန္တရာယ်များသော အပင်ဖြစ်သည်။

## ၈။ အင်ဂျယ်ထရမ်းပက်ပင် (Angel Trumpet)

အမေရိကန်နိုင်ငံတောင်ပိုင်းတွင် စတင်ပေါက်ရောက်လေ့ရှိသော အင်ဂျယ်ထရမ်းပက်ပင်ကို "ဘရပ်မင်းစီယား" (Brugmamsia) ဟူ၍လည်းခေါ်ဆိုသည်။

မြန်မာနိုင်ငံတွင် ပဒိုင်းပင်ဟုခေါ်သည်။

တောက်ပသောကောင်းကင်တမန်နတ် မှုတ်သောတံပိုးသည် စိတ်အားပျော့၍ ခေါင်းငိုက်စိုက်ကျနေဘိသကဲ့သို့ အင်ဂျယ်ထရမ်းပတ်ပင်၏ အပွင့်များသည် တွဲလောင်းငိုက်စိုက်ကျနေသည်။

ထိုအပင်သည် မူးယစ်ထုံထိုင်းကာ လူကို သတိလက်လွတ်ဖြစ်စေနိုင်သည်။

အပင်မှရသော အရည်တွင် အက်ထရိုပိုင် (atropine)၊ ဟောစရာမိုင် (hyoseyamine)နှင့် စကိုပိုလာမိုင်း(Scoplamine)





တို့ ပေါင်းစမ်းပါဝင်သည်။

(၂၀၀၇)တွင် မှတ်တမ်းပြုထားမှုအရ "ကိုလံဘီယာနတ်ဆိုးများ၏ ထွက်သက်ဝင်သက်" (Colombian Devil's Breath) ဟုသောမှတ်တမ်းကားတွင် ကိုလံဘီယာမှဖြစ်မှုကျူးလွန်ကြသော ရာဇဝတ်သားများသည် ထိုအပင်မှ စကိုပိုလာမိုင်း( Scopolamine) ကိုထုတ်နှုတ်ယူပြီး အားကောင်း၍ အစွမ်းထက်သောမူးယစ်ဆေးအဖြစ် သုံးစွဲခဲ့ကြသည်။

ထိုသို့ သုံးစွဲသည့် ရာဇဝတ်သားတို့သည် ပင်ကိုယ်အသိစိတ်ကင်းမဲ့လျက် သူတို့မည်သည့်အမှုမျိုးကို လုပ်ဆောင်မိသည်ကိုမသိရှိတော့ပေ။

စကိုပိုလာမိုင်းကို လူ၏အရေပြားသို့ ထိုးသွင်းနိုင်သည်။ ထိုးသွင်းပါက အရေပြားမှတဆင့် ချွဲသလိပ်များရှိသော အကြောအမြှေးများထဲသို့ စိမ့်ဝင်သွားသည်။

အဆိုပါ စကိုပိုလာမိုင်းအမှုန့်များသည် ထိုသူ၏မျက်နှာဆီသို့ လွင့်စင်သွားလျှင်လည်း ရှူမိပြန်သည်။

မှတ်တမ်းဖော်ပြမှုတွင် စကိုပိုလာမိုင်းသည် ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုကျူးလွန်တတ်သည့် ဖြစ်ရပ်များနှင့် ဆက်စပ်လျက်ရှိသည်။

ဖြစ်ရပ်တစ်ခုမှာ လူတစ်ဦးသည် စကိုပိုလာမိုင်း သုံးစွဲထားသဖြင့် မူးရစ်ရီဝေကာ ပင်ကိုယ်အသိစိတ်ပျောက်နေသောကြောင့် သူ့အိမ်သို့ လာရောက်ဓားပြတိုက်လုယက်သူများထံ

သူပိုင်ဆိုင်သမျှ ပစ္စည်းများကို အကုန်ပေးလိုက်လေသည်။

အမှန်မှာ ထိုသို့ပစ္စည်းများပေးလိုက်မိခြင်းကို သူလုံးဝမသိပေ။ အသိစိတ်ကင်းနေချိန်တွင် လုပ်ဆောင်မိခြင်းဖြစ်သည်

ဓားပြတိုက် လုယက်သူ ရာဇဝတ်သားများသည်လည်း စကိုပိုလာမိုင်း သုံးစွဲထားကြသည်။

## ၉။ အိုလီယန်ဒါပင် (Oleander)

အိုလီယန်ဒါပင်ကို နီရီယန်အိုလီယန်ဒါ (Nerium oleander )ဟူ၍လည်း ခေါ်ဝေါ်သည်။ မြန်မာနိုင်ငံတွင် "နွယ်သာကီပင်" ဟုခေါ်သည်။

ထိုအပင်သည် သွေးဆောင်၍ ခေါ်ယူမှုအရှိဆုံး အဆိပ်ပင်ဟု လူအများ သိရှိထားကြသည်။

အလွန်လှသိများ၍ အမြဲစိမ်းလန်းနေသော အပင်ပုမျိုးဖြစ်သည့် အိုလီယန်ဒါပင်သည် ကမ္ဘာပေါ်တွင် အဆိပ်အပြင်းဆုံး အပင်တစ်မျိုးဖြစ်သည်။

အဆိပ်ပင်သုတေသီ အေမီစတီးဝပ်က မေးခွန်းတစ်ခုဖြင့်အသိပညာပေးထားသည်ကို ဖော်ပြလိုပါသည်။

"အကယ်၍ ကျွန်မက မိဘတစ်ယောက်ဖြစ်ရင် အိမ်မှာကလေးတွေအန္တရာယ် မဖြစ်အောင်ကာကွယ်ဖို့ လျှပ်စစ်ပစ္စည်းတိုင်းကို ဂရုတစိုက် ခလုတ်ပိတ်ထားတယ်ဆိုပါစို့။ ဒါဆိုအိမ်မှာ





ဘာဖြစ်လို့ အဆိပ်ပြင်းထန်လှတဲ့ အိုလီယန်ဒါပင်စိုက်ထားတာလဲ"

အဆိုပါ မေးခွန်းသည် အိုလီယန်ဒါပင်၏ အဆိပ်အတောက်ပြင်းထန်လှသဖြင့် အန္တရာယ်ပေးနိုင်မှုကို ဖော်ပြသည်။

ထိုအပင်၏ သစ်ရွက်များ၊ ပန်းပွင့်များနှင့် အသီးများတွင် လူ၏နှလုံးကို အဆိပ်ဖြစ်စေသော ဂလုကိုဆိုက် ပါရှိသည်။

အကယ်၍ တစ်ဦးတစ်ယောက်သည် ထိုအပင်၏ အစိတ်အပိုင်း တစ်ခုခုကို စားသုံးမိမည်ဆိုပါက နှလုံးကို အဆိပ်သင့်၍ ဆေးဝါးကုသမှုကိုခံယူရန် အရေးတကြီးဆောင်ရွက်ရမည့် အခြေအနေမျိုးကြုံတတ်သည်။

ကာလီဖိုးနီးယားတွင် ထိုအပင်မှ အဆိပ်သင့်၍ မိဘနှစ်ပါးလုံးနှင့် သားငယ်နှစ်ဦးပါ သေဆုံးခဲ့ကြသည့် ဖြစ်ရပ်ရှိခဲ့သည်။

နွယ်သာကီပန်းမှ အပွင့်များသည် အရောင်လှပစိုပြေပြီး အဆုပ်အခိုင်လိုက် ပွင့်ပုံလှပသဖြင့် စိုက်ထားမိလျှင် စွန့်ပစ်ရန်ဝန်လေးတတ်ကြသည်။ သို့သော် လူတို့၏နှလုံးကို အဆိပ်သင့်စေသည့် အပင်ဖြစ်၍ အထူးဂရုပြုသင့်ပေသည်။

## ၁၀။ မာလာမူဂျာပင် (Mala Mujer)

အိမ်လုံခြုံရေးအတွက် အစောင့်အရှောက်ရရန် စိုက်ပျိုးထားသောမာလာမူဂျာပင်ကို "စနီဒိုစကိုလပ်အင်ဂူစတီဒင်း(စ)

(Cnidoscolus angustidens )ဟူ၍လည်းခေါ်သည်။

အဆိပ်ပင် သုတေသီနှင့် စာရေးဆရာမ အေမီစတီးဝပ်ကအိမ်ဥယျာဉ်ထဲရှိ မာလာမူကျာပင်သည် အဆိပ်ထိသည်ထက်ပို၍ နာကျင်မှုကိုပေးနိုင်သည်ဟု ဆိုသည်။

" မာလာမူကျာ " ၏ အဓိပ္ပါယ်မှာ "မိန်းမဆိုး "ဟူ၍ဖြစ်သည်။

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းနှင့် မက္ကဆီကိုတွင်အတွေ့ရများသည့် ထိုအပင်တွင် ကြမ်းတမ်းခက်ထန်သောဆူးပင်များဖြင့် ဖုံးလွှမ်းထားသည်။ လိုအပ်ပါက ထိုဆူးပင်များသည် မြားတံများကဲ့သို့ ရန်သူကိုခုခံရာတွင် အသုံးပြုနိုင်သည်။

တကယ့်အန္တရာယ်မှာ ထိုအပင်မှ ယိုစိမ့်ကျလာသည့်အပင်၏ စေးပျစ်ပျစ်သည် လောင်မီးစားဆေးဟု ဆိုနိုင်လောက်အောင် ဒုက္ခပေးနိုင်ခြင်းဖြစ်သည်။

ထိုအပင်မှ ယိုစိမ့်ကျလာသည့် အစေးသည် အခြားယူဖိုးဘီယာ အမျိုးနွယ်ဝင် အပင်များ၏ စရိုက်လက္ခဏာအတိုင်းလူ၏အရေပြားကို ပြင်းထန်စွာနာကျင်စေပြီး အခြားမမြင်နိုင်သောဒုက္ခများကိုပါ ပေးစွမ်းနိုင်သည်။

အဆိုပါ သစ်စေးသည် မျက်စေ့ထဲသို့ဝင်ပါက မျက်လုံးပျက်ယွင်းစေတတ်၍ အထူးသတိပြု ဆင်ခြင်သင့်သည်။

အထက်ဖော်ပြထားသော သစ်ပင်တို့မှာ ကမ္ဘာ့ရက္ခဗေဒ မှတ်တမ်းများတွင် ကြောက်စရာကောင်းပြီး၊ ထူးခြားဆန်း





ကြယ်သောသစ်ပင်များအဖြစ် မှတ်တမ်းတင်ထားသည့် သစ်ပင်အချို့ပင်ဖြစ်သည်။

နီမောင်အဖွဲ့ ဖခင်ထံမှ မုဆိုးတို့တတ်အပ်သည့် ပညာရပ်တို့ကို လေ့လာသင်ကြားရာမှာ ထိုကဲ့သို့ ထူးဆန်းပြီး ကြောက်စရာကောင်းသော သစ်ပင်နွယ်ပင်များအကြောင်းကိုလည်း သင်ယူလေ့လာရသည်။

သို့သော်လည်း အသက်အရွယ်နှင့် အတွေ့အကြုံကနုနယ်သေးသောကြောင့် မမျှော်လင့်သော အန္တရာယ်များနှင့်တွေ့ကြုံရသည်လည်းရှိခဲ့လေသည်။





# အခန်း (၅)

# တောနက်ထဲမှ အန္တရာယ်များ

မမျှော်လင့်ဘဲ ရာသီဥတုက ပြောင်းလဲလာခြင်းဖြစ်သည်။ အချိန်အခါမဟုတ်ပါပဲ မိုးသားတိမ်ရိပ်တွေ တက်လာပြီးနောက် အချို့နေရာများမှာ မိုးရွာချလေသည်။

ထိုအချိန်တွင်တောင်ပေါ် ရောက်နေသော နီမောင်တို့သုံးယောက်မှာ မိုးလွတ်ရာရှာဖွေကြရသည်။

သူတို့အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ မိုးခိုစရာ ဂူပေါက်ရှာသော်လည်းမတွေ့ရသဖြင့် နီးစပ်ရာသစ်ပင်တစ်ပင် အောက်

သို့ ပြေးဝင်ပြီးမိုးခိုကြရသည်။

သူတို့သုံးယောက်ဆိုသည်မှာ အခြားသူများမဟုတ်ကြပေ၊ နီမောင်နှင့် အဖော်နှစ်ယောက်ဖြစ်ကြသော စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ပင် ဖြစ်ကြလေသည်။

ကျန်နှစ်ယောက်တို့မှာလည်း သေလာယက္ခရွာသားများဖြစ်ကြပြီး၊ နီမောင်နှင့်သက်တူရွယ်တူများလည်း ဖြစ်ကြလေသည်။ နှစ်ယောက်စလုံး တောလိုက်ကျွမ်းကျင်သော မုဆိုးများဖြစ်ကြသည်။

သုံးယောက်သားအတူတကွ ထွက်လာကြခြင်းမှာ သားကျင်းသို့ဆင်းလာမည့် တာကင်ကောင်နှင့်ကတိုးကောင်တို့ကို ပစ်ခတ်ဖမ်းဆီးရန် ရည်ရွယ်ချက်နှင့်ဖြစ်သည်။

ရွာမှထွက်လာစဉ်ကတော့ ရာသီဥတုက သာသာယာယာပင်ဖြစ်သည်။

တောင်ပေါ်ရောက်တော့မှ ချက်ချင်းပြောင်းလဲသွားခြင်းဖြစ်သည်။

သူတို့ရောက်နေသော သစ်ပင်ကြီးမှာ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အတန်အသင့် မိုးလုံသောနေရာဖြစ်သည်။

ထိုသစ်ပင်အောက်၌ မိုးခိုနေပြီးမှ မိုးစဲသွားလျှင်အခြားတစ်နေရာသို့ရွှေ့ကြရန် စိတ်ကူးထားကြသည်။

မိုးရေစိုသွားသောအခါ နီမောင်ကိုယ်ပေါ်၌ဝတ်ဆင်ထားသော ဝတ်စုံသစ်က အနံ့ထွက်လာသည်။





ကျားသားရေချပ်ကို ကျပ်စင်မှမီးအပူရှိန်ဖြင့်ခြောက်အောင်ပြုလုပ်ပြီး အနံ့အသက်များ ပျောက်အောင် ပရုတ်သစ်ခေါက်နံ့များ အုပ်ထားလေသည်။

ထိုသားရေချပ်ကို ဖြတ်တောက်ပြီး နဖူးစည်း၊ ကိုယ်ကျပ်အင်္ကျီ၊ ဘောင်းဘီ၊ ခြေသိုင်းဖိနပ်တို့ကို မိခင်ဖြစ်သူက လက်ဖြင့်ချုပ်ပေးခဲ့သည်။

နီမောင်ကလည်း သူ့လက်ဖြင့် ပထမဦးဆုံး ဖမ်းဆီးသတ်ဖြတ်၍ရသော ကျားသားရေဖြင့် ချုပ်လုပ်ထားသည့်ဝတ်စုံကို ဂုဏ်ယူစွာဝတ်ဆင်လေသည်။

ထိုဝတ်စုံမှာ ခြောက်သွေ့နေစဉ်ကတော့ ပရုတ်သစ်ခေါက်နံ့တသင်းသင်းနှင့်ဖြစ်သည်။

ယခုကဲ့သို့ မမျှော်လင့်ပဲ မိုးရေစိုစွတ်လိုက်သောအခါပရုတ်နံ့နှင့်အတူ သွေးနံ့၊ အညှီနံ့အချို့ပါ ထွက်လာသည်။

အခြောက်ခံထားသော သားရေဝတ်စုံမှာ နှင်းတောထဲသွားလျှင် ဘယ်လိုပြဿနာမှ မပေါ်နိုင်သော်လည်း မိုးရေထိလျှင်တော့ အစိုပြန်ပြီး မူလအနံ့အသက်များ ထွက်လာလေ့ရှိသည်။

“မင်းဝတ်လာတဲ့ဝတ်စုံက အသစ်ဆိုတော့ မိုးရေထိတာနဲ့ အနံ့တွေထွက်လာပြီ”

“လူစင်စစ်က ကျားနံ့ထွက်နေတော့ ဒီအနံ့ရတာနဲ့ သားကောင်တွေတော့ အဝေးကြီးကထွက်ပြေးကြမှာ သေချာတယ်”

ကျန်နှစ်ယောက်ကပြောသော်လည်း ယခုအခြေအနေမှာတော့ နီမောင်အနေဖြင့် ဘာမှမတတ်နိုင်တော့ပေ။

"အခုအခြေအနေမှာတော့ ငါလည်းမတတ်နိုင်တော့ဘူး ချွတ်ပစ်လို့မှ မဖြစ်တဲ့ဟာ"

နီမောင်ကပြောရင်း ပါလာသောအသားခြောက်၊ ကောက်ညှင်းနှင့် ဖန်ခါးရည်ကိုထုတ်ပြီး စားသောက်ရန်ပြင်သည်။ ကျန်နှစ်ယောက်ကလည်း ၎င်းတို့မှာပါလာသော အစားအသောက်တို့ကို ထုတ်ပြီး စားသောက်ကြသည်။

တောတက်သောမုဆိုးများအဖို့ စားချိန်၊ အိပ်ချိန်ကို သတ်မှတ်ထား၍မရပေ။

အချိန်ရလျှင်ရသလို အိပ်ပြီး၊ ဗိုက်ဆာသည်နှင့် ကြုံတဲ့နေရာမှာကြုံသလို စားရသောက်ရသည်။

ထိုစားသောက်နေစဉ်မှာ သစ်ပင်ပေါ်မှာ တအိအိဆင်းလာသောအရာတစ်ခုကိုတော့ သူတို့သုံးယောက်စလုံး သတိမပြုမိကြပေ။

မိုးစက်များက သစ်ရွက်များပေါ်သို့ တပေါက်ပေါက်၊ တဖြောက်ဖြောက်နှင့်ကျနေသော အသံများက နေရာအနှံ့မှ ပေါ်ထွက်နေရာ အပေါ်မှဆင်းလာသော အန္တရာယ်ကို သတိမပြုမိကြခြင်းဖြစ်သည်။

အခြားမဟုတ်ပေ။ နွယ်ရှင်တစ်ချောင်းပင်ဖြစ်သည်။

နွယ်ရှင်က လက်မောင်းလုံးအရွယ်ခန့်ရှိပြီး မြွေတစ်





ကောင်လို တလူးလူးတလွန့်လွန့်ဖြင့် လျောကျလာခြင်းဖြစ်သည်။

နီမောင်ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသောကျားသားရေချပ်မှ သွေးနံ့၊ အညှီနံ့များထွက်နေလေရာ သွေးစုပ်နွယ်ရှင်များဆင်းလာကြခြင်းဖြစ်သည်။

တကယ်ဆိုလျှင် မုဆိုးများဖြစ်ကြသည့် နီမောင်တို့သုံးယောက်မှာ နားပါးသူများဖြစ်ကြသော်လည်း မိုးသံများကြောင့် အပေါ်မှ နွယ်ရှင်များဆင်းလာသည်ကို သတိမပြုမိကြခြင်းဖြစ်သည်။

အနီးသို့ရောက်လာသောအခါ နွယ်ရှင်တစ်ချောင်းက နီမောင်ကို သိမ်းပတ်လိုက်သည်။

"ဟာ"

"နွယ်ရှင်တွေဆင်းလာပြီဟ"

တစ်ယောက်ကအပေါ်မော့ပြီး ပြောနေစဉ်ကျန်တစ်ယောက်က ဓားကိုဆွဲထုတ်ပြီး နီမောင်ကို ပတ်ထားသောနွယ်ရှင်ကိုဖြတ်ချလိုက်သည်။

"ဒုတ်"

မြွေတစ်ကောင်ကို ဓားဖြင့်ဖြတ်ချလိုက်သကဲ့သို့ တိခနဲပြတ်ကျသွားသည်။ ပြတ်သွားသောနေရာမှာ နီညိုရောင်အစေးညှည်များ ပန်းထွက်လာသည်။

အသက်ရှိနေသည့် သတ္တဝါတစ်ကောင်ပမာ တလူးလူးတလွန့်လွန့်နှင့် အပေါ်သို့ ပြန်လိပ်တက်သွားသည်။

မရှေးမနှောင်းမှာပင်အခြားနွယ်ရှင်များက လူးလွန့်လျက်ဆင်းလာကြသည်။

"နွယ်ရှင်တွေဆင်းလာပြီ ဒီနေရာက အမြန်သွားမှဖြစ်မယ်"

ဟုပြောပြီးကျန်နှစ်ယောက်က နီမောင်ကိုယ်၌ပတ်မိနေသောနွယ်ရှင်ကို ဖယ်ပေးပြီး သုံးယောက်သားသစ်ပင်အောက်မှပြေးထွက်ကြရလေသည်။

ပြေးရင်းလွှားရင်းနှင့် တောအုပ်ထဲမှ ကျောက်နံရံတစ်နေရာတွင် ဂူပေါက်ဝတစ်ခုတွေ့သဖြင့် ထိုအထဲသို့ ဝင်နေကြရသည်။ ထိုဂူပေါက်ထဲရောက်တော့မှ အမောဖြေနိုင်ကြတော့သည်။

"ဝူးတော်ပါသေးရဲ့ကွာ၊ တောထဲမှာ ကျားတွေ ဝံတွေနဲ့မတွေ့ပဲ နွယ်ရှင်တွေကြောင့် သေရတော့မလို့ ကံကောင်းလို့သာပဲ"

"တောထဲမှာ အန္တရာယ်နဲ့ တွေ့တာဘာဆန်းသလဲကွာ ငါတို့ သတိလစ်သွားလို့ခံရတာပဲ. . ."

နီမောင်ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသောကျားသားရေကြောင့်ယခုကဲ့သို့ အန္တရာယ်တွေ့ရသည်ဆိုသော်လည်း ကျန်နှစ်ယောက်ကအပြစ်မပြောသာကြပေ။

အဘယ်ကြောင့်ဆိုသော်. .

မုဆိုးတစ်ယောက်အဖို့ မိမိကိုယ်တိုင် ပထမဆုံး သတ်





ဖြတ်နိုင်သော သားကောင်ထံမှ အမှတ်တရပစ္စည်းကို ဂုဏ်ယူစရာတစ်ခုအနေဖြင့် ယခုလို အသုံးပြုခြင်းမှာ အဆန်းတကြယ်ကိစ္စမျိုး မဟုတ်သောကြောင့်ဖြစ်သည်။

ကျောက်ဂူမှာ အတော်အတန်ကျယ်ဝန်းပြီး အထဲမှာမှောင်နေသည်။

ဟိုအတွင်းပိုင်းမှာလည်း ဂူပေါက်များရှိနေဦးမည်ဟုတော့ ခန့်မှန်းမိကြသည်။

ထိုနေရာရောက်တော့ မိုးရေလွတ်သွားပြီးဖြစ်သဖြင့် အတန်အသင့် သက်သာမှုရသွားကြသည်။

တောင်ပေါ်မိုးကား တော်တော်နှင့်စဲမည့်ပုံမရှိပဲ ရွာနေလေရာ မိုးမစဲမချင်း အပြင်သို့ ထွက်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့်မီးရအောင် မွှေးရန်ပြင်သည်။ တစ်ယောက်ကဂူထဲမှာတွေ့သော သစ်ရွက်ခြောက်များကို စုပုံသည်။ တစ်ယောက်က အနီးပတ်ဝန်းကျင်မှာရှိသော ထင်းရှူးသားများ ရှာဖွေယူလာသည်။

ကျန်နှစ်ယောက်က ဝါးကြောနှစ်ခုကို အဆက်မပြတ်ပွတ်ပေးနေရာခဏကြာတော့ ပူလာသည်။

အပူရှိန်များလာသောအခါ ဝါးရွက်ခြောက်၊ သစ်ရွက်ခြောက်များကို မီးစွဲစပြုလာသည်။ သို့သော် ချက်ခြင်းမီးရသည်တော့မဟုတ်ပေ၊ မီးခိုးငွေ့များထွက်နေပြီး မရသေးပေ၊ ထိုအခါလေဖြင့်မှုတ်ပေးရသည်။

အတန်ကြာတော့မှ သစ်ရွက်ခြောက်များကို မီးစွဲပြီး တောက်လောင်လာသည်။

မီးတောက်များလာသောအခါ မီးစွဲလွယ်သော ထင်းရှူးသားများထည့်ပေးလိုက်သောအခါ အပူရှိန်ရလာသော မီးဖိုတစ်ခု ရရှိကြလေသည်။

(တောထဲတွင် မီးအလိုရှိပါက ကျောက်တုံးချင်းထိခတ်သည့်နည်းထက်၊ ဝါးကြောချင်းပွတ်သတ်သောနည်းက အပူရှိန်ရစေရန် ပိုမြန်သောနည်းဖြစ်ပေသည်။ ) မီးရသောအခါ ဝါးဆစ်ပိုင်းနှင့် ရေနွေးကျိုခြင်း၊ အစားအသောက်များကို ကင်ခြင်းစသည့်တို့ ပြုလုပ်ကြသည်။ ထို့ပြင် ရေစိုနေသော အဝတ်တို့ကိုလည်း ခြောက်သွေ့အောင် မီးကင်ကြရသည်။

မီးအပူရှိန်ကြောင့် နွေးနွေးထွေးထွေးဖြစ်လာသောအခါ အစားအသောက်များ စားသောက်ကြသည်။ မီးအပူရှိန်နေသဖြင့် နီမောင်ဝတ်ဆင်ထားသော ကျားသားရေဝတ်စုံမှာအတန်သင့် ခြောက်သွေ့သောကြောင့် စောစောကလောက်တော့ အနံ့မစူးတော့ပေ. . .။

သို့သော်လည်း ပရုတ်သစ်ခေါက်နံ့နှင့် သွေးညှီနံ့တို့ကတော့ လုံးလုံးပျောက်သွားသည်တော့ မဟုတ်ပေ. .။

အချိန်မှာ နေဝင်ချိန်သို့ရောက်ခဲ့ချေပြီ တောင်ပေါ်မှာအမှောင်ရိပ်များ သမ်းစပြုလာလေပြီ။ မိုးကမစဲသေး၊ လေပြင်းများပါ တစ်ခါတစ်ရံပါလာလေရာ သစ်ပင်များမှာ ယိမ်းထိုးနေ





ကြသည်။

ဒီအခြေအနေအတိုင်းဆိုလျှင် အပြင်မထွက်နိုင်ကြတော့ပေ။ တစ်ညတော့ဂူထဲမှာပင် စခန်းချရတော့မည်မှာ သေချာသလောက်ရှိနေလေပြီ။

သုံးယောက်သား ဝမ်းပြည့်အောင်စားသောက်ပြီးနောက် လက်နက်တို့ကို အဆင်သင့်အနားမှာထားကာ မီးပုံနံဘေးမှာ တစ်ရေးတစ်မော အိပ်ကြလေသည်။

အချိန်မည်မျှ ကြာအောင်အိပ်ပျော်သွားသည် မသိပေ၊ ဂူထဲမှာ ထူးခြားသောအသံအချို့ ကြားလိုက်ရသဖြင့် နီမောင်က မျက်လုံးဖွင့်ကြည့်လိုက်သည်။ မိုးကားစဲသွားချေပြီ၊

မီးဖိုမှာ မီးအရှိန်က မသေသေးပေ. . .၊

ကြားနေရသော အသံက ဂူပေါက်ဝ အပြင်ဘက်မှ ဖြစ်သည်။ နေရာမှထကြည့်တော့ ဘာမှမမြင်ရပေ၊ အမှောင်ထုကရှိနေသေးသည့်အပြင် မိုးနှင်းများကျနေသောကြောင့် ပြန်မအိပ်ဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

ထိုအခိုက်မှာပင် ဂူအပြင်ဘက်မြေပြင်ပေါ်မှ တရွတ်တိုက်ရွေ့လျားလာသော အသံအချို့ကို ကြားရသည်။

ဂူပေါက်ဝနှင့် နီးလာသောအခါ အသံကပိုကျယ်လာသည်။

"ရှဲ ရှဲ ရှဲ . . . "

နီမောင်ကချထားသော လက်နက်များကိုလှမ်းယူပြီး

ကျန်နှစ်ယောက်ကို နိုးရန်ပြင်နေစဉ်မှာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်စလုံး နိုးလာကြသည်။

"ဘာသံတွေလည်းနီမောင်"

နီမောင်က ခေါင်းခါပြရင်း အသံကြားရာဘက်သို့ ကြည့်နေသည်။

ကျန်နှစ်ယောက်ကလည်း လက်နက်များယူပြီး နေရာမှ ထလာကြသည်။

ထိုသို့ကြည့်နေစဉ်မှာပင် အပြင်ဘက်မှ ရွေ့လျားလာသောအရာများကို ဝိုးတဝါးလှမ်းမြင်ရလေသည်။

မြေပြင်ပေါ်မှာ လူးလွန့်လာသော သတ္တဝါများကို မြင်သောအခါ မြွေများဖြစ်မည်ဟု ထင်လိုက်သည်။

ဂူပေါက်ရောက်တော့မှ ဟုတ်မှန်းသိကြရသည်။ သွေးနံ့၊ အညှီနံ့များရသောကြောင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော နွယ်ရှင်များဝင်လာကြခြင်းဖြစ်သည်။

နွယ်ရှင်များမှာ လက်မောင်းလုံးအရွယ်ခန့်ရှိပြီး အသက်ရှိသော မြွေများကဲ့သို့ လူးလွန့်ကာ ဂူအတွင်းသို့ တရွေ့ရွေ့ဝင်လာကြခြင်းဖြစ်သည်။

"အော်. . ဒင်းတို့က ဒီနေရာထိတောင် လိုက်လာကြသေးတာကိုး၊ တွေ့ကြသေးတာပေါ့ကွာ. ."

ထိုသို့ပြောပြီး သုံးယောက်သား ဓားများကိုကိုင်ပြီး နောက် တရွေ့ရွေ့ဝင်လာသော နွယ်ရှင်တို့ကို ခုတ်ဖြတ်ကြလေ





သည်။

"ဒုတ်. . ဒုတ်. . ဒုတ်. ."

ဓားချက်ထိသောနွယ်ရှင်များမှာ အပိုင်းပိုင်းပြတ်ကျသွားလေသည်။

ပြတ်သွားသော အပိုင်းပြတ်များက အသက်ရှိသောသတ္တဝါများကဲ့သို့ လူးလွန့်နေကြသည်။

၎င်းတို့မှာ နီညိုရောင်၊ ပျစ်ချွဲချွဲ အရည်များထွက်လာကြသည်။ သွေးကဲ့သို့ ညှီစို့စို့နံ့ အသက်များထွက်လာသည်။

ဓားဖြင့်ခုတ်ဖြတ်ခံရသောနွယ်ပင်များကလက်တံမရှိတော့သောအခါ ရှေ့တိုးမလာတော့ပဲ ဆားနှင့်တို့လိုက်သဖြင့် နောက်တွန့်သွားသော တီကောင်ကဲ့သို့ နောက်ပြန်ဆုတ်သွားကြလေသည်။

သို့သော်လည်း ဓားချက်ထိပြီးပြတ်ကျန်ခဲ့သောနွယ်ပင်အပိုင်းအပြတ်တို့ကတော့ တလူးလူးတလွန့်လွန့်နှင့် နီညိုရောင်သွေးစေးများ ထွက်နေကြဆဲပင်ရှိသေး၏။

အပြင်ဘက်မှ ဂူထဲသို့ ဝင်ရန်ကြိုးစားနေသောနွယ်ပင်များ ပြန်ထွက်သွားသောကြောင့် စိတ်သတ်သာရာရသွားကြရုံရှိသေးသည်။

နောက်ထပ်အသံကြားရပြန်သည်။

ဒီတစ်ခါတော့ အပြင်ဘက်မှ မဟုတ်တော့ပေ၊ ဂူအတွင်းဘက်မှ ကြားလာရခြင်းဖြစ်သည်။

"ရှဲ ရှဲ ရှဲ. . ."

"ဟင်. . ."

သုံးယောက်သား အနောက်ဘက်သို့ လှည့်ကြည့်ကြသည်။ အမှောင်ထုဖုံးနေသဖြင့် ဘာမှ မမြင်ရသေး၊ သို့သော်လည်း ကြားနေရသည့် အသံက မဝေးသောကြောင့် မိမိတို့ရှိရာသို့ တစ်စုံတစ်ရာ လာနေသည့်မှန်းတော့ သိကြသည်။

"လာပြန်ပြီ . . . ဒီတစ်ခါဘာကောင်တွေဖြစ်မလဲ"

"ဂူထဲမှာဆိုတော့ နွယ်ရှင်တွေတော့ မဟုတ်လောက်ဘူး"

"ဘာကောင်ပဲဖြစ်ဖြစ် အဆိပ်လူးမြားဒဏ်တော့ ခင်းတို့မခံနိုင်ပါဘူး"

စောထီးကအံကြိတ်ထားရင်းပြောသည် ထိုအခိုက်မှာပင် ဂူအတွင်းပိုင်းမှ ထွက်လာသောသတ္တဝါများက အလင်းရောင်ရှိသောနေရာသို့ ရောက်လာသည်။

" ဟင်. . ဘာကောင်ကြီးတွေလဲ"

ဂူအတွင်းမှ ထွက်လာသောသတ္တဝါများမှာ အခြားမဟုတ်ပေ။ အကောင်အရွယ်အစားကြီးမားသော ဂူအောင်းမျှော့နက်ကြီးများပင် ဖြစ်တော့သည်။

တစ်ကောင်၏ အရွယ်အစားမှာ အလျားတစ်တောင်ဇျက်အကျယ်တစ်ထွာခန့်ရှိပြီး ဆွဲဆန့်လိုက်ပါက နှစ်တောင်သုံးတောင်ခန့်ရှည်ထွက်သွားသည်။





ရှေ့ပိုင်းမှာ အနည်းငယ်သေးသော်လည်း စုပ်ခွက်ပါသော နောက်ပိုင်းဘက်က အတော်ကြီးသည်။

မျှော့နက်ကြီးများမှာ သတ္တဝါတစ်ကောင်ကောင်ကိုတွယ်ကပ်မိလျှင် ဘယ်လိုခွာချ၍မှမရဘဲ သွေးဝတော့မှအလိုလိုကွာကျလေသည်။

အချို့သတ္တဝါငယ်ကလေးများမှာ ၄င်းတို့ပတ်ပြီး သွေးစုပ်ခံရပါက သွေးမရှိတော့ဘဲ သေကြရသည်။

ချောင်းများ၊ ဂူများထဲမှာ အောင်းနေကြပြီး သွေးနံ့ရတော့မှ အပြင်ဘက်ထွက်လာတတ်သည်။

ယခုလည်း ဂူအတွင်းပိုင်းတွင် ခိုအောင်းနေသော မျှော့နက်ကြီးများမှာ သွေးနံ့ရသဖြင့် အစုလိုက် အပြင်ထွက်လာကြခြင်းဖြစ်လေသည်။

"မျှော့နက်ကြီးတွေပါလား. . ဘယ်လိုလုပ်ကြမလဲ"

"ဒီသတ္တဝါတွေက ဓားနဲ့ခုတ်လို့မပြတ်ဘူး၊ သူတို့တစ်ချက်ပတ်မိသွားရင် ခွာချလို့မရဘူး၊ ငါတို့ပြေးမှ ဖြစ်တော့မယ်"

ဟုပြောပြီး သုံးယောက်သား မိမိတို့၏ လက်နက်ကိရိယာတို့ကို ကပျာကယာသိမ်းယူပြီးနောက် ဂူထဲမှပြေးခဲ့ကြရလေတော့သည်။







# အခန်း(၆)

# နေဝင်ချိန် အလွမ်း

မဏိပူရတောင်တန်းပေါ်မှာ မြူခိုးများဝေ့ဆိုင်းနေသည်။ သာမန်အခြေအနေမျိုးမဟုတ်ဘဲ ညှို့မှိုင်းနေခြင်းဖြစ်သည်။ ရုတ်တရက်ကြည့်ပါက မကြာခင်နှင်းမုန်တိုင်းကျတော့မည့် လက္ခဏာမျိုးဖြစ်သည်။

သို့သော် သဘာဝနှင်းမုန်တိုင်းကတော့ ရောက်မလာသေးပေ။ လူတစ်စုအတွက်ကတော့ ကြီးစွာသော သောကမုန်တိုင်းများ ကျရောက်နေသည်။

☺ အောင်မြင်စာပေ ☺

ထိုသူတို့မှာ သေလာယက္ခရွာသားများပင်ဖြစ်သည်၊ အချိန်မှာ နေဝင်ရီတရောအချိန် ရောက်လုပေပြီ။ တောင်တန်းများ၏ အနောက်ဘက်ကောင်းကင်ပြင်၌ ရာသီဥတုသာယာသော အချိန်ဆိုပါက ယခုလိုအချိန်တွင် ဆည်းဆာရောင်များကို တွေ့မြင်နိုင်သည်။

ယခုတော့ မြူနှင်းများ ဖုံးကွယ်ထားသောကြောင့် မျှော်လင့်ချက် ဒါမှမဟုတ် လှပသော ဆည်းဆာရောင်တို့ ကွယ်ပျောက်နေကြသည်။

ထို့အတူ သူတို့ရင်ထဲမှာလည်း မျှော်လင့်ချက်တို့ ကွယ်ပျောက်နေသကဲ့သို့ ခံစားနေရသည်။ မြူနှင်းများဖုံးအုပ်ထားသော တောင်ရင်ပြင်တစ်ခုလုံးမှာ ရောင်စုံတောင်ဇလပ်ပန်းများ ဖူးပွင့်နေကြသည်။ သို့သော် အချို့ကကွယ်နေပြီး အချို့သာမြင်တွေ့နိုင်သည်။ သူတို့အတွက်ကတော့ ကြည့်လေရာ မျက်ရည်တို့ဖြင့်သာ ဝေဝါးလျက်ရှိနေသည်။

သူတို့အားလုံး တောင်ထိပ်စွန်းတစ်နေရာဆီသို့ ဦးတည်သွားနေကြသည်။ အချို့ကမီးတုတ်မီးတိုင်များ ကိုင်ထားကြသည် အချို့မှာတော့ ကွဲချိုတံပိုးများ၊ တုံးမောင်းအချို့ ကိုင်ဆောင်ထားကြသည်။

အချို့ကတော့ ဓားလှံလေးမြားစသော လက်နက်တို့ကို ကိုင်ဆောင်ထားကြသည်။ အတန်းလိုက်အနေအထားဖြင့် တောင်ထိပ်ပေါ်သို့ တရွေ့ရွေ့တက်သွားကြသော ရွာသူရွာသား





တို့ကို အဝေးမှလှမ်းကြည့်ပါက ကွေ့ကွေ့ကောက်ကောက်နှင့် ပုရွက်ဆိတ်တန်းကြီးတစ်ခုကဲ့သို့ လှမ်းမြင်ရလေသည်။

သူတို့ စစ်ချီရန်၊ စစ်တိုက်ရန် သွားနေကြခြင်းတော့မဟုတ်ပေ။ ရှေ့ဆုံးမှမီးတိုင်တစ်တိုင်၊ ကွဲချိုတံပိုးတစ်ခုကိုင်လျက်သွားနေသော ကလန်ကြီး ဦးထန်ဖုန်းရှိန်၊ နောက်ဘက်မှာတော့ ရွာသားအချို့က အလောင်းတစ်လောင်းကို ထမ်းလျက် လိုက်ပါလာကြသည်။

အလောင်းကိုအဝတ်နက်ဖြင့် အုပ်ကာ ဝါးကပ်စင်ပေါ်တင်ထားလျက် လူရွယ်ယောက်တို့က ထမ်းပိုးသယ်ယူလာကြခြင်းဖြစ်ပေသည်။

တောင်ရင်ပြင်ပေါ်မှာ ပန်းရနံ့များ သင်းနေသည်။

သူတို့မသိပေ. . ။

လေနှင့်အတူပါလာသော ပန်းရနံ့တို့ထက် နောက်ဘက်နားမှအဆက်မပြတ်ပေါ်ထွက်နေသော ငိုရှိုက်သံကိုသာသူတို့နားထဲမှာကြားနေရသည်။

နေဝင်ရီတရောအချိန်တွင် တောင်ထိပ်ပေါ်သို့ရောက်သွားကြသည်။ ထိုနေရာသည် မဏိပူရတောင်ကြော၏ အမြင့်ဆုံးတောင်စွန်းတစ်နေရာဖြစ်သည်။

တောင်ထိပ်တွင် ကွက်လပ်ကျယ်ရှိပြီး တစ်နေရာတွင် လေးတိုင်စင်ပေါ်မှာ တင်ထားသောကျွန်းတုံးကြီး တစ်တုံးရှိနေသည် အလျားခုနစ်ပေခန့်ရှည်သော ကျွန်းတုံးကြီး၏အလယ်

နေရာတွင် လူတစ်ယောက်စာ ချိုင့်တစ်ခုတွင်းထားလေသည်။

လှေ့ဝမ်းပုံသဏ္ဍာန်ကဲ့သို့ရှိသည်။ အလောင်းထမ်းလာသူများက အလောင်းကို ထိုကျွန်းတုံးကြီးအနီးမှာ ချပေးလိုက်ကြသည်။

တောင်ထိပ်ပေါ်မှာ လေတိုက်နေသဖြင့်အလောင်းပေါ်မှာဖုံးထားသော အဝတ်စကတဖျပ်ဖျပ်လှုပ်နေသည် လေးဘက်လေးတန်မှာ စိုက်ထားသောမီးတိုင်များကလည်း မှိန်သွားလိုက်၊ လင်းလာလိုက် ဖြစ်နေသည်။ ထိုနေရာရောက်တော့ အလောင်းရှိသောနေရာနှင့် မနီးမဝေးမှာ ငြိမ်သက်စွာရှိနေသည်။

တောင်ရင်ပြင်တစ်ခုလုံး လေတိုက်သံ၊ မီးတိုင်မှအသံအချို့သာ ပေါ်ထွက်နေပြီး အခြားမည်သည့်အသံမှ မကြားရပေ။

ကလန်ကြီးဦးထန်ဖုန်းရှိန်က လက်ထဲမှာကျွဲချိုတံပိုးတစ်ခု ကိုင်ထားရင်းမှ ငြိမ်သက်လျက်ရှိသည်။ အတန်ကြာတော့မှ ဆို့နင့်သောအသံဖြင့် နောက်ဘက်သို့ ခေါင်းငဲ့ကြည့်ရင်းပြောသည်။

“မယ်နန်းမှုံ. . ငါတို့သူ့ရဲ့ဝိညာဉ်ကို လွတ်လပ်ခွင့်ပေးလိုက်ကြရမယ်. . နင်အနားကိုလာခဲ့ပါ. . ”

ထိုအသံကြောင့် လူအုပ်ကြားထဲမှ ကျယ်လောင်သောငိုကြွေးသံတစ်ချက် ကြားလိုက်ရပြီး အဝတ်နက်ခြုံထားသောအမျိုးသမီးတစ်ယောက် ထလာလေသည်။

အားလုံးက သူမလျှောက်သာရန် လမ်းဖယ်ပေးကြ





သည်။ ထိုအမျိုးသမီး အလောင်းနား ရောက်လာသောအခါ ကလန်ကြီး ကပြောသည်။

“ဝမ်းနည်းကြေကွဲခြင်းဆိုတာ လူသားတစ်ယောက်အတွက် မလိုချင်ပဲရလေ့ရှိတဲ့ အရာတစ်ခုပဲ. . ဒါကိုဘယ်သူမှ ငြင်းပယ်ပိုင်ခွင့်မရှိဘူး. . ”

ကလန်ကြီးအသံက ပုံမှန်ထက်တော့ အနည်းငယ်အားလျော့နေလေသည်။ ကျွဲချိုတံပိုးကိုင်ထားသည့် လက်နှစ်ဖက်မှာလည်း တဆတ်ဆတ်တုန်နေသည်။

“သူဟာ အသက်ရှင်နေတဲ့တစ်လျှောက်လုံးမှာ မိသားစုအတွက်လည်း တာဝန်ကျေပွန်ခဲ့တယ်၊ ငါတို့ရွာသူရွာသားတွေအတွက်လည်း အကောင်းဆုံးရပ်တည်မှုပေးခဲ့တယ်၊ အခုလိုသေဆုံးသွားခြင်းဟာ ဝမ်းနည်းစရာမဟုတ်ပေမယ် ငါတို့အားလုံးအတွက်တော့ ကြီးမားတဲ့ဆုံးရှုံးမှုတစ်ခုပဲ. . . ”

အမျိုးသမီးက ငိုသံမထွက်တော့ဘဲ ကျိတ်၍ရှိုက်နေသည်။

“ငါတို့ သူ့ကိုအကောင်းဆုံး ဘုံဘဝရောက်အောင်ဆုတောင်းပေးကြရမယ်၊ နင် သူ့ကိုနောက်ဆုံးအနေနဲ့ ဂါရဝပြုပြီးရင်တော့ သင်္ဂြိုဟ်ခွင့်ပေးပါ. . ”

ဟုခွင့်တောင်းသည်။

“သူ မရောက်လာသေးဘူး၊ စောင့်နိုင်ရင် စောင့်ပေးကြပါ”

"နောက်ဆုံးအချိန်ထိ မီရင်တော့ ကောင်းတာပေါ့လေ"

ထိုသို့ပြောပြီး တောင်တက်လမ်းရှိရာသို့ မျှော်ကြည့်ကြတော့ တစ်စုံတစ်ယောက်မှ တက်လာသည့် အရိပ်အယောင်ကို မမြင်ရသေးပေ. . ။

မယ်နန်းမှုံက မျက်ရည်စွန်းသောမျက်လုံးများဖြင့် ရှေ့မှာရှိနေသော အလောင်းကို စိုက်ကြည့်နေသည်။

လေက အဆက်မပြတ်တိုက်နေသဖြင့် အလောင်းကိုဖုံးထားသောအဝတ်စက တဖျပ်ဖျပ်နှင့် လှုပ်ရှားနေသည်။ ခဏကြာတော့ တစ်စုံတစ်ယောက်က လက်ဖြင့် ဖယ်လိုက်သကဲ့သို့ မျက်နှာပေါ်မှာ အုပ်ထားသည့် အဝတ်စက လန်ကျသွားသည်။

အိပ်ပျော်နေသကဲ့သို့ ရှိနေသော ထမန်းနက် သို့မဟုတ် ဦးဒိဗ္ဗ၏မျက်နှာက ပေါ်လာသည်။ မယ်နန်းမှုံ၏ ရှိုက်သံများပေါ်လာသော်လည်း သီးသီးထန်ထန် ငိုကြွေးခြင်းတော့မရှိပေ။

ရှိုက်နေရင်းမှာပင် တိုးတိုးပြောလိုက်သည်။

"သွားနှင့်ပေဦးတော့. . "

ဒါပဲပြောပြီး ထိုနေရာမှာပင် ခွေလဲကျသွားသည်။ အနီးမှာရှိနေသော အဖော်အချို့က လာရောက်ပွေ့ယူသွားကြသည်။ ဖတန်ကြာတော့ ကလန်ကြီးက ကိုင်ထားသော တံပိုးကိုစတင်မှုတ်သည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံး တံပိုးမှုတ်သံက ပြန့်နှံ့သွားသည်။





တိုးသွားပြီးမှာ တောင်နံရံများမှ ပဲ့တင်ရိုက်ခတ်သံများကြောင့်တ ဖြည်းဖြည်းပြန့်ကျယ်လာပြန်သည်။

တံပိုးမှုတ်သံကြားရလျှင် စစ်ပွဲတစ်ခုခု ဆင်နွှဲရတော့မည်ဖြစ်သောကြောင့် သွေးများဆူပွက်နိုးကြားလာရမည် ဖြစ်သော်လည်း ယခုတစ်ကြိမ်ကြားရသော တံပိုးမှုတ်သံကတော့ လွမ်းဆွတ်ကြေကွဲမှုများ ဖြစ်လာစေသည်။

ပတ်ဝန်းကျင်မှာရှိနေကြသော ရွာသူရွာသားများ၏ မျက်နှာများပေါ်၌ တင်းမာခက်ထန်ခြင်း၊ ကြေကွဲဝမ်းနည်းသော အရိပ်တို့က ရောထွေးလျက် ပေါ်လွင်နေသည်။

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည့် သွားများတကျွိကျွိမြည်လောက်အောင် အံကိုတင်းတင်းကြိတ်ထားကြသည်။ သို့သော်. . သူတို့မျက်လုံးများမှာတော့ ကြေကွဲဝမ်းနည်းမှုများ ပေါ်နေ၏။

ကလန်ကြီးက ကျွဲချိုတံပိုးကို အတန်ကြာအောင်မှုတ်နေပြီး ရပ်လိုက်သည်။

"ကောင်းကင်ဘုံမှာ စောင့်ရှောက်ကြသော နတ်ဒေဝတာအပေါင်းတို့၊ ဤတောဤတောင်တန်းများကို စောင့်ရှောက်နေထိုင်ကြသော နတ်ဒေဝတာအပေါင်းတို့၊ ရေမြေတောတောင်အနှံ့မှာ ရှိနေကြသော နတ်ဒေဝတာအပေါင်း"

အသံက ခေတ္တရပ်တန့်သွားသည်။

ခဏကြာမှ ပြန်ပေါ်လာသည်

"ကျွန်ုပ်တို့၏ သူရဲကောင်း၏ဝိညာဉ်ကို သင်တို့အား ပြန်လည်အပ်နှံပါ၏၊ ထိုသူရဲကောင်း၏ ဝိညာဉ်အား ကောင်းသောဘုံဘဝရောက်အောင် ပို့ဆောင်ပေးပါလော့. . .

ဌင်းဝိညာဉ်အား ကောင်းမွန်စွာလမ်းပြပေးကြပါလေ"

ခေတ္တတိတ်သွားပြန်သည်။

မောပန်းသဖြင့် ရပ်တန့်သွားခြင်းမဟုတ်ဘဲ ဆို့နင့်နေသဖြင့် မကြာခဏ အသံပျောက်သွားသည်ကို အားလုံးက သိကြလေသည်။

"သူရဲကောင်းတို့ ဝိညာဉ်သည် မြင့်မြတ်သောနေရာဖြင့်သာ ထိုက်တန်ပါပေသည်၊ ထိုဘုံဘဝရောက်အောင် ကူညီစောင့်ရှောက်ပေးကြပါလော့. . .၊ လမ်းပြပေးကြပါလော့. . လမ်းပြပေးကြပါလော့. . ."

အသံကို တဖြည်းဖြည်းတိုးကာ ပျောက်သွားပြန်သည်။ ထို့နောက်မှာတော့ ကျွန်းတုံးကြီးရှိသော နေရာရောက်အောင် လမ်းဖယ်ပေးကြသည်။

အလောင်းထမ်းလာသူများက အလောင်းတင်ထားသောစင်ကို ထိုလမ်းမှကျွန်းတုံးကြီးထားသော နေရာရောက်အောင် မ,ယူလာကြသည်။ ပြီးလျှင် စင်ပေါ်မှ အလောင်းကို ကျွန်းတုံးပေါ်သို့ တင်ပေးလိုက်သည်။

အလောင်းထည့်ရန် တစ်နေရာစာ ထွင်းထုထားသဖြင့် ထိုသို့တင်လိုက်သည်နှင့် အံဝင်ဂွင်ကျ ဖြစ်သွားတော့သည်။





ထိုသို့တင်ပေးပြီးသောအခါ ရွာသူရွာသားများက တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းထိုနေရာသို့ လာပြီးအရိုအသေပေးကြသည်။

ထုံးတမ်းစဉ်လာအတိုင်း ဂါရဝပြုကြသည်၊ အချို့ကထိုနေရာမှ မြေမှုန့်တို့ကိုယူပြီး ဦးခေါင်းပေါ်တင်သည်။ ထမန်းနက်ကြီးကိုင်ဆောင်သော ဓား၊ လှံ၊ ဒိုင်း၊ လွှား၊ ဒူးလေး၊ မြားတံ၊ မြားဘူးနှင့် အခြားအသုံးအဆောင်ပစ္စည်းတို့ကိုတော့ အလောင်း၏ အောက်ဘက်တစ်နေရာတွင် စုတင်ထားလေသည်။

အချို့ကလည်း ထိုအသုံးအဆောင်ပစ္စည်းများကို လက်ဖြင့်ထိကာ ဂါရဝပြုကြသည်။

ထိုကဲ့သို့တစ်ယောက်ပြီးတစ်ယောက် ဂါရဝပြုနေစဉ်မှာ နောက်ဘက်မှ လူတစ်ယောက်အသံက ကျယ်လောင်စွာပေါ်ထွက်လာသည်။

"သူလာနေပြီ. ."

ထိုအသံကြောင့် တောင်တက်လမ်းရှိရာသို့ အားလုံးလှမ်းကြည့်လိုက်ကြသည်။ နေဝင်ရီတရောအချိန် ရောက်နေပြီ၌ တောင်တက်လမ်းတစ်လျှောက်မှာ အမှောင်ရိပ်များသမ်းနေသည်။ သို့စေကာမူ သွက်လက်စွာပြေးတက်လာသော လူရွယ်တစ်ယောက်၏ ပုံရိပ်သဏ္ဌာန်ကိုတော့ ကောင်းစွာမြင်နေကြရသည်။

မတ်စောက်လှသော တောင်တက်လမ်းကို မရပ်မနား

ဘဲ ပြေးတက်လာသူမှာ နီမောင်ပင်ဖြစ်သည်။ သူသည် တောင်ပေါ်မှာရက်အတော်ကြာအောင် ရှိနေခဲ့ပြီး ရွာသို့ပြန်ရောက်သောအခါ ဖခင်ဖြစ်သူ၏ သတင်းဆိုးကိုကြားသဖြင့် ချက်ချင်းပြေးလိုက်လာခြင်းဖြစ်ပေသည်။

မရပ်မနား ပြေးတက်လာသောကြောင့် တောင်ထိပ်ပေါ်ရောက်လာသည်နှင့် အသက်မရှူနိုင်လောက်အောင် မောဟိုက်နေလေပြီ. . ။

နှလုံးတစ်ခုလုံး ပေါက်ကွဲထွက်တော့မည့်အလား လှုပ်ရှားနေသည် သို့သော်လည်းတောင်ထိပ်ပေါ်မှာ ရှိနေသောလူအုပ်ရှိရာသို့ ပြေးလာနိုင်သည်။

သူပြေးလာတော့ ကျန်လူများက လမ်းဖယ်ပေးကြသည်။ မရပ်မနားပြေးလာသော ခြေထောက်တို့သည် အလောင်းတင် ထားသောနေရာသို့ ရောက်သောအခါ ဇက်ကြိုးဆွဲလိုက်သော မြင်းတစ်ကောင်ပမာ တုံ့ခနဲ ရပ်တန့်သွားသည်။

မယုံကြည်နိုင်သော. .

အံ့သြနေသော. .

ကြေကွဲဝမ်းနည်းနေသော အကြည့်ဖြင့် ဖခင်မျက်နှာကို စေ့စေ့ကြည့်သည်။ မျက်နှာပေါ်မှ အဝတ်စက လေတိုက်သည်နှင့် တဖျပ်ဖျပ်လှုပ်ရှားနေရာ အသက်ဝင်လာတော့သကဲ့သို့ ထင်ရသည်။ ကလန်ကြီးက နောက်ဘက်မှာရပ်နေရင်းမှ နီမောင်ပခုံးကိုကိုင်ကာ နှစ်သိမ့်မှုပေးသည်။





"အဖေဘယ်လိုဖြစ်ပြီး သေရတာလဲ ကလန်ကြီး. ."

"ဝံပုလွေတွေရဲ့ ကောက်ကျစ်ယုတ်မာတဲ့ ထောင်ချောက်ထဲကို ဝင်သွားမိလို့အသတ်ခံလိုက်ရတာပဲ"

ဟု တိုတိုပင် ပြောပြသည်။

"ကနန်မျိုးနွယ်တွေ လက်ချက်မဟုတ်လား"

ကလန်ကြီးက အံကြိတ်ထားရင်းမှ ခေါင်းညိတ်ပြသည်။

"ကလဲ့စားချေရမယ် ဒင်းတို့တစ်ရွာလုံး မြေလှန်ပြီးတော့ သွေးကြွေးဆပ်ပစ်မယ်. ."

"မင်းဖခင်ဟာ ငါတို့မျိုးနွယ်စုတွေရဲ့ သူရဲကောင်းတစ်ယောက်ပဲ၊ သူဟာဘယ်မျိုးနွယ်စုတွေကိုမှ မတရားမလုပ်ခဲ့ဘူး၊ ဘယ်သူတွေကိုမှ ရန်မစဘူး၊ ဒါပေမယ့် ကျူးကျော်လာတဲ့ ရန်သူတွေဆိုရင်လည်း အမြစ်မကျန်အောင် သုတ်သင်ပစ်လေ့ရှိတယ်၊ ဒါပေမယ့် မျှတမှုတော့ရှိဖို့လိုတယ်"

"မျှတမှု. ."

နီမောင်က တအံ့တသြ ရေရွတ်လိုက်သည်။

"သူတို့ကို တိုက်ခိုက်တော့မယ်ဆိုရင် အကြောင်းပြချက်ခိုင်လုံရမယ်၊ သူတို့အပြစ်တွေကို သက်သေနဲ့တကွ ထောက်ပြနိုင်ရမယ်. . အဲ့ဒီလိုသေချာရင် သူတို့ကို ကြိုတင်အသိပေးရမယ်၊ စစ်ပြင်ဆင်ခွင့်ပေးရမယ်. . လျှို့ဝှက်တိုက်ခိုက်တယ် ဆိုတာ သူရဲကောင်းတွေရဲ့ အလုပ်မဟုတ်ဘူး"

နီမောင်က အံကြိတ်ထားရင်းမှ ဆက်မပြောတော့ပေ၊

"အဖေဘယ်လိုသေတာလဲ ကျွန်တော်သိချင်တယ်"

" နောက်တော့ငါသိသမျှ ပြန်ပြောပြမယ်၊ အခုတော့ သူ့ရဲ့ဝိညာဉ်သွားမယ့် ခရီးအတွက်၊ လွတ်လွတ်လပ်လပ်သွားခွင့်ရအောင် ငါတို့လုပ်ပေးရမယ်"

ဟုပြောပြီး ရွာသူရွာသားများက တစ်ယောက်ချင်း နှစ်ယောက်ချင်း တက်ပြီး အရိုအသေပေးကြသည်။

နီမောင်က မနီးမဝေးမှရပ်ကြည့်နေသည်။ အားလုံးပြီးတော့မှ သူ့အလှည့်ရောက်လာသည်။ သူသည်အလောင်းအနီးသို့ တိုးကပ်သွားပြီး ငုံ့ကြည့်လိုက်သည်။ ဖခင်အသက်ရှိနေစဉ်က သူနှင့်အတူရှိနေသောပုံရိပ်တို့က မျက်စိထဲမှာ မြင်ယောင်လာသည်။ သင်ကြားပေးခဲ့သော စကားသံများကို ကြားယောင်လာသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပေးပါအဖေ. . ကျွန်တော်ဘဝတစ်လျှောက်လုံးမှာ အသက်အန္တရာယ်ဘေးတွေနဲ့ ကြုံတွေ့ရတဲ့အခါ အဖေကကျွန်တော့်အတွက် အမြဲအကာအကွယ်ပေးနိုင်ခဲ့တယ်၊ အဖေအသက်အန္တရာယ်ဘေးနဲ့ ကြုံတွေ့ရတဲ့အချိန်ကျတော့ ကျွန်တော်က အကူအညီမပေးနိုင်ခဲ့ဘူး၊ အကာအကွယ်မပေးနိုင်ခဲ့ဘူး၊ ကျွန်တော်ကို ခွင့်လွှတ်ပေးပါအဖေ. ."

ကလန်ကြီးက တံပိုးကို ဆွဲဆွဲငင်ငင်မှုတ်နေသည်။

"ဒါပေမယ့်အဖေ့အတွက် ကလဲ့စားချေပေးပါမယ်၊ အဖေသေွးမြေကျအောင် ပြုလုပ်တဲ့သူတွေအားလုံးရဲ့သွေးတွေ





နဲ့ သွေးကြွေးဆပ်ပေးပါမယ်လို့ ကတိပေးပါတယ်၊ အဖေချစ်တဲ့ ခင်တွယ်တဲ့ သက်မျိုးနွယ်တွေရဲ့ အကျိုးကိုလည်း အဖေ့ကိုယ်စား သယ်ပိုးပါမယ်လို့ ကျွန်တော်ကတိပေးပါမယ်. ."

ထိုနောက်. . မြေပြင်ပေါ်မှာ ဒူးထောက်ထိုင်ပြီးဖခင်အလောင်းကို ကန်တော့သည်။

ကလန်ကြီး၏ တံပိုးမှုတ်သံကလည်း တဖြည်းဖြည်းတိုးတိတ်ပျောက်ကွယ်သွားလေတော့မည်။ ထို့နောက် ကလန်ကြီးက သူ့အနားရောက်လာပြီး ပခုံးကိုကိုင်ဆွဲထူကာ ပြောသည်။

" ဒီကနေ့ကစပြီး မင်းဟာသက်မျိုးနွယ်စုတွေရဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်သွားပြီ၊ ငါတို့မျိုးနွယ်စုတွေအားလုံးရဲ့ အသက်နဲ့ အကျိုးစီးပွားကို မင်းတာဝန်ယူစောင့်ရှောက်ပေးရတော့မယ် နီမောင်. ."

ဟု ပြောတော့ နီမောင်ကဘာမှ ပြန်မပြောပေ၊ ဖခင်ဆောင်ရွက်ခဲ့သော တာဝန်များက သူ့အပေါ်ရောက်လာခဲ့သည်ကို သူ့အနေနှင့် မလွဲမသွေ ဆောင်ရွက်ရပေတော့မည်။

"ထမန်းနက်ဆိုတဲ့ဘွဲ့ကို မင်းလက်ခံရလိမ့်မယ်"

နီမောင်က ခေါင်းခါပြလိုက်သည်။

"ကျွန်တော်အဖေရဲ့ဘွဲ့မျိုး ကျွန်တော်နဲ့ မထိုက်တန်သေးပါဘူး၊ အဖေကသက်မျိုးနွယ်စုတွေရဲ့အကျိုးကို အများကြီးဆောင်ရွက်ပေးခဲ့တယ်၊ တိုက်ပွဲတွေအများကြီး တိုက်ခိုက်ပြီးအောင်မြင်မှုတွေရခဲ့လို့ ထမန်းနက်ဆိုတဲ့ ဘွဲ့ရခဲ့တာပဲ"

"မှန်တာပေါ့ကွာ"

"ကျွန်တော်က အခုမှအစပဲရှိသေးတယ်၊ အားလုံးအတွက် ဘာမှမလုပ်ပေးနိုင်သေးဘူး၊ တိုက်ပွဲအတွေ့အကြုံတွေ ဘာမှမရှိသေးဘူး၊ ဒါကြောင့် . . . "

"အတွေ့အကြုံဆိုတာ ဘဝနဲ့ရင်းပြီးရယူတာမျိုးဆိုတော့ တစ်နေ့ကျရင်မင်းလည်း ရင့်ကျက်လာပါလိမ့်မယ်၊ ထမန်းနက်ဆိုတဲ့ဘွဲ့ကို မင်းမလိုချင်လည်း ယူရလိမ့်မယ်"

နီမောင်က ဘာမှမပြောတော့ပေ၊ အလောင်းစင်အနီးမှာချထားသော ဖခင်၏ပစ္စည်းများထဲမှ ဓားတစ်လက်ကို ကောက်ယူလိုက်သည်။

"တစ်နေ့ကျရင် အဖေဓားနဲ့ အဖေကို လုပ်ကြံခဲ့တဲ့သူတွေရဲ့သွေးကို ရအောင်ယူပေးပါ့မယ်လို့ ကတိပေးပါတယ် အဖေ"

အသုဘ သင်္ဂြိုဟ်သောအခန်းအနားက ပြီးဆုံးသွားခဲ့ချေပြီ။ ကောင်းကင်ပြင်တစ်ဝိုက်မှာလည်း နေညိုခဲ့ပေပြီ. .။ ယခုတော့ သူတို့အားလုံးရင်ထဲမှာ နေဝင်ချိန်တစ်ခုကဲ့သို့ မှေးမှိန်ညှိုးနွမ်းမှုများ ပြည့်နေကြသည်။





# အခန်း(၇)

# တောင်ထိပ်ပေါ်မှ ပုံတင်သံများ

ထိုရက်က နီမောင်တစ်ယောက် ရွာမှာမရှိပေ။ တောင်ပေါ်တက်သွားသည်မှာ ရက်အတန်ကြာနေချေပြီ၊ ထိုရက်မှာပင် သေလာယက္ခရွာသို့ ဘုရင့်တပ်မတော်မှ အထောက်တော်တစ်ယောက် ရောက်လာပြီး ဆင့်ခေါ်စာတစ်စောင် လာပေးသည်။

ထိုအချိန်တွင် ထမန်းနက်ကြီးဘွဲ့ခံ ဦးဒိဗ္ဗမှာရွာ၌ရှိနေပြီး

ကတ္တရံရွာမှ ကနန်ခေါင်းဆောင်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်ပြင်ဆင်နေသည့် အချိန်လည်းဖြစ်သည်။

သေလာယက္ခရွာနှင့် ကတ္တရံရွာတို့ နှစ်ရွာကြားမှာ တောင်ကြားတစ်ခု ရှိနေသည်။

သေမင်းတောင်ကြား၊ မရဏတောင်ကြားဟု အမည်အမျိုးမျိုး ခေါ်ဝေါ်ကြသည့် နဂါးဖြူတောင်ကြားပင် ဖြစ်သည်။ ထိုတောင်ကြားတွင် နက်ရှိုင်းသောချောက်များရှိသည်။ ချောက်ကမ်းပါးအတွင်းမှာ ရွှေတွင်းများ ရှိနေသည်။ နှစ်ပေါင်းများစွာကတည်းက လျှို့ဝှက်စွာရှိနေကြသော ရွှေတွင်းများကို သဘာဝကပေးထားသော အမွေအနှစ်များအဖြစ် နှစ်ရွာစလုံးက တန်ဖိုးထားကြသည်။

ရွှေများကို မမက်မောကြသော်လည်း ပိုင်ဆိုင်ခွင့်ဆိုသော အခွင့်အရေးကိုတော့ နှစ်ရွာစလုံးက မက်မောကြသည်။

ထိုပိုင်ဆိုင်ခွင့်အတွက် မကြာခဏ တိုက်ပွဲများဆင်နွှဲကြရသည်။

သူသေကိုယ်သေ တိုက်ခိုက်ကြရသဖြင့် အသေအပျောက် များစွာရှိကြသည်။

ဓား၊ လှံ၊ အဆိပ်လူးသောမြားချက်များကြောင့် သွေးမြေကျကြရသည်။

ထိုရွှေတွင်းများအတွက် ဒေါသ၊ မောဟ မဆုံးနိုင်သောရန်ငြိုးရန်စများ ဖြစ်ခဲ့ကြရသည်။





အာယာတတရားတို့ ရှည်လျားခဲ့ရသည်။

သေလာယက္ခကို ခေါင်းဆောင်နေသူမှာ ထမန်းနက်အမည်ခံ ဦးဒိဗ္ဗဖြစ်ပြီး၊ ကတ္တရံရွာကိုဦးဆောင်နေသူမှာ မြွေဟောက်နက်အမည်ခံ ဇမုန်းထန်တို့ပင် ဖြစ်ကြလေသည်။

ထိုရွာနှစ်ရွာ ပြဿနာပေါ်တိုင်း ဘုရင့်တပ်မတော်မှ မြင်း သည်ကျော်တို့ ရောက်လာပြီး ဖြေရှင်းဖျန်ဖြေပေးရသည်။

ယခုလည်း ရွှေတွင်းများကိစ္စကို ဖြေရှင်းညှိနှိုင်းပေးမည်ဟုအကြောင်းပြကာ ထမန်းနက်ကိုယ်တိုင်လာရောက်ရမည် ဆိုသောအကြောင်းကြားစာ ရောက်လာချေပြီ. . .။

ထိုဆင့်ခေါ်စာ ရောက်လာပြီး ကတည်းက ထမန်းနက်နှင့်ကလန်ကြီးအပါအဝင် ရွာခေါင်းဆောင်အချို့ ခေါင်းချင်းဆိုင်ကာ ဆွေးနွေးတိုင်ပင်ကြတော့သည်။

"ငါတော့ စိတ်ထဲမှာ ထင့်နေသလိုပဲ၊ သွေးရိုးသားရိုးမဟုတ်ပဲ ထောင်ချောက်တစ်ခုခု ဖြစ်မယ်လို့ ထင်နေတယ်"

ကလန်ကြီးစကားကို ကျန်ခေါင်းဆောင်များကလက်ခံကြသော်လည်း ထမန်းနက်ကတော့ လက်ခံချင်ဟန်မတူပေ၊ နက်မှောင်သော ထူထဲသော မျက်ခုံးများကိုကျုံ့လျက် တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေသည်။

"ထမန်းနက်ကြီး ဘယ်လိုသဘောရသလဲ"

အခြားခေါင်းဆောင် တစ်ယောက်ကမေးလိုက်သည်။

"ဒီကိစ္စကို သေသေချာချာစဉ်းစားနေတယ် ကနန်တွေ

ကတော့ ငါတို့ကို ဒီလိုကောက်ကျစ်မယ် မထင်ဘူး”

“တစ်ဖက်ရန်သူကို လျှော့တွက်ခြင်းဟာ တစ်ဝက်ရှုံးနေပြီလို့ အဆိုရှိတယ်. .၊ စစ်ပွဲတစ်ခုဆင်နွှဲနေတဲ့ အချိန်မှာ အနိုင်ရဖို့အတွက် ဘယ်လိုနည်းပဲသုံးသုံး မတရားတယ်ဆိုတာ မရှိဘူး”

“ဒါလည်းမှန်ပါတယ်၊ အခုဆင့်ခေါ်စာက ကနန်တွေဆင့်ခေါ်တဲ့စာ မဟုတ်ဘူး၊ ဘုရင့်တပ်မတော်က ဆင့်ခေါ်တာဆိုတော့ ဘယ်နည်းနဲ့မှ မသွားလို့မဖြစ်ဘူး၊ တရားပြိုင်ဖြစ်နေပေမယ့် သူက မျက်ကွယ်မှာ တစ်ဖက်သတ်စီရင်ချက်မျိုး ဆုံးဖြတ်ပေးနိုင်တယ်”

ထမန်းနက်က အမျှော်အမြင်ကြီး သူတစ်ယောက်ဖြစ်သည်။ သူထောက်ပြသောအချက်ကို ကျန်လူများက မငြင်းနိုင်ကြတော့ပေ၊ နောက်တစ်နေ့တွင် လက်နက်များပြင်ဆင်သည် သူအားကိုးသော ဓား၊ ဒူးလေး၊ မြားတို့ကိုယူသည်။ ထို့နောက် တိုက်ခိုက်ရေကောင်းသော လက်ရွေးစင်ငါးယောက်နှင့်အတူ မြင်းကိုယ်စီဖြင့် ခရီးထွက်ခဲ့ကြသည်။ ချိန်းဆိုထားသောနေရာက သေလာယက္ခနှင့် ကတ္တရုံနှစ်ရွာကြားမှာဖြစ်သော နဂါးမြုံတောင်ကြားတစ်နေရာ ဖြစ်လေသည်။

ထိုနေရာရောက်အောင် နေ့ဝက်ခရီးမျှ သွားကြရသည်။ ချိန်းဆိုထားသောနေရာ ရောက်သွားတော့ နေ့လယ်ပိုင်းအချိန်ရောက်နေပြီး. .





ထိုနေရာတစ်ဝိုက်မှာတော့ လူရိပ်လူယောင်မတွေ့ရပေ ကနန်မျိုးနွယ်များလည်းမရှိ ဘုရင့်တပ်မတော်သားတို့ကိုလည်း မတွေ့ရပေ။ အခ်ျိန်ကလည်း ချိန်းဆိုထားသည့် မွန်းတည့်ချိန်လည်းရောက်နေချေပြီ. .။

ထမန်းနက်က တောင်ကြားတစ်ဖက်တစ်ချက်မှာ ဝန်းရံလျက်ရှိသော တောင်နံရံများ၊ သစ်တောများရှိရာသို့ အကဲခတ်ကြည့်သည်။

ရန်သူ၏ အရိပ်အယောင်မတွေ့ရသော်လည်း အန္တရာယ် အငွေ့အသက်များကိုတော့ စိတ်ထဲကအလိုလိုသိနေသည်။ အခြေအနေ မဟန်သောကြောင့် နောက်ကြောင်းပြန်လှည့်ရန် ပြင်ဆင်လိုက်စဉ်မှာ လျှို့ဝှက်သောနေရာများမှ ကြိုးသူများ ထွက်လာသည်။ ချိန်းထားသူများတော့ မဟုတ်ပေ. .။

အဆိပ်လူးမြားတံများပင် ဖြစ်သည်။

ထောင်ချောက်မှန်းသိသဖြင့် ချက်ချင်းနောက်ကြောင်းပြန်လှည့်ထွက်သည်။ တစ်ယောက်ကတော့ မြားချက်ထိပြီး မြင်းပေါ်မှ ပြုတ်ကျသွားလေသည်။ ကျန်ငါးယောက်က ထွက်လာစဉ် တောင်ကြားလမ်းအပေါက်ဝ ရောက်သောအခါ အသင့်စောင့်နေသောရန်သူတစ်စုနှင့် ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်ကြရသည်။

ရန်သူများက ရုပ်ဖျက်ထားသောကြောင့် မည်သည့်အဖွဲ့ကမှန်းမသိပေ။ သို့သော်လည်း တိုက်ခိုက်မှု စွမ်းရည်မြင့်မားကြသည်။ တောင်ကြားတစ်ဝိုက်မှာ ဓားချင်းထိသံ၊ လှံချင်းခတ်သံ၊

လွှားချင်းထိသံ၊ ကြိမ်းမောင်းသံ၊ မာန်တင်းသံ၊ အော်သံဟစ်သံများဖြင့် ဆူညံနေလေသည်။ နောက်ဆုံးမှာတော့ တိုက်ရည်ခိုက်ရည်ချင်းတူသော်လည်း လူအင်အားမမျှသဖြင့် တစ်ယောက်ပြီး တစ်ယောက်သေဆုံးသွားကြရာ ထမန်းနက်ကြီးနှင့် အခြားတစ်ယောက်တို့သာ အသက်ရှင်လျက်ကျန်တော့သည်။

သူတို့က လူနည်းစုဖြစ်သော်လည်း ရန်သူအတော်များများကို သုတ်သင်နိုင်သဖြင့် တောင်ကြားမှာ အလောင်းချင်းထပ်နေသည်။

သွေးများကချင်းချင်းနီနေခဲ့ပြီ. . ၊

"ထမန်းကြီး ရန်သူအင်အားများတယ် ကြာကြာတောင့်ခံနိုင်မယ်မထင်ဘူး၊ ထမန်းကြီး လွတ်အောင်ထွက်ပေတော့ သူတို့ကို ငါတားပေးထားမယ်"

"မဖြစ်ဘူး. . . ရန်သူတွေကို ငါတားပေးထားမယ်၊ မင်း လွတ်အောင်ထွက်သွားပြီး ရွာကလူတွေကို အကြောင်းကြားပေတော့"

ဟုပြောသဖြင့် မလွန်ဆန်နိုင်သဖြင့် တစ်ယောက်က ဖောက်ထွက်သွားလေသည်။

နောက်မှလိုက်လာသော ရန်သူများကိုတော့ ထမန်းကြီးက တစ်ယောက်တည်းတိုက်ခိုက်ကာ တားဆီးထားနိုင်ခဲ့လေသည်. . . သို့သော်လည်း. . .

အတန်ကြာအောင် တိတ်ဆိတ်နေသော ကလန်ကြီး၏





ခြောက်ကပ်ကပ်စကားသံအချို့က ပြန်ထွက်လာသည်။

"အများနဲ့တစ်ယောက်ဆိုတော့ သူလည်းမတတ်သာတော့ပဲ အရှုံးပေးခဲ့ရတယ်၊ ငါတို့ရောက်သွားတော့ တိုက်ပွဲကပြီးနေပြီ. . သွေးစွန်းနေတဲ့မြေပြင်မှာ သူ့ကိုပြန်တွေ့ခဲ့ရတယ်"

"ကလန်ကြီးရောက်သွားတော့ အဖေအသက်ရှိနေသေးသလား"

"ငါရောက်သွားပြီး ပွေ့ယူလိုက်တဲ့အချိန်မှာ စကားတစ်ခွန်းနှစ်ခွန်းလောက်တော့ ပြောသွားနိုင်သေးတယ် "

"အဖေဘာမှာသွားသလဲ. . "

"အားလုံးနဲ့ ငြိမ်းချမ်းရေးရအောင် မင်း ဆက်လုပ်ပါစေတဲ့. . "

"ငြိမ်းချမ်းရေး "

နီမောင်ပါးစပ်မှ ရေယောင်ပြီး စကားတစ်ခွန်းထွက်သွားသည်။

"လူတွေရဲ့ အသက်ကို ရက်ရက်စက်စက်သတ်နေကြတယ်၊ အေးချမ်းတဲ့နေရာတွေမှာ သွေးကွက်တွေ စွန်းထင်နေကြတယ်၊ ဒီနေရာတွေမှာ ငြိမ်းချမ်းရေးဆိုတဲ့ဝေါဟာရ အသုံးဝင်ပါတော့မလား"

"မင်းဖခင်ရဲ့ဆန္ဒအတိုင်း မင်း ဆက်ပြီးတာဝန်ယူရမှာပဲ ဒါသက်မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်ရဲ့ တာဝန်ပဲ. . "

နီမောင်က အတန်ကြာအောင်ငြိမ်သက်နေသည်။ မီးဖို

ထဲမှာထည့်ထားသော ထင်းစများကို မီးလောင်နေသောအသံများက တိတ်ဆိတ်နေသော နေရာအနှံ့သို့ ရောက်နေသည်။

"အဖေကိုသတ်တာ ဘယ်သူတွေလဲ"

"ငြိမ်းချမ်းရေးကို မလိုလားသူတွေပဲ ဖြစ်မှာပေါ့"

"ကနန်မျိုးနွယ်က ရှုပ်ထွေးနေတယ်၊ ဒီလိုလည်းအပ်ချမတ်ချပြောလို့ မရသေးဘူး"

"ကျွန်တော် သဘောဆိုရင်တော့ အချိန်မဆွဲတော့ပဲ သူတို့ရွာကို တိုက်ခိုက်ချင်ပြီ. . ."

"စစ်ပွဲတစ်ခုဆိုတာ ဒေါသနဲ့တိုက်ခိုက်ရင် အမှားတွေ့တာများတယ်၊ မင်းဆန္ဒရှိရင် အချိန်ယူစဉ်းစားပြီး သေသေချာချာ စီစဉ်မှဖြစ်မယ်. . ."

မငြင်းသာတော့ပေ. . .။

ကလန်ကြီးစကားကို ဥပေက္ခာပြု၍ မရပေ. .။

သူသည် ဖခင်ရှိစဉ်ကပင် နှစ်ပေါင်းများစွာလက်တွဲလာသူဖြစ်သည်။

ဆိုးတူကောင်းဖက် တိုင်ပင်ဖော်၊ တိုင်ပင်ဖက်ဖြစ်သည်။ တိုက်ပွဲပေါင်းများစွာတို့ အတူလက်တွဲပြီး တိုက်ခိုက်ခဲ့သူဖြစ်သည်။

"အခု ဘာတွေစီစဉ်ထားသလဲ"

"ငါတို့ စစ်ပြင်ထားသင့်တယ်၊ အန္တရာယ်က အချိန်မရွေး ငါတို့ဆီရောက်လာနိုင်တယ်၊ နောက်ပြီး ငါတို့ဘိုးစဉ်





ဘောင်ဆက် ထိမ်းသိမ်းလာခဲ့တဲ့ ရှေ့တွင်းတွေကို သဘာဝအတိုင်း ရှိနေဖို့စောင့်ရှောက်ရမယ်. . နောက်ပြီး. . ."

ကလန်ကြီး ကစကားရပ်သွားပြန်သည်။

"ဘာပြောမှာလဲ"

"ကနန်မျိုးနွယ်ခေါင်းဆောင်ဆီက တမန်တွေလာဖို့ပြောထားတယ်"

"လူသတ်သမားတွေ လူယုတ်မာတွေ. . ."

"လောလောဆယ် အခြေအနေက ဘာမှန်းမသိသေးတော့ သူတို့ကိုချည်း အပြစ်ပြောလို့ မဖြစ်သေးဘူး"

"ကျွန်တော် သူတို့နဲ့ မတွေ့ချင်ဘူး"

"ရန်သူဖြစ်နေရင်တောင် အခုလိုကမ်းလှမ်းလာရင်တွေ့ခွင့်ပေးရတယ်၊ အခုမတွေ့ချင်လည်း အဆင်ပြေတဲ့ တစ်နေ့တွေ့ဖို့ ငါလက်ခံလိုက်ရမလား"

နီမောင်က အခြားထွေထွေထူးထူး ဘာမှမပြောချင်တော့ပေ။ ကြည့်လေရာမှာ ဖခင်၏ပုံရိပ်များကိုချည်း ဝိုးတဝါးမြင်နေရသည်။

နားထဲမှာလည်း ဖခင်၏အသံများက ပဲ့တင်ထပ်နေသည်။ ယခုရက်ပိုင်းမှာ အမေကျန်းမာရေးကလည်း သိပ်မကောင်းလှပေ. . .။

အိပ်ရာထဲမှာ ဗုန်းဗုန်းလဲ မနေသော်လည်း တစ်နေ့တာတည်းမှာ အချိန်အတော်ကြာအောင် ထိုင်နေတတ်သည်။

တိုးအဝေးမှာ မြင်နေရသော မြူနှင်းများရစ်သိုင်းနေသည့် တောင်တန်းကြီးများရှိရာသို့ ငေးကြည့်နေတတ်သည်။ ယခင်က သွက်သွက်လက်လက် လှုပ်ရှားနေတတ်သော မိခင်သည် ယခုတော့ သံပတ်ကုန်သွားသော စက်ရုပ်တစ်ရုပ်လို ငြိမ်ကျသွားလေသည်။

ညအချိန်များမှာလည်း သိပ်မအိပ်တော့ဘဲ မီးဖိုနံဘေးမှာထိုင်ကာ တစ်ခုခုကို ရွတ်ဆိုနေတတ်သည်။ ကောက်ရိုးမီးကဲ့သို့ အတွင်း၌လှိုက်လောင်နေသော အတွင်းမီးသည် မိခင်၏ အသည်းနှလုံးကို တမြေ့မြေ့လောင်ကျွမ်းနေဟန်ရှိသည်။

အပြင်မီးထက် အတွင်းမီးက ငြိမ်းသတ်ရန် ခက်ခဲသည်။

မိခင်သည် ယခင်ကဲ့သို့ ရွှင်လန်းသွက်လက်မှု မရှိတော့သော်လည်း နီမောင်အတွက်တော့ ဝတ္တရားကျေပွန်အောင် ပြုလုပ်ပေးသည်။

"အမေ ကိုယ့်စိတ်ကိုဖြေပါ၊ ဖြစ်ပြီးခဲ့တာတွေက အသစ်ပြန်မရနိုင်တော့ပါဘူး"

နီမောင်က ဖျောင်းဖျတော့ ရီဝေသောမျက်လုံးဖြင့် တစ်ချက်ကြည့်သည်။

"ငါ့ဘာမှ မဖြစ်ပါဘူး၊ သူမရှိတော့ပေမယ့် သူ့ဝိညာဉ်က ငါ့အနားမှာ အမြဲရှိနေတာပဲ. . . အားငယ်စရာ မလိုပါဘူး"

နီမောင်လည်း ထို့ထက်ပိုမပြောသာတော့ပေ. . .။

နောက်ရက်များမှာတော့ အခြားဆောင်ရွက်ရန်ရှိသော





ကိစ္စတို့ကို ခေါင်းထဲထည့်ရတော့သည်။

ယခုအခါ သူသည်သာမန်လူတစ်ယောက် မဟုတ်တော့ပေ။ သက်မျိုးနွယ်စုတို့၏ ခေါင်းဆောင်တစ်ယောက်ဖြစ်လာခဲ့လေပြီ။

မိမိမျိုးနွယ်စုများနှင့်ပတ်သတ်သည့် ကိစ္စများ၊ အခြားမှ အနှောင့်အယှက်ပေးလာမည့် အန္တရာယ်များ၊ နဂါးဖြူတောင်ကြားမှ ရွှေတွင်းများနှင့်ပတ်သက်သော စစ်ပွဲများ၊ ထိုပြင်. . လောလောဆယ် အဖြေမရသေးသော ဖခင်နှင့်ပတ်သက်သည့် ကိစ္စများက သူ့ခေါင်းပေါ်ရောက်လာခဲ့ချေ ပြီ. . .။

အဖေကိုယ်စား ထိုတာဝန်တို့ကို ကျေပွန်စွာဆောင်ရွက်ပေးရတော့မည်။

ဖခင်အတွက် သီးခြားပေးထားသော 'ထမန်းနက်'ဟူသောဘွဲ့ မခံယူသေးသော်လည်း ဖခင်ကဲ့သို့ အများအကျိုးအတွက် ဆောင်ရွက်နိုင်သော လူတစ်ယောက်ဖြစ်ရမည်ဟုတော့ စိတ်ထဲမှာ ဆုံးဖြတ်ထားလေသည်။

သူသည် လေးမြားလက်နက်တို့ကို ယူဆောင်လျက် မြင်းကိုစီးကာ နဂါးဖြူတောင်ကြားဘက်သို့ တစ်ယောက်တည်း ထွက်လာလေသည်။

ဖခင်သွန်သင်မှုဖြင့် တတ်ခဲ့သော မုဆိုးအတတ်ပညာဖြင့် သတ်ဖြတ်နိုင်ခဲ့သော ကျား၏သားရေချုပ်ဖြင့် မိခင်ချုပ်ပေးထားသည့် ကျားသားရေဝတ်စုံများက ယခုတော့ အသားကျနေ

ခဲ့ပြီ. . . ။

နဖူးစည်း၊ ကိုယ်ကျပ်အင်္ကျီ၊ ဘောင်းဘီနှင့် ခြေသိုင်းဖိနပ်တို့ကို ဝတ်ဆင်ထားသည်။

ဖခင်ကိုင်သောဓားကို ကျောမှာ သိုင်းလွယ်ထားသည်။ မြားဘူးကို ခါးမှာချိတ်လျက် လေးကို ကြက်ခြေခတ်လွယ်ထားသည်။

မိခင်ချုပ်ပေးသော အိတ်ငယ်များထဲမှာ၊ ဓားမြှောင်ထည့်ထားသည်။

ရိက္ခာခြောက်အချို့ ထည့်ထားသည်။ ရေဘူးပါသည်။

ကျားသားရေ နဖူးစည်းကို စည်းထားသော်လည်း လည်ကုပ်အထိရှည်သော ဆံပင်များက အချို့လည်ကုပ်ပေါ် မှာ ဝဲကျနေပြီး၊ အချို့မှာ လေတိုက်သဖြင့် နောက်သို့လွင့်နေသည်။

ကျယ်ပြန့်သော နဖူး၊ နက်မှောင်သော မျက်ခုံး၊ စူးရှသော မျက်လုံး၊ တိကျပြတ်သားသော နှုတ်ခမ်း စသည်တို့မှာ ယောကျ်ားပီသသော လက္ခဏာများဖြစ်သည်။

ဖခင်သေဆုံးခဲ့ပြီးနောက် တင်းမာနေသော အမူအရာတို့က သူ၏မူလစရိုက်နှင့်တော့ ဆန့်ကျင်ဘက်ဖြစ်သည်။

နဂါးဖြူတောင်ကြားမှာ အနီးပတ်ဝန်းကျင်တစ်ဝိုက်မှ ဒေသခံအတော်များများ စိတ်ဝင်စားကြသော်လည်း အရဲစွန့်ပြီး မလာဝံ့သော နေရာလည်းဖြစ်သည်။

ထိုတောင်ကြားမှာ ကျောက်နံရံကြီးများ၊ ဂူပေါက်ဝအ





တော်များများရှိသည်။

အချို့ဂူပေါက်များမှာ ရှည်လျားစွာရှိပြီး အတွင်းမှာ မည်းမှောင်နေသည်။

တစ်ကိုယ်လုံး အဖြူရောင်ဖြစ်နေသည့် နဂါးမျိုးနွယ်ဝင်မြွေတစ်မျိုးရှိနေကာ. . ထိုမြွေမျိုးသည် အဆိပ်ပြင်းသည်။

အစွယ်ဖြင့် ထိခြစ်မိရုံ မဟုတ်ပဲ နှာခေါင်းမှ မှုတ်ထုတ်လိုက်သောအဆိပ်ငွေ့များသင့်ရုံနှင့် သေစေနိုင်သည်။

သို့ကြောင့် အတွင်းဝင်သွားမိပါက အသက်ရှင်လျက်နှင့် ပြန်မထွက်လာနိုင်ကြပေ. . . ။

ထိုတောင်ကြားတစ်ဝိုက်မှာ ရွှေထွက်သောနေရာများနှင့် ရွှေတုံးရွှေခဲများရှိသည်။

အချို့က အရဲစွန့်ပြီး ရွှေတုံးများကို ဆင်းယူကြသည်။ ဂူပေါက်ကြီးများနှင့် ရွှေတွင်းများရှိသောနေရာတို့ကို နတ်ဒေဝတာတို့ ဖန်ဆင်းထားသော နေရာများဖြစ်သဖြင့် တော်ရုံလူတို့ မရောက်နိုင်ကြပေ. . . ။

အကယ်၍ ရောက်သွားခဲ့ပါကလည်း နတ်ဒေဝတာတို့ခွင့်ပြုချက်မပေးပဲ ထိုရွှေတုံးများကို ယူဆောင်လာမိပါက အသက်ဘေးအန္တရာယ်တို့ဖြင့် ကြုံတွေ့ကာ သေဆုံးရတတ်သည်ဟု ဒေသခံအတော်များများ အယူစွဲရှိကြလေသည်။

ဒေသခံအတော်များများကတော့ ထိုရွှေတုံးများကို မမက်မောကြပေ. . . ။

သို့သော်လည်း ကနန်မျိုးနွယ်စုများကတော့ ထိုရွှေတုံးများကို မက်မောကြသည်။

မဏိပူရနယ်သားများ၊ မြို့သားများကတော့ ထိုရွှေတုံးများကို မက်မောကြသည်။

တန်ဖိုးထားကြသည်။

ရွှေဟူသော ဝေါဟာရတစ်ခုကိုပင် တန်ဖိုးထားကြသောကြောင့် ရွှေနန်းတော်၊ ရွှေမြို့တော်ဟူသော အမည်နာမကို ခမ်းခမ်းနားနား ပေးကြခြင်းဖြစ်၏။

ကနန်မျိုးနွယ်တို့မှာလည်း ရွှေကိုမက်မောကြသူများဖြစ်သည်။

ထို့ကြောင့် နဂါးဖြူတောင်ကြားတစ်ဝိုက်မှာ ရှိနေသော ရွှေတွင်းများကို ပိုင်ဆိုင်ခွင့်ရရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေကြခြင်းဖြစ်သည်။

ထိုကဲ့သို့ ကြိုးစားနေခြင်းကို ကျန်မျိုးနွယ်စုများက လက်မခံကြပေ. . . ။

ထိုအထဲမှာ သက်မျိုးနွယ်စုများက ရှေ့တန်းမှ ပါဝင်ကြလေသည်။ မဏိပူရတောင်တန်းကြီးများ နဂါးဖြူတောင်ကြားနှင့် ရွှေတွင်းတို့မှာ သဘာဝကပေးထားခဲ့သော လက်ဆောင်များဖြစ်ကြသည်။

ထိုအရာတို့ကို ဖျက်ဆီးမည့်သူ မှန်သမျှ တွန်းလှန်ကြရပေမည်. . . ။





နီမောင်က တောင်ထိပ်ပေါ်ရောက်သောအခါ မြင်းဇက်ကိုသပ်လိုက်သည်။

မြင်းပေါ်မှဆင်းပြီး ပတ်ဝန်းကျင်ကိုကြည့်သည်။

တောင်ထိပ်ရင်ပြင်တစ်ဝိုက်မှာ မြူခိုးငွေ့များ အုံ့ဆိုင်းလျက်ရှိသည်။

ဖခင်ရှိစဉ်က ဖခင်နှင့်အတူ ထိုနေရာသို့ မကြာခဏရောက်ခဲ့ဖူးသည်။

ယခုဖခင် မရှိတော့ပေ. . . ။

သို့သော် သူပြောခဲ့သည့် စကားများက မှတ်တင်ထပ်နေဆဲပင်. . ။

"မဏိပူရတောင်တန်းကြီးဟာ ငါတို့ရဲ့ အမိကမြေပဲ သဘာဝကပေးထားတဲ့ အကောင်းဆုံးလက်ဆောင်တွေပဲ. .

ဒါတွေကိုဖျက်ဆီးဖို့ ကြံစည်တဲ့သူမှန်သမျှ ငါတို့ရန်သူပဲ သဘာဝအမွေအနှစ်တွေကို လုယက်ဖျက်ဆီးတဲ့သူမှန်သမျှ တိုက်ထုတ်ပစ်ရမှာ ငါတို့တာဝန်ပဲ ငါရှိနေရင် ငါလုပ်မယ်. .

ငါမရှိတော့ရင် ကျန်ခဲ့တဲ့သူက ဒီတာဝန်ကို ဆက်လုပ်ရလိမ့်မယ်. . ."

ထိုစကားသံတို့က ဟိုးအဝေးတစ်နေရာဆီမှ ပြန့်လွင့်လာနေသကဲ့သို့ ကြားနေရသည်။

နီမောင်က တစ်မျှော်တစ်ခေါ် မြင်နေရသော ချိုင့်ဝှမ်းလွင်ပြင်များရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်ရင်း သက်ပြင်း

တစ်ချက်ချလိုက်သည်။

“စိတ်ချပါအဖေ အဖေမြတ်နိုးတဲ့၊ တန်ဖိုးထားတဲ့ အရာတွေမှန်သမျှ ဘယ်သူမှ မဖျက်ဆီးစေဖို့ ကျွန်တော်တာဝန်ယူပြီးစောင့်ရှောက်ပေးပါမယ်လို့ ကတိပေးပါတယ်. . .

ကျွန်တော်အသက်နဲ့ ခန္ဓာတည်မြဲသမျှ ဒီနေရာတွေကို ဘယ်သူမှ မဖျက်ဆီးစေရပါဘူး”

နီမောင်က မြေပေါ်မှာ ဓားကိုထောက်ပြီး ဒူးထောက်ထိုင်ကာ တိုင်တည်ရွတ်ဆိုလိုက်သည်။

ထိုအခါ နားထဲမှာ အဝေးမှပြန့်လွင့်လာသော အသံအချို့က တိုးဝင်လာလေသည်။





# အခန်း(၈)

# အန္တရာယ်ကြားမှ အလှပန်းတစ်ပွင့်

အဝေးမှ ပြန့်လွင့်လာသောအသံတို့က လေနှင့်အတူပါလာကြသည်။ နီမောင်က အတွေးစဖြတ်ပြီး အသံကြားရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။

အရှေ့ဘက်တွင် တောင်များဝန်းရံထားသော ချိုင့်ဝှမ်းလွင်ပြင်ကျယ်ကြီးတစ်ခု ရှိသည်။

မျက်စိတစ်ဆုံး ကျယ်ဝန်းပြီး ရေမြေသဘာဝကောင်း

သော နေရာလည်းဖြစ်သည်။

ပထမတော့ လေနှင့်အတူပါလာသော ဆူဆူညံညံအသံတို့ကို ကြားရသည်။

အသံကြားရသောနေရာမှာ အခြားမျိုးနွယ်စုတို့ စုပေါင်းနေထိုင်ကြသော ရွာငယ်ကလေးများရှိရာဘက်မှ ဖြစ်သည်။

မဏိပူရတောင်တန်းများစွာတို့ ရှိကြသည်။

အချို့မျိုးနွယ်စုများမှာ လူသိများပြီး အချို့မျိုးနွယ်စုများကို လူမသိပေ။

မျိုးနွယ်စုလူဦးရေများသောသူတို့က ရွာကြီးများတည်ထောင်ကာနေကြသော်လည်း လူဦးရေနည်းသော မျိုးနွယ်စုများကတော့ ကိုယ့်အစုနှင့်ကိုယ် အုပ်စုဖွဲ့ပြီး နေကြသည်။

အချို့ရွာဟုသာခေါ်သော်လည်း တဲလေးငါးလုံးသာရှိသည်။ အချို့နေရာများမှာတော့ တဲအိမ် (၁၀) လုံး၊ (၁၅)လုံးခန့်စုပေါင်းနေကြသည်။

နီမောင်လှမ်းကြည့်သောအချိန်မှာ တောင်ခြေနှင့်မနီးမဝေးနေရာဘက်မှ ကျယ်လောင်စွာ အော်ဟစ်လိုက်သည့် ဆူဆူညံညံအသံများကို ကြားရသည်။

မသဲကွဲပေ. . .။

ကြည့်နေရင်းမှာပင် မီးခိုးလုံးများတက်လာသည်။

ချက်ချင်း မီးတောက်များတက်လာသည်ကိုပါ မြင်ရသောအခါ သူသဘောပေါက်သွားပေပြီ. .။





တောင်ခြေမှာရှိသော ရွာငယ်တစ်ရွာတွင် အန္တရာယ်ကျရောက်နေချေပြီ. . .။

ထိုအသိစိတ်ဝင်လာသည်နှင့် တွေဝေတုံ့ဆိုင်းနေခြင်းမရှိဘဲ မြင်းပေါ်သို့ ချက်ချင်းပြန်တက်သည်။

ထို့နောက်မှာတော့ မီးခိုးလုံးများတလိမ့်လိမ့် ထွက်နေသော တောင်ခြေရွာရှိရာဘက်သို့ ဦးတည်လျက်ဆင်းလာလေသည်။

တောင်ကြော၏ အောင်ဘက်နားမှာတော့ ရွာတစ်ရွာရှိနေသည်။

ကသည်းမျိုးနွယ်စုများထဲမှာ ရှေးကျသောမျိုးနွယ်စုအချို့ နေထိုင်ကြမှန်းသူသိသည်။

သူသည်သက်မျိုးနွယ်စုတို့၏ ခေါင်းဆောင်ဘဝကိုရောက်ခဲ့ချေပြီ. . .။

ခေါင်းဆောင်ကောင်းတို့မည်သည် မိမိမျိုးနွယ်စုတစ်စု၏ခေါင်းဆောင်သာမက လူသားများအတွက် အကာအကွယ်ပေးနိုင်သည့် ခေါင်းဆောင်တစ်ယောက်ဖြစ်ရမည်ဆိုသော ဖခင်၏ သွန်သင်ပေးခဲ့သောစကားတို့က တစ်ဖန်ပြန်၍ နိုးထလာခဲ့ချေပြီ. . .။

တောင်အဆင်းလမ်းအချို့မှာ ကြမ်းသည်။

အချို့နေရာတို့မှာ မတ်စောက်သည်။

ချိုင့်များ၊ တောင်စောင်း၊ တောင်ခါးပန်းတို့ကို ခက်ခက်

ခဲခဲဆင်းနေရသဖြင့် သာမန်ထက်အချိန်ပိုကြာပြီမှာ ထိုနေရာသို့ရောက်သွားလေသည်။

မြင်ကွင်းကမကောင်းတော့ပေ။

သက်ကယ်နှင့်ဝါးများကိုအသုံးပြုလျက် ဆောက်ထားသော တဲငယ်တို့မှာ မီတောက်ကြီးများက စွဲလောင်နေကြသည်။

မီးခိုးငွေ့များက ကောင်းကင်သို့အလိပ်လိုက်တက်သွားကြ၏။ မီးတောက်များကြားဝယ် ကြောက်လန့်တကြားနှင့် အော်ဟစ်ပြေးလွှားနေသော ရွာသူရွာသားအချို့ကို မြင်းစီးသမားအချို့က အညှာမတာ လိုက်လံသတ်ဖြတ်နေသည်။

မြင်းစီးသမားအားလုံး ရုပ်ဖျက်ထားကြသည်။

ထိုမြင်ကွင်းကိုမြင်တော့ ကလန်ကြီးပြောခဲ့သော စကားသံများကို ချက်ချင်းသတိရလာသည်။

"ရုပ်ဖျက်ထားတဲ့ လူသတ်သမားတွေက မင်းဖခင်ကို ဝိုင်းပြီးတိုက်ခိုက်သတ်ဖြတ်လိုက်တယ်. . ."

ထိုစကားကြောင့် နီမောင် သွေးတို့ဆူဝေလာသည်။ မျက်လုံးမှ မီးတောက်မီးလျှံတို့ ထွက်လာသကဲ့သို့ အရောင်လက်လာသည်။

"လူသတ်သမားတွေ. . ."

အံကြိတ်ထားရင်းမှ ရေရွှတ်ကာကျောပေါ်မှာ လွယ်ထားသော လေးကိုဖြုတ်သည်။

မြားတပ်ပြီး အနီးဆုံးရောက်လာသောတစ်ယောက်ကို





ပစ်သည်။

"ဝှစ်. . ."

"အား. . ."

မြင်းတခြားလူတခြားဖြစ်ပြီး ပြုတ်ကျသွားသည်။

နောက်တစ်ယောက်၊ နောက်တစ်ယောက်။

မြားတံတို့က ပိတုန်းကောင်များပမာ တစ်ချောင်းပြီးတစ်ချောင်း ပြေးထွက်သွားသလို တဲများကိုမီးတုတ်များလိုက်ပစ်တင်နေသူအချို့လည်း မြေပေါ်သို့ကျသွားသည်။

ထိုအခြေအနေကို မီးတောက်မီးလျှံများကြားမှ ရန်သူအချို့က လှမ်းမြင်သွားသည်။

သူတို့ဦးတည်ချက်က ပြောင်းသွားတော့သည်။

နီမောင်က အခြေအနေကိုရိပ်မိသဖြင့် အောက်သို့ခုန်ဆင်းပြီး မြားဘူးထဲမှ မြားတချို့ကိုမြေပေါ်မှာ အဆင်သင့်စိုက်ထားပြီး၊ ပြေးဝင်လာသော ရန်သူတို့ကိုပစ်သည်။

မြားတံတစ်ချောင်းပြီးတစ်ချောင်း ပြေးထွက်သွားသလို တစ်ယောက်ပြီးတစ်ယောက် မြင်းပေါ်မှ ပြုတ်ကျသွားသည်။ နောက်ဆုံးတော့ ရန်သူနှစ်ယောက်သာကျန်တော့သည်။

မြားကကုန်သွားလေပြီ။

လေးကိုပစ်ချပြီး ဖခင်ကိုင်ဆောင်ခဲ့သော တိုက်ပွဲဝင်ဓားကို ဆွဲထုတ်သည်။

ရန်သူနှစ်ယောက်က မြင်းပေါ်မှ ဆင်းလာပြီးတရကြမ်း

ဝင်တိုက်ခိုက်သည်။

ရန်သူတစ်ယောက်နှစ်ယောက်လောက်ကို အနိုင်တိုက်ခိုက်ရန် သူ့အတွက်မခက်ခဲလှပေ. . .။

တစ်ယောက်မှာ ဓားချက်ထိပြီး လဲကျသွားသောအခါ ကျန်တစ်ယောက်က ထွက်ပြေးရန်ကြိုးစားသည်။

ကျောမှာအသင့်ပါလာသောလှံတိုကို ထုတ်ပြီး ပစ်ထိုးလိုက်ရာ ကျောမှဖောက်ဝင်သွားပြီး လဲကျသွားသည်။

ထို့နောက် အခြေအနေက ငြိမ်ကျသွားသည်။ မီးတောက်များမှာလည်း တစ်နေရာမှတစ်နေရာ ကူးစက်ကာ အရှိန်များစွာဖြင့် တောက်လောင်နေလေပြီ. . .။

မီးတောက်များကြားမှာတော့ မခုခံနိုင်သောလူသတ်သမားတို့၏ အလောင်းများ၊ သူတို့သတ်ဖြတ်ခဲ့သော ရွာသူရွာသားတို့၏ အလောင်းအချို့ကို တွေ့ရသည်။

စိတ်မကောင်းဖြစ်မိသော်လည်း မတတ်နိုင်တော့ပေ။

"ငါသာစောစောရောက်လာရင် သူတို့အသက်ကို ကယ်ပေးနိုင်မှာ. . . အခုတော့. . ."

ဟု. . မချိတင်ကဲတွေးမိသည်။

မီးတောက်မီးလျှံများကြားမှာ လိုက်လံကြည့်ရှုသော်လည်း အသက်ရှင်နေသူတစ်ယောက်မှ မတွေ့ရတော့ပေ. .။

သူသည်လက်တစ်ဖက်မှ ဓားကိုကိုင်ထားရင်း ထိုနေရာတစ်ဝိုက်သို့ လှည့်ကြည့်နေစဉ်မှာ တောစပ်တစ်နေရာရောက်





တော့ အန္တရာယ်တစ်ခုနှင့် ထပ်မံတွေ့ရပြန်သည်။

ချုံကွယ်တစ်ခုနောက်မှ ဝုစ်ခနဲမြည်သံ ကြားလိုက်ရသဖြင့် နိုးကြားနေသောစိတ်ဖြင့် ကိုယ်ကိုတစ်ပတ်လှည့်ကာ ရှောင်သည်။

မြားဆစ်ကဲ့သို့ ပြုလုပ်ထားသောသံစူးချွန်တစ်ချောင်းက ပခုံးနားမှာ ဝုစ်ခနဲဖြတ်ကျော်ထွက်သွားသည်။

ရန်သူက ချုံကွယ်နောက်ဘက်မှာ. . .။

မနီးမဝေးသောနေရာရောက်တော့ ရန်သူကိုတွေ့ရသည်။ ယောကျ်ားတစ်ယောက်တော့ မဟုတ်ပေ။

လှပသောမိန်းပျိုတစ်ဦးသာဖြစ်သည်။

သူမက သားရေကြိုးတပ်ထားသော သားရေခွတွင် သံချွန်ထစ်ဖြင့် ချိန်လျက် နောက်တစ်ချောင်းပစ်ရန် ချိန်ရွယ်သည်။

ကြောက်စိတ်ကြောင့် မတည်မငြိမ်ဖြစ်နေရာ လူရောလက်များပါ တုန်နေသည်။

"မပစ်နဲ့၊ ငါရန်သူမဟုတ်. . ."

"ဝုစ်. . . ."

စကားပင်ဆုံးအောင်ပြောခွင့်မရတော့ပေ. . .။

သံစူးချွန်တစ်ချောင်းက ပြေးထွက်လာပြန်သဖြင့် ရှောင်ချိန်ပင် မရလိုက်တော့ပေ. . .။

လက်ထဲမှာကိုင်ထားသည့် ဓားဖြင့် ခတ်ထုတ်ပစ်လိုက်ရ

သည်။ နောက်တစ်ချောင်းထပ်မံမပစ်ခင်မှာ ထိုနေရာသို့ရောက်အောင် ခုန်ဝင်သွားရလေသည်။

"ငါ နင်တို့ရန်သူမဟုတ်ဘူး"

ဘယ်လိုပင်ပြောသော်လည်း ကြောက်စိတ်လွှမ်းနေသောမိန်းမပျိုက ဆောက်တည်ရာမရပဲ အနီးမှာရှိသောကျောက်တုံးကျောက်ခဲများဖြင့် ပစ်ပေါက်ပြန်လေသည်။

ထိုကျောက်တုံးတို့ကို ရှောင်တိမ်းရင်းနှင့်ပင် သူမအနီးသို့ရောက်အောင် ခုန်ဝင်သွားပြီး လက်နှစ်ဖက်စလုံးကို ချုပ်ကိုင်ထားလိုက်သည်။

သို့တိုင်အောင် အလျှော့ပေးသွားသည်တော့မဟုတ်ပေ ထောင်ချောက်မိသွားသော ကျားသစ်ရိုင်းတစ်ကောင်ပမာ ဒေါသတကြီး ရုန်းကန်တိုက်ခိုက်နေပြန်သည်။

နီမောင်အတွက် စောစောကရန်သူများကို တိုက်ခိုက်သတ်ပုတ်ရသည်ထက် ယခုရင်ဆိုင်နေရသော အခြေအနေကို ထိန်းချုပ်ရန်ခက်ခဲနေသည်။ အဘယ်ကြောင့်ဆိုသော်. . အမျိုးသမီးတစ်ယောက်ဖြစ်နေပြီး စိတ်လှုပ်ရှားနေသောကြောင့် ဖြစ်သည်။

နောက်တော့ မတတ်သာတော့ပဲ လက်နှစ်ဖက်ရော ခြေထောက်နှစ်ဖက်ပါ ချုပ်နှောင်ပြီး အပေါ်မှဖိချုပ်ထားရလေတော့သည်။ ပက်လက်အနေအထားမှ ကြောက်ရွံ့ထိတ်လန့်နေသော မျက်ဝန်းအစုံဖြင့် သူ့မျက်နှာကို မော့ကြည့်နေသည်။





သွေးစွန်းနေသည့် နှုတ်ခမ်းများက တဆတ်ဆတ်တုန်နေသည်။ မို့မောက်သောရင်အစုံက လှိုင်းထနေသည်။

နီမောင်ပြောပြနေသော စကားများကို နားလည်လေသလား၊ နားမလည်လေသလား မသိပေ. .။

တစ်ခွန်းမှတော့ ပြန်မပြောပေ. .။

နောက်တော့ရုန်းကန်မှုလျော့သွားသည်။

တစ်ကိုယ်လုံး ပျော့ကျသွားလေသည်။

သူမ သတိမေ့သွားခဲ့လေပြီ. . .။





# အခန်း(၉)

# ရှုပ်ထွေးပွေလိမ် ပင့်ကူအိမ်

မဏိပူရနယ်သည် တောတောင်ထူထပ်သောနယ်ဖြစ်သည်နှင့်အညီ ချိုင့်ဝှမ်းများ၊ လွင်ပြင်ဒေသများ ပေါများသောနေရာဒေသဖြစ်သည်။

ချိုင့်ဝှမ်းဒေသများမှာ ထူထပ်သောတောအုပ်ကြီးများက ဖုံးလွှမ်းထားကြသည်။ သားရဲတိရစ္ဆာန်တို့ ပေါများသောအရပ်ဒေသတစ်ခုလည်းဖြစ်သည်။

ထိုတောင်တန်းများ၊ ချိုင့်ဝှမ်း၊ လွင်ပြင်တို့တွင် ကသည်း

မျိုးနွယ်ပေါင်း(၄၀)ကျော်မျှ နေထိုင်ကြသည်။

မြန်မာနိုင်ငံအတွင်းမှာရှိနေသော နာဂနှင့် ချင်းတိုင်းရင်းသားတို့မှာ ကသည်းမျိုးနွယ်ဝင်များဖြစ်ကြသည်။

အုပ်စုကြီးမားသော နာဂနှင့် မေထေးအုပ်စုကြီးနှစ်ခု ခွဲထွက်လာကြရာ မျိုးနွယ်စုပေါင်း(၄၀)ကျော်မျှရှိကြလေသည်

ထိုအထဲတွင် အချို့ရှေးကျသော မျိုးနွယ်စုကလေးများ လည်းပါဝင်လေသည်။ ထိုမျိုးနွယ်စုကလေးများမှာ လူဦးရေများ သောမျိုးနွယ်စုကြီးများ နှိပ်စက်မှုမခံရလေအောင် ဝေးလံခေါင် သောနေရာများ၊ တောင်မြင့်ကြီးများ၊ တောနက်ကြီးများထဲတွင် ကိုယ့်မျိုးနွယ်စုအချင်းချင်း အုပ်စုဖွဲ့ကာနေထိုင်ကြသည်။

သို့တိုင်အောင် ရက်စက်ယုတ်မာသော မျိုးနွယ်စုက ရက်ရက်စက်စက်သတ်ဖြတ် အနိုင်ကျင့်ခြင်းကိုလည်း ခံကြ သည်။

ယခု နီမောင်ခေါ်လာသော မိန်းမပျိုတို့နေသောရွာမှာ ကသည်းမျိုးနွယ်စုများထဲတွင် ရှေးကျဆုံးမျိုးနွယ်တို့တွင် ပါဝင် သော 'ကချာ'မျိုးနွယ်စုများဖြစ်ကြသည်။

၎င်းကချာမျိုးနွယ်တို့မှာ တောတောင်များအတွင်း လှည့်လှည်နေထိုင်ကြပြီး သီးခြားနေလိုသူများဖြစ်ကြသည်။

အများအားဖြင့်တော့ တောနက်ကြီးများထဲမှာ အုပ်စုဖွဲ့ ပြီး အနေများလေသည်။

၎င်းတို့ အသက်မွေးဝမ်းကျောင်းအလုပ်မှာ အသီးအ





နှက် စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်းနှင့် ပျားဖွပ်ခြင်းလုပ်ငန်းတို့ ဖြစ်ကြသည်။

ပျားဖွပ်ခြင်းအလုပ်မှာ ကချာမျိုးနွယ်စုများ၏ အဓိက အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုဖြစ်သည်။

သူတို့နေထိုင်သော ပတ်ဝန်းကျင်မှာ ကျောက်တောင် ကျောက်ခေါင်းများ၊ ကျောက်ထရံဟုခေါ်သော မတ်စောက် သည့် ကျောက်နံရံများ၊ တောနက်ကြီးများ၊ သစ်ပင်သစ်တော များ ပေါများလှသောနေရာဖြစ်သည်။

ထိုကဲ့သို့သောနေရာတို့ကို ပျားမျိုးစုံတို့က နှစ်သက် သဘောကျကြသည်။

ရာသီအလိုက် ဖူးပွင့်ကြသည့် ပန်းပေါင်းစုံတို့ ပေါသဖြင့် လည်း ပျားများစွာအတွက် ပန်းရည်ဘဏ်တိုက်ဆောက်ရန် အကောင်းဆုံးနေရာများဖြစ်တော့သည်။

ကချာမျိုးနွယ်တို့သည် သစ်တောကျွမ်းကျင်သည်။

ပျားလိုက်၊ ပျားဖွပ်ကျွမ်းကျင်သည်။ ဝတ်ရည်လာစုပ် သော ပျားများပျံသန်းရာဘက်၊ အနိမ့်အမြင့်ကို ကြည့်ရုံဖြင့် ဘယ် အရပ် မိုင်မည်မျှကွာဝေးသောနေရာ၌ ပျားအုံရှိသည်ကို ခန့်မှန်း နိုင်ကြသည်။

ပျားဖွပ်နည်းမျိုးစုံတို့ကိုလည်း တတ်ကျွမ်းသောကြောင့် ပျားရည်ရှာဖွေခြင်းအလုပ်မှာ ၎င်းတို့ အသက်မွေးဝမ်းကျောင်း မှုသော အလုပ်ဖြစ်လာလေသည်။

ကချာမျိုးနွယ်တို့သည် ပျားရည်နှင့် ဆေးဝါးဖော်စပ်မှုနှင့် ဆေးကုသမှုများကို ကျွမ်းကျင်ကြသည်။

ပျားရည်ဖြင့် ဆေးဝါးဖော်စပ်သော ပညာသည် ၄င်းတို့သာတတ်ကျွမ်းသော လျှို့ဝှက်ပညာလည်းဖြစ်သည်။

ပျားရည်ဖြင့်ဖော်စပ်သော အသက်ရှည်ဆေးတို့မှာ နာမည်ကြီးလေသည်။

အခြားမျိုးနွယ်စုများက ဆေးအရက်နှင့် အသက်ရှည်ဆေးတို့ကို အလိုရှိပါက ရွှေ ငွေ၊ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းတို့ဖြင့် လဲလှယ်ဝယ်ယူကြရသည်။

ပျားရည်ဖြင့် ဆေးအရက်ချက်လုပ်သော လျှို့ဝှက်နည်းမှာ. . .

| | |
|---|---|
| မယ်ဇယ်ပွင့် | (၇)ပိဿာ၊ (၆၈)ကျပ်သား |
| အိပ်မွေ့သီး | (၃)ပိဿာ၊ (၈၅)ကျပ်သား |
| ကုန့်ချုပ်နီမြစ် | (၁)ပိဿာ၊ (၉၂)ကျပ်သား |
| ချေးသီး | (၁)ပိဿာ၊ (၉၂)ကျပ်သား |
| ပဲဆိမ့်နီမြစ် | (၉)ကျပ်သား |

၄င်းဆေးများကို အားလုံးထုထောင်း၍ ရေ(၂၃)ပိဿာဖြင့်ပြုတ်သည် ရေ(၇)ပိဿာ (၆၈)ကျပ်သားခန့် ကျန်သောအခါစစ်ယူရသည်။ အေးသောအခါ ယင်းပြုတ်ဆေးရည်တွင် ပျားရည်(၉၆)ကျပ်သား ရောစပ်ပြီး အိုးတစ်လုံး၌ ဖာလာ၊ ပန်းရင်းအကျော်နက်၊ နံ့သာဖြူတို့ အတန်အသင့် ရောစပ်ကာ ပျားရည်





နှင့်ပြုတ်ဆေးရည်တို့ထည့်ရသည်။

အိုးဝကိုပိတ်ပြီး တစ်လခန့်ထားရသည်။

တစ်လပြည့်ပါက ပျားရည်ဖြင့်ဖော်စပ်သောအရက်ဆေးကိုရလေပြီ. . . .။

ထိုဆေးအရက်ကို သင့်တော်သလောက်သုံးစွဲပါက သလိပ်၊ သည်းခြေကြောင့် ဖြစ်သောရောဂါ၊ ဖောရောင်သောရောဂါ၊ နူနာယားနာတို့ ပျောက်ကင်းစေပြီး ကာမခွန်အားအတွက် များစွာအစွမ်းထက်သောဆေးဖြစ်၏။

အသက်ရှည်ဆေးဖော်စပ်ပုံမှာ. . .

| | |
|---|---|
| ပျားရည် | (၁)ပိဿာ (၉၂)ကျပ်သား |
| ထောပတ် | (၁)ပိဿာ (၉၂)ကျပ်သား |
| ဆီ | (၁)ပိဿာ (၉၂)ကျပ်သား |
| အိပ်မွေ့သီးမှုန့် | (၁)ပိဿာ (၉၂)ကျပ်သား |
| ပိတ်ချင်းသီးမှုန့် | (၁)ပိဿာ (၉၂)ကျပ်သား |
| သကြား | (၁)ပိဿာ (၉၂)ကျပ်သား |

၄င်းဆေးများကို စုပေါင်းပြီးထောပတ်သုတ်ထားသောအိုး၌ထည့်ပြီးလျှင် အဝကိုလုံစွာပိတ်၍ မြေ၌မြှုပ်နှံထားရသည်။

မိုးရာသီ၌ မြှုပ်နှံရပြီး၊ နောက်တစ်နှစ် မိုးရာသီရောက်ပြီး တစ်နှစ်ပြည့်သောနေ့တွင် ပြန်ဖော်၍သုံးစွဲနိုင်သည်။ ဆေးသုံးစွဲသမျှ အနာရောဂါကင်းစင်ပြီး အသက်ရာကျော်ရှည်စေပါသည်။

ကချာမျိုးနွယ်တို့သည် ရှေးဟောင်းဆေးဖော်စပ်နည်းတို့ကို ဖော်စပ်အသုံးပြုနိုင်သည်သာမက ဆေးကုသနည်းများလည်း ကျွမ်းကျင်ကြသည်။

သွေးထွက်များသောဒဏ်ရာတို့ကို ငှက်မွေးနှင့် သဲပူရောသိပ်ပြီး ပျောက်စေသည်။

ရေစိမ်ထားသော သားရေပြားဖြင့် အရိုးကျိုးသောနေရာကို ကျပ်စည်းပေးသောနည်းများ၊ ခွဲစိတ်ထားသောဒဏ်ရာနှင့် အသားပေါ်မှာ ပေါက်ပြဲသွားသောဒဏ်ရာတို့ကိုသော်လည်းကောင်း၊ ဝမ်းဗိုက်ကို ခွဲစိတ်ထားသောနေရာများကိုသော်လည်းကောင်း၊ ဒဏ်ရာချုပ်သောနည်းမှာ ခြကောင်များကို အသုံးပြုကြသည်။

ဒဏ်ရာနှုတ်ခမ်းကို လက်ဖြင့်စေ့ပေးထားပြီး ခြကောင်ကြီးများကို ကိုက်ထားစေသည်။

ခြကောင်က ၎င်းအစွယ်ဖြင့် ဒဏ်ရာနှုတ်ခမ်းကို ကိုက်မိသည်နှင့် ခြကောင်လည်ပင်းကို ဖြတ်ချလိုက်သည်။

ဤနည်းကို အသုံးပြုပြီးကွဲနေသောဒဏ်ရာကို စေ့သွားအောင် ချုပ်ပေးနိုင်သည်။

အခြားနည်းဟောင်းများရှိသော်လည်း ဇာတ်လမ်းထောက်မည်စိုးသောကြောင့် မရေးတော့ပြီ. . .။

ထိုအတတ်ပညာများကို တတ်ကျွမ်းသော ကချာမျိုးနွယ်စုတို့မှာ ရက်စက်သူတို့၏ သတ်ဖြတ်ခြင်းကိုခံကြရသည်။





၎င်းတို့နေသောတစ်ရွာလုံး မီးရှို့ဖျက်ဆီးခြင်းခံကြရလေပြီ။ ထိုမျိုးနွယ်စုများမှ အသက်ရှင်လျက်ကျန်နေခဲ့သော သူဆို၍ နီမောင်ခေါ်လာသော မိန်းမပျိုတစ်ယောက်သာရှိပေလိမ့်မည်။ ထိုမိန်းမပျိုကလည်း သတိမေ့နေဆဲပင်ရှိသေး၏။

ဦးဒိဗ္ဗသေဆုံးပြီးကတည်းက သက်ရှင်ကျောက်ရုပ်တစ်ရုပ်လိုငြိမ်သက်နေသော မယ်နန်းမှုံမှာ ယခုတော့မိန်းကလေးအတွက်ပူပန်မှုဖြင့်ပြုစုပေးနေလေသည်။

"သူတို့မျိုးနွယ်တွေဟာ ဒီမဏိပူရတောင်တန်းပေါ်မှာ ရှေးအကျဆုံးမျိုးနွယ်စုတွေပဲ ဘယ်သူ့ကိုမှ ရန်မရှာဘူး၊ သူတို့ဘာသာအေးအေးနေတဲ့သူတွေကို ဘယ်လိုလူတွေက ရက်ရက်စက်စက် ဝင်သတ်သွားတာလဲ"

ကလန်ကြီးဦးထန်ဖုန်းရှိန်က ဒဏ်ရာရထားသော သတ္တဝါတစ်ကောင် ညည်းညူသောလေသံမျိုးဖြင့် မေးလိုက်သည်။

"ကျွန်တော်ရောက်သွားတဲ့အချိန်မှာ တစ်ရွာလုံး ပြာကျနေပြီ၊ အသက်ရှင်တဲ့သူ တစ်ယောက်မှမတွေ့ခဲ့ရဘူး သူတောင်ဘစ်နေရာမှာ ပုန်းနေလို့အသက်ဘေးက လွတ်သွားခဲ့ပုံရတယ်"

"ဘယ်သူတွေဖြစ်နိုင်မလဲ"

"ရုပ်ဖျက်ထားတော့ အသေအချာမသိခဲ့ရဘူး၊ သူသတိရလာရင်တော့ ပြောနိုင်ကောင်းပြောနိုင်မယ်ထင်တယ်"

အနီးမှာရှိနေသူများက သတိမေ့နေသော မိန်းကလေး

ကိုကရုဏာသက်သောမျက်လုံးများဖြင့် ဝိုင်းကြည့်ကြသည်။ သူနှင့်တွေ့စဉ်က ကျားသစ်ရိုင်းတစ်ကောင်လို ကြောက်စရာကောင်းလောက်အောင် ကြမ်းတမ်းစွာရုန်းကန်လှုပ်ရှားခဲ့သောမိန်းမပျိုသည် ယခုတော့ အပြစ်ကင်းစင်သော ယုန်ငယ်တစ်ကောင်ပမာ ငြိမ်သက်စွာဖြင့် ရှိနေချေသည်။

"သူ့အတွက်ခဏထားပြီး ငါတို့အတွက်အရေးကြီးတာတွေ ပြောကြရအောင်"

ကလန်ကြီးက တိုးတိုးကပ်ပြောသဖြင့် နီမောင်က သဘောပေါက်သွားသည်။ ထို့ကြောင့်နေရာမှ ထလာပြီးမေးသည်။

"ဘာတွေထူးသလဲ ကလန်ကြီး"

"သူတို့က ငါတို့နဲ့ဆွေးနွေးဖို့ ကမ်းလှမ်းလာတယ်"

"ဘယ်သူတွေလဲ"

"ကနန်မျိုးနွယ်တွေဆီက အကြောင်းကြားတာပါ"

"လူသတ်သမားတွေနဲ့ ကျွန်တော်မတွေ့ချင်ဘူး၊ တွေ့ဖို့လည်း မလိုတော့ဘူးထင်တယ်၊ သူတို့နဲ့ ရင်ဆိုင်တွေ့ဖို့ဆိုရင် စစ်တိုက်ဖို့ပဲ ကျန်တော့တယ်"

"ဒီလိုလည်း ဆုံးဖြတ်လို့မရသေးဘူး၊ ထမန်းနက်ကို သတ်ခဲ့တာ ဘယ်သူတွေလည်းလို့ အသေအချာမသိရမချင်း စိတ်လိုက်မာန်ပါ မဆုံးဖြတ်သင့်သေးဘူး"

နီမောင် သက်ပြင်းတစ်ချက်ချလိုက်သည်။





"ဟောဒီမှာ ခေါင်ရည်ဘူးနဲ့ဆတ်သားပေါင်ခြောက် ပို့ထားပေးတယ်၊ ဒီလိုပို့ဆောင်ခြင်းဟာ ငြိမ်းချမ်းစွာဆွေးနွေးလိုခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ခေါင်းဆောင်တစ်ယောက်က ဒီလိုကမ်းလှမ်းလာတာတွေကို မငြင်းပယ်သင့်ဘူး"

"ဘယ်တော့လာကြမှာလဲ"

"ဒီကနေ့ည ရောက်လာကြလိမ့်မယ်"

နီမောင်အနေနှင့် စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးမှုများရှိနေသော်လည်း အစဉ်အလာ၊ ဓလေ့ထုံးစံများကိုတော့ ဆန့်ကျင်၍မရပေ။

ညဦးပိုင်းအချိန်မှာ ကလန်ကြီးအိမ်ရှေ့တွင် မီးပုံကြီးဖိုထားသည်။

အသားခြောက်များ ကျပ်တင်ထားသည်။ ပွက်ပွက်ဆူပြီးသော ဖခါးရည်ထည့်ထားသည့် အိုးများကိုလည်း အဆင်သင့်ချထားသည်။

ထို့ပြင် ခေါင်ရည်အိုးများလည်း ပြင်ဆင်ထားသည်။

မီးပုံကြီးကို အလယ်မှာထားပြီး မျိုးနွယ်စုခေါင်းဆောင်တို့က ဟိုဘက်ဒီဘက်မှာ ထိုင်နေကြသည်။

ဒီဘက်မှာ သက်မျိုးနွယ်စုခေါင်းဆောင် နီမောင်၊ ကလန်ကြီး၊ ဦးထန်ဖုန်းရှိန်နှင့် ရွာခေါင်းဆောင်အချို့တို့က နေရာယူထားကြသည်။

ဟိုဘက်မှာတော့ ကနန်မျိုးနွယ်ခေါင်းဆောင် မြွေ

ဟောက်နက်အမည်ခံထားသော ဇမုန်းထန်နှင့် ခေါင်းဆောင်အချို့ထိုင်ကြသည်။

စုစုပေါင်း (၅)ယောက်ဖြစ်သည်။

လက်ဆောင်ပို့ထားသော ခေါင်ရည်နှင့် ဆတ်သားခြောက်ကို စားသောက်ရင်း စကားပြောကြသည်။

မြွေဟောက်နက်ကြီး၏ လည်ပင်းမှာ မြွေဟောက်အစွယ်များဆွဲထားပြီး နဖူးမှာ မြွေဟောက်နက်အရေခွံကို နဖူးစည်းအဖြစ်အသုံးပြုထားသည်။

၎င်းမှာ မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်ပီပီ ရဲရင့်ပြတ်သားသော အမူအရာမျိုးတော့ရှိသည်။

"ကျုပ်တို့အခုလာတာ ထမန်းနက်ကြီအတွက် တောင်းပန်စကားဆိုဖို့ပါပဲ"

"လက်လွန်သွားပြီးမှ တောင်းပန်ဦးမှာလား"

နီမောင်ထံမှ စကားတစ်ခွန်းထွက်သွားသည်။ နောက်ထပ် စကားမလွန်စေရန် ကလန်ကြီးက သူ့လက်ကိုကိုင်လျက်သတိပေးထားရသည်။

"ထမန်းနက်ကြီးအတွက် ကျုပ်တို့မျိုးနွယ်စုတွေလည်း ဝမ်းနည်းနေကြပါတယ်၊ သူ့အတွက်ဆုတောင်းပွဲတွေလည်း တစ်ရွာလုံးလုပ်နေကြပါတယ်"

ထိုစကားကြောင့် ပြောရန်ရည်ရွယ်ထားသောစကားအချို့ပင် လျော့ကျသွားသည်။





"အဲဒီနေ့က သတင်းကြားတာနဲ့ ကျုပ်တို့ချက်ချင်းလိုက်သွားကြပါသေးတယ်၊ ဒါပေမယ့် ထမန်းနက်ကြီးရဲ့အသက်ကိုတော့ မကယ်ပေးနိုင်ကြပါဘူး၊

ဒီအတွက် ကျုပ်တို့အားလုံး စိတ်မကောင်းဖြစ်နေကြရပါတယ်"

"ဒါဖြင့် ရန်သူတွေက ဘယ်သူတွေလဲ လူသတ်သမားတွေကဘယ်သူတွေလဲ"

"ကျုပ်တို့လည်း မသိရသေးပါဘူး၊ ဒါပေမယ့် အဲ့ဒီအဖွဲ့ထဲမှာ ကနန်မျိုးနွယ်အချို့ ပါဝင်နေတာတွေ့ရပါတယ်"

နီမောင်မျက်နှာမှာ တင်းခနဲ ဖြစ်သွားလေသည်။ အံကြိတ်ထားရင်းမှ မြွေဟောက်နက်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်။

သူ့မျက်နှာပေါ်မှာ အမှန်တရားနှင့် ကြေကွဲဝမ်းနည်းမှုတို့ကို တစ်စွန်းတစ်စတွေ့ရသည်။

"ဘယ်လိုကြောင့် သိတာလဲ"

"ကျုပ်တို့ရန်သူတွေနောက်ကို ခြေရာခံလိုက်ရင်းကဒဏ်ရာရထားတဲ့ လူအချို့ကို ဖမ်းဆီးရခဲ့တယ်၊ အဲ့ဒီအထဲမှာ ကနန်မျိုးနွယ်တွေပါတယ်"

"သူတို့ဘယ်မှာလဲ"

"သူတို့အပြစ်ဒဏ်ဟာ သေဒဏ်ပဲ ဖြစ်သင့်တာမို့ သတ်ပြီး တောင်ကြားထဲကို ပစ်ချလိုက်ခဲ့တယ်"

လူသတ်မှုတစ်ခုတွင် မျက်မြင်သက်သေတို့ကို အစဖျောက် သုတ်သင်ခြင်းမျိုးပေမလားဟု တွေးမိသေးသည်။

မြွေဟောက်နက်ကြီးက ခေါင်ရည်တစ်ခွက်သောက်ပြီးမှ စကားပြန်ဆက်သည်။

"ဒီလူမိုက်တွေဟာ ကနန်မျိုးနွယ်တွေဆိုပေမယ့် ကျုပ်တို့လူတွေ မဟုတ်ဘူးဆိုတာတော့ သစ္စာပြုဝံ့ပါတယ်၊ တောင်ကြားထဲ ပစ်ချတယ်ဆိုတာလည်း သာမန်မဟုတ်ပါဘူး သူတို့ရဲ့ ဝိညာဉ်တွေကိုပါ အပြစ်ပေးတဲ့အနေနဲ့ ခွေးအတွေနေတဲ့ တွင်းထဲကို ပစ်ချလိုက်တာပါ"

ထိုသို့ပြောပြီး သောက်လက်စခေါင်ရည်ခွက်ကို ပြန်ချထားလိုက်သည်။

အကယ်၍သာ ကနန်မျိုးနွယ်စုခေါင်းဆောင် မြွေဟောက်နက်ကြီးပြောသည့် စကားအတိုင်း အမှန်ဖြစ်မည်ဆိုပါက အရက်စက်ဆုံးအပြစ်ပေးခြင်းပင်ဖြစ်၏။

"မင်းတို့မျိုးနွယ်စုတွေအနေနဲ့ ငါတို့မျိုးနွယ်စုတွေအပေါ်မှာ သံသယရှိနေမယ်ဆိုတာ သိပါတယ်၊ ဒီသံသယတွေဟာ လွယ်လွယ်နဲ့ ပျောက်ကွယ်သွားမှာလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့အနေနဲ့ တစ်ခုတော့ပြောချင်တယ်"

မြွေဟောက်နက်ကြီးက နီမောင်မျက်နှာကိုတစ်ချက်ကြည့်လိုက်သည်။

"ထမန်းနက်ကြီးသေရတာ ငါတို့မျိုးနွယ်စုတွေ လက်





ချက်ကြောင့်ဆိုပေမယ့် ငါတို့လက်ချက်မဟုတ်ဘူး၊ ဒါကို မဏိပူရတောင်တန်းကြီးတွေကို သက်သေထားဝံ့ပါတယ်"

ထိုသို့ပြောပြီးလာရောက် ဆွေးနွေးသူများက နေရာမှ ပြန်ထလေသည်။

ဆွေးနွေးစရာကိစ္စ ပြီးသွားသည့်သဘောပင်ဖြစ်၏။ ထိုအခါ နီမောင်တို့ကပါ လိုက်ထရပ်ကြသည်။

"မင်းကို ထမန်းနက်ကြီးရဲ့ကိုယ်စား သက်မျိုးနွယ်စုတွေရဲ့ ခေါင်းဆောင်သစ်တစ်ယောက်အနေနဲ့ ငါတို့အသိအမှတ်ပြုပါတယ်၊ မင်းတို့ရင်ဆိုင်နေတဲ့ အရေးကိစ္စအတွက်လည်း ငါတို့ဘက်ကအကူအညီပေးပါ့မယ်"

ထိုသို့ပြောပြီး မြင်းများပေါ် တက်ပြီး ပြန်ထွက်သွားလေတော့သည်။

နီမောင်က မီးပုံနံဘေးမှာရပ်ရင်း ဓားရိုးပေါ်သို့ လက်တင်ထားလေသည်။

အနားမှာရပ်နေသော ကလန်ကြီးကပြောသည်။

"ကနန်မျိုးနွယ်တွေဟာ မာနကြီးတယ်၊ အခြားမျိုးနွယ်စုတွေထဲမှာ ဘယ်တော့မှဒူးထောက်လေ့မရှိဘူး၊ ခေါင်ရည်နဲ့ ဆက်ပေါင်ခြောက် ပို့ပေးတယ်ဆိုတာ သူတို့ဘက်ကအကောင်းဆုံးလိုက်လျောမှုတစ်ခုပဲ"

"ဖျက်မရတဲ့ အမှားတစ်ခုကျူးလွန်ထားမိလို့ သိက္ခာနဲ့ ဖုံးဖိဖို့ကြိုးစားတာရော မဖြစ်နိုင်ဘူးလား"

"အခုအချိန်မှာတော့ အခြေအနေတွေက ရှုပ်ထွေးနေဆဲပဲရှိသေးတယ်၊ မင်းအနေနဲ့ ဘယ်အရာကိုမှ စိတ်လိုက်မာန်ပါမလုပ်မိဖို့တော့ အရေးကြီးတယ်"

နီမောင်ဘာမှမပြောတော့ပေ။

အဝေးသို့ထွက်သွားသော မြင်းခွာသံများက ပျောက်ကွယ်သွားလေပြီ။

ပတ်ဝန်းကျင်မှာ မြူနှင်းများကျပြီး ဝေ့ဝါးနေသည်။ သူ့ရင်ထဲမှာလည်း ဝေ့ဝါးနေသည်။

မီးဖိုမှ မီးတောက်များကဲ့သို့ ရင်ထဲမှာတောက်လောင်နေဆဲပင်. . .

ရှုပ်ထွေးနေသော အခြေအနေတစ်ရပ်က သူတို့အပေါ်သို့ ဖုံးအုပ်ရန်ကြိုးစားနေတာလား. . .

ဒါမှမဟုတ်. . .

သူတို့ကပဲ တိုးဝင်ရန်ကြိုးစားနေကြသည်လား။

အဖြေမသိနိုင်ကြသေးပေ။





# အခန်း(၁၀)

## အချစ်ပန်းဖြင့် လန်းပါစေ

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် နှစ်နှစ်ချိုက်ချိုက်အိပ်ပျော်နေရာမှ နားထဲ၌အသံအချို့ကို စတင်ကြားရသည်။ ရှေးမနှောင်းမှာပင် မိခင်အသံကိုပါကြားရသည်။

"သူ မရှိတော့ဘူး"

ထိုအသံကြောင့် အိပ်နေရာမှ ဆတ်ခနဲထထိုင်လိုက်သည်။ မိခင်က သူ့အနားရောက်လာပြီး စိတ်မကောင်းသော

အသံဖြင့်. . .

“ငါလည်း အတတ်နိုင်ဆုံးပြုစုပေးထားတာပဲ၊ ဒါပေမယ့်”

ဟုပြောရင်း နီမောင်ကိုကြည့်သည်။

နီမောင်က အခြေအနေကို သဘောပေါက်သွားသဖြင့် ကပျာကယာထသွားပြီး အခန်းထဲသို့ကြည့်သည်။

သားမွေးများ အထပ်ထပ်ခင်းထားသော အိပ်ရာပေါ်မှာ သူ မရှိတော့ပေ။

အပူရှိန်ကျန်နေသေးသော မီးပုံဘေးမှာ ဆေးရွက်များ၊ ဆေးမြစ်ဆေးရည်ထည့်ထားသော ခွက်များ၊ ကျပ်ထုပ်ထိုးပေးသောအထုပ်များ ရှိနေသည်။ ထိုအရာများကို မြင်ရုံနှင့် မိခင်ခမျာ သားသမီးတစ်ယောက်လို ပြုစုပေးခဲ့သည်မှာ ထင်ရှားသည်။

ထိုကဲ့သို့ လုံခြုံနွေးထွေးသော အကြင်နာအရိပ်အောက်မှ ပြေးထွက်သွားသောသူမှာ မိုက်မဲလွန်းလှသည်။

သူမအတွက် အားကိုးစရာမရှိတော့ပေ။ အားကိုးစရာမရှိသော လောကနယ်ပယ်သို့ တစ်ယောက်တည်း သွားလာခြင်းမှာ ဘေးအန္တရာယ်တို့နှင့် မလွဲမသွေတွေ့ရမည်မှာ အမှန်ဖြစ်သည်။

ဒါကထားတော့. . .

သူမ မည်သည့်နေရာဘက်သို့ သွားသည်ကို သိနိုင်ရန်





အရေးကြီးသည်။

ထို့ကြောင့် တစ်ညလုံးအိပ်သွားသော အိပ်ရာကိုလက်ဖြင့် စမ်းကြည့်သည်။

ကိုယ်ငွေ့ကျန်နေသေးသဖြင့် နွေးနေဆဲပင်ရှိသေး၏။ အပြင်သို့ထွက်လာပြီး မြင်းဇောင်းကိုကြည့်တော့ တစ်ကောင်မှ မလျော့ပဲရှိသည်။

နီမောင်စိတ်ထဲမှာ တွက်ဆလိုက်သည်။

ခြေလျင်ထွက်ပြေးသွားသော သူမသည် ဘယ်နည်းနှင့်မှ ဝေးဝေးရောက်လိမ့်ဦးမည်မဟုတ်ပေ။

ထို့ကြောင့် ချက်ချင်းဆိုသလို လေးနှင့်မြားကိုယူသည်။ ဓားကိုယူပြီး မြင်းတစ်ကောင်နှင့် အပြင်ဘက်သို့ ဒုန်းဆိုင်းထွက်ခဲ့သည်။

ဘာကြောင့် ထိုမျှလောက် အလောတကြီးလုပ်နေမိမှန်း သူကိုယ်သူပင် နားမလည်တော့ပေ။

မြင်းစီးလာရင်းမှ သူမဦးတည်ရာကို ခန့်မှန်းကြည့်သည်။ တစ်ရွာလုံး မီးလောင်ပြင်ဖြစ်နေသော နေရာဟောင်းဘက်သို့ ပြန်သွားသည်မှာ ဖြစ်နိုင်စရာအကောင်းဆုံး အခြေအနေဖြစ်သည်။

ထို့ပြင် ညဥ့်ဦးပိုင်းက ကနန်မျိုးနွယ် ခေါင်းဆောင်များရောက်လာကြသည်။

မနက်လင်းတော့ ဒုက္ခသည်မိန်းကလေးကို မတွေ့ရ

တော့ပေ။ လောလောဆယ်တော့ ထိုမိန်းကလေးသည် မျက်မြင်သက်သေအဖြစ် တစ်ဦးတည်းကျန်ခဲ့သူဖြစ်သည်။

ကနန်မျိုးနွယ်အချို့ကိုသတ်ပြီး ခွေးအ,တွင်းထဲ ပစ်ချခဲ့သလို သူမကိုလည်း ထိုကဲ့သို့ မပြုလုပ်ဘူးဟု မည်သူကမှ အာမခံချက်မပေးနိုင်ကြပေ။

ထိုအတွေးများက သူ့စိတ်ကို လှုပ်ရှားနိုးကြားစေသည်။ ထို့အတူ မိန်းကလေးတစ်ခုခုဖြစ်သွားမှာကိုလည်း စိုးရိမ်နေမိသည်။

"သူကဒုက္ခသည်တစ်ယောက်ပဲ ဒုက္ခတွင်းထဲပြန်ဆင်းသွားတော့လည်း ဘာထူးမှာလဲ၊ ငါကဘာကြောင့်သူ့အတွက် စိုးရိမ်သောကရောက်နေရတာလဲ"

ဟု အသံမထွက်ပဲ ပြန်မေးကြည့်သည်။

ထိုအဖြေကို စိတ်တစ်နေရာမှ သိနေသော်လည်း ဖြေရမှာတော့ ဝန်လေးနေသည်။

စိတ်စောနေသောကြောင့် မြင်းကိုဒုန်းစိုင်းလာခဲ့ရာ အတန်ကြာသောအခါ ကျောက်ဂူစခန်းတစ်ဝိုက်သို့ ရောက်လာသည်။

ထိုနေရာသည် ဖခင်လုပ်ကြံခံရသောနေရာဖြစ်သည်။ ယခုတော့ ကျောက်ဂူစခန်းတစ်ဝိုက်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

အလင်းရောင်ရလာသော်လည်း မြူနှင်းများက မကွဲ





သေးပေ။ ထိုနေရာသည် သူ့ဖခင်သွေးမြေကျခဲ့သောနေရာဖြစ်သည်။

ဓားချင်းထိသံ၊ လှံချင်းခတ်သံ၊ ကြုံးဝါးသံ၊ မာန်တင်းသံတို့ဖြင့် အံသက်လုခဲ့ကြသောနေရာဖြစ်သည်။

နီမောင်က အံကိုတင်းတင်းကြိတ်ထားရင်း ထိုနေရာတစ်ဝိုက်ကိုကြည့်သည်။

ပကတိငြိမ်သက်လျက်ရှိသည်။

ထိုစခန်းမှကျော်လျှင် ဟိုဘက်မှလွင်ပြင်တစ်ခုရှိသည်။

လွင်ပြင်ဟိုဘက်မှာတော့ တစ်ခါက ကချာတို့နေခဲ့သောရွာဟောင်းများရှိသည်။

ယခုတော့ မီးလောင်ပြင်သာရှိတော့မည်။

နီမောင်က ကျောက်ဂူစခန်းမှ ကျော်ပြီးတောင်ကုန်းပေါ်တက်သည်။

လွင်ပြင်တကြောမှာတော့ ထူးထူးခြားခြားဘာမှ မတွေ့ရပေ၊ သို့သော် တစ်ဖက်တောင်ကုန်းထိပ်ပေါ်မှာတော့ လူရိပ်သိုလိုလှမ်းမြင်ရသည်။

မြူနှင်းများဝေ့ဆိုင်းနေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

သေချာပေပြီ. . ထွက်ပြေးသွားသော မိန်းမပျိုသည် သူ့နေရာဟောင်းသို့ ပြန်သွားခဲ့လေပြီ။

ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ ထိုနေရာဘက်သို့

ဦးတည်ကာသွားလေသည်။

ထိုနေရာရောက်တော့ တောင်ကြောပေါ်မတက်တော့ပဲ တောင်ကြားလမ်းဘက်မှ ကွေ့ဝင်သည်။

အတွင်းဘက်မှာတော့ မီးလောင်လွင်ပြင်တစ်နေရာမှာ သမင်ပျို့ကို ဝပုလွေသုံးကောင်ကပတ်ဝိုင်းထားသည်ကို တွေ့ရသဖြင့် မြင်းကို ဒုန်းစိုင်းဝင်သွားသည်။

ရန်သူသုံးယောက်က အစာရကာနီးမှ အနှောင့်အယှက်ပေါ်လာသဖြင့် နောက်ရောက်လာသူကို တိုက်ခိုက်ရန် ပြင်ဆင်သည်။

နီမောင်က ဓားကိုထုတ်ကာ တရကြမ်း ပြေးဝင်သွားပြီး တိုက်ခိုက်လေတော့သည်။

ဓားချင်းထိသံ၊ ကြိမ်းမောင်းသံတို့ ဆူညံစွာပေါ်ထွက်လာသည်။

သုံးယောက်တစ်ယောက် တိုက်ခိုက်ရသော်လည်း နီမောင်အတွက် အခက်အခဲတော့ မရှိလှပေ။

အချိန်တိုတိုအတွင်းမှာပင် ရန်သူနှစ်ယောက်လဲကျသွားအောင် တိုက်ခိုက်နိုင်သည်။

ကျန်တစ်ယောက်ကလည်း အခြေအနေမဟန်တော့သဖြင့် ကျောက်တုံးများနောက်သို့ ထွက်ပြေးသွားလေသည်။

ထိုအခါမှ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ အမျိုးသမီးကို အနီးမှာမတွေ့ရတော့ပေ။





ပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်တော့ မနီးမဝေးမှာရှိသော တောင်ကြောတစ်ခုကို ပြေးတက်ရန်ကြိုးစားနေသည်ကို တွေ့ရသဖြင့် နောက်မှပြေးလိုက်သွားသည်။

သူလိုက်လာတာမြင်တော့ အပေါ်ရောက်အောင် ကုတ်ခြစ်တက်နေသည်။

"ဟေ့ မပြေးနဲ့၊ ငါ မင်းကိုရန်ပြုမဲ့သူ မဟုတ်ဘူး"

ထိုသို့အော်သော်လည်း မရပ်ပေ၊ အပေါ်ရောက်အောင် ကြိုးစားတက်နေသည်။

အကယ်၍ အပေါ်ထိပ်သို့ရောက်သွားပါက သူမကို ပြန်ဖမ်းမိဖို့ မလွယ်တော့ပေ။

မတတ်သာလျှင်တော့ ခြေထောက်ကို မြားနှင့်ပစ်ချရန် စိတ်ကူးမိသည်။

သို့သော်လည်း ထိုအတိုင်းလုပ်ရန်မလိုတော့ပဲ ခြေခေါက်ပြီး အောက်သို့တလိမ့်ခေါက်ကွေး ပြန်လျှောကျလာသည်။

နီမောင်ကထိုနေရာသို့ ပြေးသွားပြီး ချုပ်နှောင်ထားလိုက်သည်။ သို့တိုင်အောင် ကျားသစ်မလေး တစ်ကောင်ပမာ အစွမ်းကုန် ကုတ်ခြစ်တိုက်ခိုက်နေရာ လက်သည်းခြစ်ရာ၊ ကုတ်ရာများ ရလာသည်။

"ငါ မင်းကိုအန္တရာယ်ပေးဖို့ မဟုတ်ဘူး၊ မတရားနှိပ်စက်ချင်လို့ လိုက်ဖမ်းနေတာမဟုတ်ဘူး၊ မင်း ငါပြောတဲ့စကားကို နားလည်သလား"

အပေါ်မှ ဖိထားရင်းမေးတော့ မျက်လုံးအပြူးသားဖြင့် မော့ကြည့်လေသည်။

"မင်းမှာ အားကိုးရမယ့်သူတွေ တစ်ယောက်မှမရှိတော့ဘူး၊ မင်းတို့တစ်ရွာလုံးပြာကျနေပြီ လူတွေအားလုံးသေကုန်ပြီ၊ မင်းဘယ်လိုသွားမှာလဲ ဘယ်သူဆီသွားမှာလဲ"

ဘာတစ်ခွန်းမှ ပြန်မပြောသေးပေ။

"ငါက မင်းကိုကယ်တင်ပေးမလို့ပါ၊ မင်းမနေချင်လည်း မထားပါဘူး၊ ဒါပေမယ့် ဒီအတိုင်းလျှောက်သွားနေရင်တော့ မကြာခင် အန္တရာယ်တွေနဲ့တွေ့မှာပဲ၊ မင်း ငါပြောတာတွေကို အခုထိ မယုံသေးဘူးလား"

ထိုအချိန်မှာ ရုန်းကန်အားလျော့သွားပြီး သူမကိုယ်ခန္ဓာက ပျော့ကျသွားသဖြင့် နီမောင်က လွှတ်ပေးလိုက်သည်။

"မင်း ငါနဲ့ပြန်မလိုက်ချင်လည်း သဘောပါပဲ၊ အတင်းအကျပ် ပြန်မခေါ်တော့ပါဘူး၊ မင်းသွားမယ့်နေရာကို ငါမြင်းနဲ့ လိုက်ပို့ပေးရမလား"

ဒီတစ်ကြိမ်တော့ ခေါင်းခါပြသည်။

သူပြောနေသော်စကားများကို နားလည်သည့်သဘောပင်၊ သူလိုက်ပို့တာကို ငြင်းပယ်သည်ဆိုတော့ သူ့သဘောနဲ့သူ သွားမည့်သဘောမျိုးဖြစ်သည်။

နီမောင်က ဘာမှ ထပ်မပြောပဲ ထိုနေရာမှ ပြန်လှည့်ထွက်ရန်ပြင်သည်။





သို့သော် ခြေထောက်များက တစ်စုံတစ်ခုက ဆွဲထားသကဲ့သို့ လေးလံနေသည်။

စိတ်တင်းပြီး နောက်သို့လှည့်ထွက်လာပြီး တစ်လှမ်းနှစ်လှမ်းရောက်မှ ပြန်လှည့်ကြည့်သည်။

မိန်းကလေးက ဒူးနှစ်လုံးပေါ် မျက်နှာအပ်ပြီး ငိုနေလေ၏။ မျက်ရည်စက်လက်နှင့်ဖြစ်နေသော မိန်းကလေးတစ်ယောက်ကို လူသူမနီးသည့် တောတောင်ထဲမှာတစ်ယောက်တည်း ပစ်ထားခဲ့ရလောက်အောင်အထိတော့ သူ့စိတ် မမာနိုင်သေးပေ။

သို့ကြောင့် ထိုအနီးသို့ပြန်လျှောက်သွားပြီး အနားမှာ ဒူးထောက်ထိုင်ချလိုက်သည်။

"မင်း ငါနဲ့ပြန်လိုက်ခဲ့မလား"

မျက်ရည်စွန်းသောမျက်ဝန်းဖြင့် မော့ကြည့်သည်။

"မင်းရင်ထဲမှာ ဘယ်လောက်ကြေကွဲဝမ်းနည်းနေတယ်၊ ခံစားနေရတယ်ဆိုတာ ငါနားလည်းပါတယ်၊ မင်းစိတ်ထဲမှာ မင်းတို့တစ်ရွာလုံးကို ဒုက္ခပေးသွားတဲ့သူတွေကို ကလဲ့စားချေချင်နေတယ်မဟုတ်လား"

ထိုစကားကြားတော့ ခေါင်းညိတ်ပြလေရာ မျက်ဝန်းမှာခိုတွဲနေသော မျက်ရည်ပေါက်များက မြေပေါ်သို့ပေါက်ခနဲ ခုန်ဆင်းသွားကြသည်။

"တစ်နေ့ကျရင် မင်းမိဘတွေ ဆွေမျိုးသားချင်းတွေကို

ရက်ရက်စက်စက်သတ်ဖြတ်သွားတဲ့ လူယုတ်မာတွေကို ပြန်ပြီး ကလဲ့စားချေနိုင်အောင်ငါ အကူအညီပေးပါမယ်၊ အခုတော့ မင်း တစ်ယောက်တည်းလျှောက်သွားနေရင် အန္တရာယ်တွေ့လိမ့် မယ်"

ထိုသို့ပြောသော်လည်း မျက်ရည်ကျနေရင်းမှပင် နီ မောင့်မျက်နှာကိုကြည့်နေသည်။

"မင်း အခုထိ ငါ့အပေါ်မှာ မယုံသေးဘူးလား၊ ငါကမင်း ကို နှိပ်စက်မယ်သူ၊ ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး၊ မင်းအသက် ကို ကယ်ပေးခဲ့တဲ့သူပါ"

ထိုသို့ပြောပြီး လက်ကမ်းပေးလိုက်တော့ လှမ်းကိုင် သည်။ နီမောင်က ဆွဲထူလိုက်တော့ နေရာမှထလာသည်။

ထိုသို့အနီးကပ်တွေ့ရတော့မှပင် သူ့ရှေ့မှာရောက်နေ သောမိန်းကလေးမှာ အသားအရေကောင်းပြီး၊ ရုပ်ရည်ချောမော သူတစ်ယောက်ဖြစ်မှန်း သတိပြုမိတော့သည်။

နက်မှောင်သောဆံပင်၊ ပြန့်ပြူးသောနဖူး၊ ထူထဲသော မျက်လုံး၊ တောက်ပသောမျက်ဝန်း၊ ဖြောင့်စင်းသောနှာတံ၊ နီ ထွေးသောနှုတ်ခမ်း. . .

စသည်တို့မှာ မိန်းမချောတစ်ယောက်ဖြစ်စေရန် အ ထောက်အပံ့ပေးထားကြသည်။

မို့မောက်သောရင်နှင့် အချိုးအဆစ်ကျသောအရပ် အ မောင်း ကိုယ်လုံးကိုယ်ထည်တို့ကလည်း ပုရိသယောကျ်ားတို့၏





စိတ်ကို ဆွဲဆောင်နိုင်ကြသည်။

မျက်ရည်စွန်းသောမျက်ဝန်းသည်ပင် အလှဆုံးဖြစ်နေ ပေတော့သည်။

"မင်းနာမည် ဘယ်သူလဲ"

"ပုဏ္ဏမာ. . . ."

တစ်လုံးချင်းပြန်ပြောသည်။

လှလိုက်တဲ့နာမည်. . .၊ ပုဏ္ဏမာဆိုသော အဓိပ္ပာယ် မှာ လကိုကိုယ်စားပြုသော အမည်တစ်ခုပင်ဖြစ်၏။

သို့သော် သူမဘဝကတော့ အေးချမ်းမှုမရှိခဲ့ပါချေ။

"ငါ့နာမည်က နီမောင်လို့ခေါ်တယ်၊ ငါက သက်မွေးနွယ် စု ခေါင်းဆောင်တစ်ယောက်ပဲ၊ ငါ မင်းကိုခေါ်သွားမယ် ပြီးရင် တစ်သက်လုံးစောင့်ရှောက်ထားမယ် မင်းလက်ခံမလား. ."

မယုံကြည်သော အကြည့်ဖြင့်မော့ကြည့်သည်။

"ငါလည်းမင်းလိုပါပဲ ဖခင်သေဆုံးသွားတာ မကြာသေး တော့ အပူမီးတွေဝိုင်းနေတဲ့ လူတစ်ယောက်ပါပဲ၊ ဒါပေမယ့် မင်းအတွက်ဘာကြောင့် ဒီလောက်လိုက်လုပ်နေတယ် မင်းအ တွက်စိုးရိမ်နေရတယ်ဆိုတာမင်း မသိဘူးလား ပုဏ္ဏမာ. .။

ပုဏ္ဏမာက ကြည့်မြဲကြည့်နေရာ သူမကိုယ်ကလေးကို ရင်ခွင်ထဲထည့်ပြီး တင်းတင်းဖက်ထားလိုက်သည်။

ဒီတစ်ခါမှာတော့ ပုဏ္ဏမာက ရုန်းဖယ်ခြင်းမပြုတော့ပဲ ငြိမ်သက်နေသည်။

နီမောင်က သူမ၏နဖူးပြင်ကို တစ်ချက်နမ်းလိုက်ရင်း တိုးတိုးပြောလိုက်သည်။

"ငါမင်းကိုချစ်နေမိပြီ ပုဏ္ဏမာ. . ."

ထိုသို့ပြောသောအခါ တအံ့တသြဖြင့် မော့ကြည့်သည်။ ပြီးတော့မှ အားကိုးတစ်ခုတွေ့သွားသည့်အလား နီမောင်ကိုယ်ကို ပြန်ဖက်ထားလိုက်သည်။

နီမောင်က သူမကို နှစ်သိမ့်မှုပေးလိုက်သည်။

"ဘာမှ အားမငယ်ပါနဲ့ ပုဏ္ဏမာ၊ မင်းရဲ့ဘဝခရီးတစ်လျှောက်လုံး ရှေ့ကနေရပ်ပြီး ငါစောင့်ရှောက်ကာကွယ်ပေးမှာပါ"

"အမောင်. . ."

ရင်ခွင်ထဲမှာ ခေါင်းဝှက်ထားရင်း တိုးတိုးခေါ်သည်။

"ဘာလဲ ပုဏ္ဏမာ"

"ငါကိုချစ်တယ်ဆိုတာ တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့ ပုဏ္ဏမာရယ် ငါမင်းအပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်တာပါ. ."

"ငါဘဝမှာ ဒီလိုအချစ်မျိုးနဲ့တစ်ခါမှ အတွေ့ခဲ့ရသေးဘူး ဒါပေမယ့် ရင်ထဲမှာတော့ ကျေနပ်နေပါတယ်၊ ငါလည်းအမောင်ကို ဒီလိုအချစ်မျိုးနဲ့ ချစ်နေမိပါတယ်"

"ဝမ်းသာလိုက်တာ ပုဏ္ဏမာရယ်. . ."

နီမောင်က သူမကိုယ်ကလေးကို ထွေးဖက်ထားရင်းမှ





မြင်းရှိသောနေရာသို့ ခေါ်လာလေသည်။

ထို့နောက် သူမကို မြင်းပေါ်တင်ပေးပြီး နီမောင်ကပါ မြင်းပေါ်တက်ပြီးနောက် ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

တောင်မြင့်များထိပ်တွင် မြူခိုးငွေ့များ ရစ်သိုင်းလျက်ရှိနေကြသည်။

အရှေ့ဘက်တောင်တန်းများပေါ်မှကျော်ပြီး အလင်းရောင်အချို့ တက်လာနေသည်။

နှင်းခဲများ ပျော်ကျစပြုနေသော တောင်ခါးပန်းများတွင် ရောင်စုံတောင်ဇလပ်ပန်းတို့ ဖူးပွင့်နေရာ ရောင်စုံပန်းချီကားတစ်ချပ်နှင့်ပင် တူနေတော့သည်။

ယခုတော့လည်း သဘာဝမြင်ကွင်းများက ယခင်ကထက် ပိုမိုလှပနေကြသည်။

အချစ်သည်. . . အရာအားလုံးကိုလှပစေသော မြင်ကွင်းမျိုးဖြစ်စေနိုင်သည့် စွမ်းအားမျိုးရှိပေသည်။





# အခန်း(၁၀)

# မရဏကျော့ကွင်းသို့ တိုးဝင်မိခြင်း

နွေဦးရာသီဝင်စပြုချေပြီ. . . . ။

ဆောင်းရာသီတစ်လျှောက်လုံး သိုင်းခြုံထားသော နှင်းသင်တိုင်းတို့က အရည်ပျော်စပြုနေချေပြီ. . ။

ထို့အရည်ပျော်စပြုနေချေပြီ။

ဟိုးအဝေးမှာရှိသော တောင်တန်းများပေါ်မှာ တစ်လျှောက်လုံးမြင်နေရသော အဖြူရောင်နှင်းများအစား အစိမ်း

ရောင်များ ကွက်တိကွက်ကြားပေါ်လာသည်။

ယခင်ကနှင်းများဖုံးထားသောကြောင့် သဘာဝအရောင်ကို ပြခွင့်မရခဲ့သော သစ်ပင်သစ်ညွန့်တို့ ခေါင်းထောင်လာကြသည်။

အစိမ်းနုရောင်၊ အစိမ်းရင့်ရောင်တို့ ပေါ်လာသည်။ မဏိပူရတောင်တန်းများပေါ်မှာ တောင်ဇလပ်ပင်ပေါင်းမြောက်မြားစွာ ရှိသည်။

အမျိုးအစားစုံလင်သလို ပန်းပွင့်တို့၏ အရောင်အသွေးကလည်း မျိုးစုံလှသည်။

နွေဦးပေါက်ရာသီ အလှကားပတ်ဝန်းကျင်ကိုလွှမ်းခြုံထားသည်။ တောင်တန်းများပေါ်မှာ ရာသီဥတု သာယာလာလျှင်. . . ဆောင်းရာသီတစ်လျှောက်လုံး ခိုအောင်းနေသော တိရစ္ဆာန်တို့ အပြင်ထွက်လာကြတော့မည်။

ဆေးဘက်ဝင်တန်ဖိုးရှိသော ကတိုးကောင်၊ တောင်ဆိတ်နှင့် တာကင်(သားမင်း)ကောင်တို့ တောင်ခြေမှာသာ ရှိသော ဆားကျင်း(ကျစ်တွင်း)များရှိရာသို့ ဆင်းလာတော့မည်။

ရာသီဥတုသာယာသော နွေဦးပေါက်ရာသီတွင် ဒေသခံတို့အတွက် ပျော်ရွှင်ဖွယ်ဖြစ်သလို အလုပ်များချိန်လည်း ဖြစ်ကြသည်။

တောင်ယာစိုက်သူများ၊ တောင်ယာချဲ့ထွင်သူများက တောင်ယာသို့သွားကြသည်။





အမဲလိုက်မည့်သူများ လက်နက်လေးမြားတို့ကို ပြင်ဆင်ပြီး တောထဲဝင်၊ တောင်ပေါ်တက်ကြသည်။

သစ်ခွပန်းနှင့် ဆေးမြစ်ဆေးဥရှာဖွေသူတို့ကလည်း တောအနှံ့တောင်အနှံ့ ခရီးထွက်ကြရသောအချိန်လည်း ဖြစ်ပေသည်။

မဏိပူရတောင်တန်းဒေသတစ်ဝိုက်သည် ရေမြေသဘာဝ၊ ရာသီဥတုကောင်းမွန်သဖြင့် မှီတင်းနေထိုင်ကြသော မျိုးနွယ်စုများစွာတို့ ရှိကြသည်။

ရှေးအခါကတော့ အေးအေးချမ်းချမ်းရှိခဲ့ကြသော်လည်း နောက်ပိုင်းမှာတော့ စစ်ပွဲများဖြစ်ခဲ့ကြသည်။

နယ်မြေလုကြရာမှ မျိုးနွယ်စုအချင်းချင်း တိုက်ခိုက်ကြရခြင်းဖြစ်သည်။

နီမောင်တို့နေသော သေလာယကွာမှာ ရှေးအခါကအေးချမ်းသာယာသောရွာတစ်ရွာ ဖြစ်ခဲ့သော်လည်း ယခုမငြိမ်သက်တော့ပေ။ နဂါးဖြူတောင်ကြား၌ရှိသော ရွှေတွင်းများကိုအကြောင်းပြုကာ ပဋိပက္ခများ ဖြစ်ကြရသည်။

ထမန်းနက်ကြီး လုပ်ကြံခံခဲ့ရပြီးနောက်ပိုင်းမှာ အခြေအနေတို့က ရှုပ်ထွေးလျက်ရှိသည်။

ရွှေတွင်းများရှိသော နေရာဘက်ကိုလည်း မကြာခဏလူစိမ်းများဝင်ရောက်နေလျက်ရှိသည်။ တကယ်တော့နဂါးဖြူတောင်ကြားတစ်ဝိုက်မှာ သက်မျိုးနွယ်စုများ ပိုင်ဆိုင်သောနေရာ

ဖြစ်သည်။ ထို့အတူ ရွှေတွင်းများရှိသော နေရာတို့မှာလည်း ၎င်းတို့သက်ဆိုင်သောနေရာများ ဖြစ်သည်။ နောက်ပိုင်းတော့ ကနန်မျိုးနွယ်စုများအပါအဝင် အခြားမျိုးနွယ်စုများကပါ ရွှေတွင်းများကို စိတ်ဝင်စားလာကြသည်။ မက်မောလာကြသည်။

ပိုင်ဆိုင်ခွင့်ရစေရန် နည်းအမျိုးမျိုးနှင့် ကြိုးစားလာကြသည်။ သို့ကြောင့် ပဋိပက္ခများဖြစ်လာသည်။ တိုက်ပွဲများဖြစ်ကြရသည်။ သန့်စင်သောနေရာများမှာ သွေးစက်တို့ဖြင့် အကျည်းတန်ခဲ့ရသည်။

ယခုလည်း နီမောင်တစ်ယောက်တည်း ရွှေတွင်းများရှိရာဘက်သို့ မြင်းတစ်စီးနှင့်ထွက်သွားသည်မှာ ပြန်မရောက်လာသေးပေ။ အချိန်တန်သော်လည်း ပြန်မရောက်လာသေးသောကြောင့် ကလန်ကြီးအပါအဝင် အားလုံးကစိတ်ပူနေကြသည်။ အဆိုးဆုံးက ပုဏ္ဏမာပင်ဖြစ်၏။ မြင်းခွာသံကို နားတစွင့်စွင့်နှင့်ရှိနေရင်းမှ သက်ပြင်းရှိုတ်သံတို့လည်း မကြာခဏပေါ်ထွက်နေသည်။

နေ့လယ်ပိုင်းအချိန်ရောက်တော့ တောစပ်ဘက်မှ တံပိုးမှုတ်သံအချို့ ပေါ်ထွက်လာသည်။

တံပိုးမှုတ်သံကြောင့် တစ်ရွာလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ လေးမြားလက်နက်၊ ဓားလှံတို့ကို ချက်ချင်းကောက်ယူကာ တိုက်ပွဲအတွက် အဆင်သင့်ပြင်ကြသည်။

အသံကြားရာဘက်သို့ ကြည့်သောအခါ အနီရောင်





တ်စုံများနှင့် မြင်းကိုယ်စီစီးထားသော လူတစ်စုကိုလှမ်းမြင်ရသည်။ ရှေ့မှာလည်းတံခွန်၊အလံများ လွှင့်ထူထားသည်။ ထိုအရာများကိုမြင်တော့ ကလန်ကြီးက တအံ့တဩရေရွတ်လိုက်သည်။

"မြန်မာဘုရင် တပ်သားတွေပါလား "

တံပိုးမှုတ်သံနှင့်အတူ မြင်းခွာသံများကို အတိုင်းသားကြားကြရသည်။ တံခွန်အလံများက လေနှင့်အတူ တလူလူလွင့်နေကြသည်။ ၎င်းတို့က ရွာဘက်သို့ ဦးတည်လာနေကြခြင်းဖြစ်သည်။ တောင်ကြောတစ်ခုပေါ်၌ တည်ထားသောရွာရှိရာသို့ရောက်အောင် ချိုင့်ဝှမ်းလွင်ပြင်တစ်ခုမှ ကျော်ဖြတ်လာသောကြောင့် မြင်ကွင်းကို အတိုင်းသားလှမ်းမြင်နေရသည်။

ရွာသာအချို့က ဒူးလေးတို့ဖြင့်ပစ်ခတ်ရန် ချိန်ရွယ်သည်။

"မပစ်နဲ့၊ ဒါမြန်မာဘုရင်ရဲ့ တပ်သားတွေဖြစ်မယ်ထင်တယ်၊ သူတို့ ငါတို့ဆီကို ဘာအကြောင်းရှိလို့လာကြတာလဲ၊ ဟင် တို့မြင်းပေါ်မှာ. . "

မြင်းတစ်စီးပေါ်မှာ ကြိုးတုပ်ထားသောလူတစ်ယောက်ကိုကန့်လန့်ဖြတ် တင်ခေါ်လာသည်။ ကြိုးတုပ်ခံထားရသောလူကို မြင်သည်နှင့် အားလုံးစိတ်လှုပ်ရှားသွားကြသည်။

မြင်းစီးသမားများက (၁၅)ယောက်ခန့်ရှိပြီး ဘုရင်တပ်မှ ဝ်သည်များဝတ်သော အနီရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ထား

သည်။

နဖူးမှာ ပဝါများစည်းထားသည်။ ရှေ့ဆုံးမှဝင်လာသူက တံခွန်နှင့်အလံများကိုင်ထားပြီး နောက်မှတစ်ယောက်က တံပိုး မှုတ်သည်။

ယခုတလော တံပိုးမှုတ်သံကြားရတိုင်း စိတ်ခတ်တက် ကြွဖွယ်ရာမဖြစ်ပဲ စိတ်မချမ်းမြေ့ဖွယ်ရာချည်း ကြုံတွေ့နေကြ သည်။

ကလန်ကြီးနေသော အဆောက်အအုံရှေ့ရောက်တော့ အားလုံးရပ်လိုက်ကြပြီး မြင်းပေါ်မှကြိုးတုပ်ထားသောလူကို အောက်သို့ တွန်းချလိုက်သည်။

"အမောင် "

လူအုပ်ထဲမှ ပုဏ္ဏာမာ၏ စူးစူးဝါးဝါးအသံတစ်ချက် ပေါ် ထွက်လာပြီး ရှေ့သို့ပြေးထွက်သွားသည်။ မြင်းစီးသမားအချို့က သူမကိုတားဆီးရန် ကြိုးစားကြသေးသည်။

မရပေ. . ။

ကာဆီးထားသော လုံ့ရှည်တို့ကိုဖယ်ရှားပြီး မြေပေါ်မှာ တုံးလုံးကျနေသော နီမောင်ရှိရာသို့ ပြေးသွားကာပွေ့ယူလိုက် သည်။

"အမောင်. . အမောင်. . "

နီမောင်ကိုယ်ကို အပေါ်မှတင်းတင်းဖက်ထားရင်းခေါ် သည်။





"နင် ဘယ်သူလဲ "

ခေါင်းဆောင်လုပ်သူက မေးသည်။

"သူက ငါတို့မျိုးနွယ်စုရဲ့ ခေါင်းဆောင်ပဲ. . ငါက သူ့ ...း မ. . "

"အော် မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်ရဲ့ မိန်းမ ... ရဲ့ပါပေတယ်၊ အားလုံးနားထောင်ကြစမ်း ငါတို့က တခြား ...တွေမဟုတ်ဘူး ရတနာသိမ်တပ်သားတွေပဲ၊ ဘုရင်မင်းတရား ... အမိန့်တော်နဲ့ မဏိပူရတောင်တန်းတွေကို စောင့်ရှောက် ...းဖို့ရောက်လာတဲ့ မြင်းတပ်ပဲ၊ ငါက ဒီတပ်ရဲ့ခေါင်းဆောင် ...ပ်မှူးဗျူဟ္ဟပဲ. . "

ထိုကဲ့သို့ အသံကျယ်ကျယ်ဖြင့် ပြောလိုက်သောအခါ ...ဆူညံညံအသံတို့ တိတ်ဆိတ်သွားလေသည်။

တပ်မှူးဗျူဟ္ဟဆိုသူက မြင်းပေါ်မှမဆင်းပဲ အသံကျယ် ...ယ်ဖြင့် ဆက်ပြောသည်။

"ဒီနေရာဟာ သက်မျိုးနွယ်စုတွေနေတဲ့နေရာပဲ အရင် ... ထမန်းနက်ကြီးအုပ်ချုပ်ခဲ့တယ်၊ သူမရှိတဲ့နောက်ပိုင်းမှာ ...နွယ်စုခေါင်းဆောင်တစ်ယောက်ကို တင်မြှောက်ခဲ့တယ် "

ထိုသို့ပြောပြီး မြေပေါ်မှာလဲကျနေသော နီမောင်ရှိရာ ... တစ်ချက်လှမ်းကြည့်သည်။

"သူဟာ ထမန်းနက်ဘွဲ့ခံ ခေါင်းဆောင်တစ်ယောက် ...ပေမယ့် သူဂုဏ်အင်္ဂါနဲ့ မထိုက်တန်တဲ့ပြစ်မှုတစ်ခုကို ကျူး

လွန်ခဲ့တယ် ”

“သူ ဘယ်လိုပြစ်မှုမျိုး ကျူးလွန်တာလဲ ”

ကလန်ကြီးက မေးလိုက်သည်။

“နဂါးဖြူတောင်ကြားမှာ အပြစ်မဲ့တဲ့လူတစ်ယောက်ကို သတ်နေတာ ငါတို့မြင်ခဲ့ရတယ်၊ ငါတို့ကဖမ်းတော့ အပြင်းအထန် ခုခံဖို့ကြိုးစားတယ်၊ ထမန်းနက်ကြီးရဲ့ ဂုဏ်သိက္ခာကိုမှ မထောက်ပဲ သူဒီလိုလုပ်ခဲ့တယ် ”

ဟု ခေါင်းဆောင်လုပ်သူက စွပ်စွဲသည်။

ထိုစကားကြောင့် မြေပေါ်မှာလဲကျနေသောနီမောင်က ပုဏ္ဏမာပွေ့ထားသည့်ကြားမှ အတင်းရုန်းထလာသည်။ မျက်လုံးများမှာ ထမန်းနက်တစ်ကောင်ကဲ့သို့ မီးဝင်းဝင်းတောက်လုမတတ် ရှိနေသည်။

“သေသွားခဲ့ပြီးဖြစ်တဲ့ ကျုပ်အဖေရဲ့ ဂုဏ်သိက္ခာကို ထည့်မပြောပါနဲ့၊ ကျုပ် လူသတ်တယ်ဆိုတာလည်း အပြစ်မရှိတဲ့ လူကောင်းတစ်ယောက်ကို အကြောင်းမဲ့သတ်ခဲ့တာ မဟုတ်ဘူး သူကမျိုးနွယ်စုတွေပိုင်တဲ့ ရွှေတွင်းကရွှေတုံးတွေကို ဝင်ခိုးလို့ သတ်ဖြတ်ရတာပဲ သူကလူကောင်းမှမဟုတ်တာ. . ”

ထိုစကားကြောင့် တပ်မှူးဗျူဟ္ဆိုသူက သဘောကျစွာ ဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

ခေါင်းဆောင်ကရယ်သဖြင့် နောက်လိုက်များကပါ ရောရောင်ပြီးရယ်ကြလေသည်။





“ မျိုးနွယ်စုတွေပိုင်ဆိုင်တဲ့ ရွှေတွင်းတွေဟုတ်လား. . မဏိပူရတောင်တန်းတွေအပါအဝင် အာသံပြည်နယ်တစ်ခုလုံးဟာ မြန်မာဘုရင် အလောင်းမင်းတရားကြီးလက်အောက်ကို ရောက်သွားပြီ၊ ဘုရင်ပိုင်ဆိုင်တဲ့နေရာတွေကို ပိုင်ဆိုင်တယ်လို့ ပြောဝံ့တာကတင် မင်းရာဇဝတ်သင့်လောက်နေပြီ. . ”

ထိုသို့ပြောသော်လည်း နီမောင်က တစ်ချက်ကလေးမှ တွန့်မသွားပေ. . ။

“ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေရာတွေကို ကျုပ်တို့စောင့်ရှောက်ကြရမှာ မျိုးနွယ်စုတွေရဲ့တာဝန်ပဲ”

“ဟုတ်တယ်. . ဟုတ်တယ်”

ကျန်ရွာသားများကပါ ဝိုင်းအော်ကြသောအခါ ဘုရင့်တပ်သားတို့မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

လက်နက်များအဆင်သင့်ကိုင်ထားသော ရွာသားများကသာ တိုက်ခိုက်မည်ဆိုပါက သူတို့အနေဖြင့် အရေးသာစရာ အကြောင်းမရှိနိုင်ပေ။

“အားလုံးနားထောင်ကြစမ်း၊ ငါဟာဘုရင်မင်းမြတ်အမိန့်တော်နဲ့ တာဝန်ပေးခြင်းခံရတဲ့ တပ်မှူးတစ်ယောက်ပဲ၊ ငါပြောတဲ့စကားဟာ ဘုရင့်အမိန့်တော်အတိုင်း အာဏာတည်စေရမယ်”

ထိုစကားကြောင့် ဆူဆူညံညံအသံများ တိတ်သွားသည်

“သူဟာ လူတစ်ယောက်ကို သတ်တာငါတို့မျက်မြင်ပဲ၊

အဲ့ဒီလူကရွှေတုံးတွေဝင်ခိုးတယ်လို့ အကြောင်းပြတယ်၊ သေသွားတဲ့လူဆီမှာ ရွှေတုံးအိတ်မတွေ့ရဘူး”

“မဟုတ်ဘူး သူကရွှေတုံးတွေထည့်လာတဲ့ သားရေအိတ်ကို နဂါးဖြူချောက်ထဲ ပစ်ချလိုက်တယ်”

“ဘာပဲဖြစ်ဖြစ် ဒါဟာ သက်သေမရှိဘူး၊ မင်း လူတစ်ယောက်သတ်တာနဲ့ ငါတို့ကိုခုခံတာတော့ ငါတို့အားလုံး အသိပဲ၊ ခေါင်းဆောင်သစ်တစ်ယောက် အကြောင်းမဲ့လူတွေကို သတ်ချင်တိုင်းသတ်နေတာကို ကြည့်မနေနိုင်ဘူး”

နီမောင်က မေးကြောကြီးများ ထောင်ထလာသည်အထိ အံကြိတ်ထားလေသည်။

“အခု ငါပြောတဲ့စကားတွေဟာ ဘုရင့်မင်းမြတ်ရဲ့ အမိန့်တော်တွေကို ကိုယ်စားပြောနေခြင်းဆိုတာ မှတ်ထားကြပါ၊ မင်းဟာရာဇဝတ်သင့်နေတဲ့ လူတစ်ယောက်ဖြစ်နေပြီ၊ ဒါပေမယ့် ခေါင်းဆောင်သစ်တစ်ယောက် ဖြစ်နေတဲ့အချက်ရယ်၊ ထမန်းနက်ကြီးရဲ့ သားတစ်ယောက်ဖြစ်နေတာကြောင့် အခွင့်အရေးတစ်ခုတော့ ပေးလိုက်ပါမယ်”

ထိုစကားကြောင့် လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာကြပြန်သည်။

“ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကိုယ်နှင့်သက်ဆိုင်တဲ့ နယ်မြေတစ်ခုကို ကာကွယ်ပိုင်ခွင့်ရှိတဲ့အတွက် လူတစ်ယောက်ကို သတ်ခဲ့တဲ့အပြစ်ကိုတော့ ခွင့်လွှတ်ပေးလိုက်ပါတယ်၊





ဒါပေမယ့်. . .”

ဗျဂ္ဃက အားလုံးကို ခြုံကြည့်လိုက်သည်။

“တစ်ခုတော့ရှိတယ်၊ သေသွားတဲ့လူဟာ ရွှေတွင်းကရွှေတွေ ဝင်ခိုးတယ်လို့ပြောတယ်၊ ဒီစကား အမှန်ဖြစ်တယ်ဆိုတာတော့ သက်သေပြရလိမ့်မယ်. . . ဒီလိုမှ ခိုင်လုံတဲ့ သက်သေသက္ခာရ မပြနိုင်ရင်တော့ ဝတ္တရားအရ ဆက်ပြီးအရေးယူရလိမ့်မယ်၊ ဒါဟာ ဘုရင်မင်းတရားရဲ့ အမိန့်တော်ပဲလို့ အားလုံးမှတ်ထားလိုက် ကြပေတော့”

ထို့နောက်. . . .

ဘုရင့်တပ်မှူး ဗျဂ္ဃခေါင်းဆောင်သော မြင်းစီးတပ်များက ထိုနေရာမှ ပြန်လှည့်ထွက်သွားကြလေတော့သည်။

မြင်းခွာသံများက တဖြည်းဖြည်းဝေးသွားသော်လည်း ဖုန်လုံးများကတော့ဝေ့ဝဲလျက် ကျန်ခဲ့လေသည်။

ပုဏ္ဏမာက နီမောင်တစ်ကိုယ်လုံးတုပ်နှောင်ထားသောကြိုးတို့ကို ဖြတ်တောက်ဖယ်ရှားပေးလိုက်ရာ ဒယိမ်းဒယိုင်နှင့်ထလာလေသည်။

သူ့တစ်ကိုယ်လုံးမှာတော့ ဒဏ်ရာဒဏ်ချက်များနှင့်သွေးများစွန်းပေနေသည်။

“သူတို့ပြောတာ အမှန်ပဲလား”

ကလန်ကြီးကတုန်ယင်နေသော အသံဖြင့်မေးသည်၊

နီမောင်က အသာအယာခေါင်းယမ်းပြရင်း. . .

"မဟုတ်ဘူး၊ ထောင်ချောက်ထဲ တိုးဝင်သွားမိတာ" ဟုပြောတော့ ပုဏ္ဏမာမှာမျက်စိထဲမှာ မီးတောက်မီးလျှံများ၊ ရှုပ်ဖျက်ထားသော မြင်းစီးသမားများ၊ ရက်စက်ကြမ်းကြုတ်လှသော လူသတ်ပွဲများ၊ သွေးစက်များ၊ အော်သံဟစ်သံတို့ကိုကြားယောင်မြင်ယောင်လာသည်။

"ဟုတ်တယ် သူတို့ကို ငါမြင်ဖူးတယ်"

"ဘာပြောတာလဲ ပုဏ္ဏမာ. . ."

"သူတို့ကို ငါမြင်ဖူးတယ်"

"ဘယ်နေရာမှာမြင်ဖူးတာလဲ"

"သူ့နောက်က ပါလာတဲ့လူတွေကို ရွာပျက်တဲ့အချိန်တုန်းက ငါတွေ့ဘူးလိုက်တယ်"

နီမောင်အပါဝင် အားလုံးတအံ့သြ ဖြစ်သွားကြသည်။

ထောင်ချောက်ဆင်ထားသော ကျော့ကွင်းများ၊ မျိုးနွယ်စုများပိုင်ဆိုင်သော ရွှေတွင်းများ၊ မီးတောက်မီးလျှံများကြားမှ ရက်စက်သော လူသတ်ပွဲများ၊ ကြောက်စရာကောင်းသော ပုံရိပ်သဏ္ဌာန်တို့က သူတို့ဆီသို့ရောက်ရှိလာခဲ့ချေပြီ. . . .။







# အခန်း(၁၂)

## ဒသမ (သို့မဟုတ်) ကောက်ကျစ်သောမျက်နှာ

ယခုတော့ နဂါးဖြူတောင်ကြားတစ်ဝိုက်မှာ မကြာခဏ လူစိမ်းများ တွေ့နေရသည်ဆိုသော သတင်းကြားနေရသည်။

တောင်ပေါ်မှပြန်ဆင်းလာသော မုဆိုးများက ထိုလူများကို တွေ့သောအခါ တစ်နေရာသို့ ရှောင်ပုန်းသွားကြသည်။

ထို့အကြောင်းကို နီမောင်သိသောအခါ သူကိုယ်တိုင်သွားရောက်စုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

တစ်နေ့မှာတော့ မြင်းကိုစီးလျက် တစ်ယောက်တည်း

ထွက်လာတော့ နဂါးဖြူတောင်ကြားအဝင်မှာပင် ကျောပိုးအိတ်တစ်လုံး ကျောမှာလွယ်ထားသော လူတစ်ယောက်ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

ထိုသူက နီမောင်ကိုမြင်သောအခါ ကျောက်တုံးကြီးတစ်ခုအနောက်ဘက်သို့ ဝင်ပုန်းရန်ကြိုးစားခြင်းဖြစ်၏။ ထိုနေရာမှာ ချောက်ကမ်းပါးနှင့် မဝေးလှပေ. . .။

နီမောင်က မြင်းကိုရပ်ပြီး ထိုနေရာသို့သွားတော့ ထိုလူက နေရာမှထပြီး ချောက်ကမ်းပါးဘက်သို့ ထွက်ပြေးသည်။

ပြေးစရာမြေမရှိပေ. . . .။

သူ့ရှေ့မှာ ချောက်ကမ်းပါးက ဆီးတားနေသည်။

သူကမိုက်မိုက်မဲမဲ ချောက်ထဲခုန်ချရန်ပြင်နေရာ လေးနှင့်မြားကို ထုတ်ပြီး ချိန်ထားလိုက်သည်။

ဒီတော့မှ စိတ်လျှော့သွားပြီး ကျောမှာလွယ်ထားသော အိတ်ကို ဖြုတ်ယူသည်။

နီမောင်ရှိရာသို့ တစ်လှမ်းချင်းလျှောက်လာပြီး လက်ထဲမှာကိုင်လာသော အိတ်ကိုကမ်းပေးသည်။

"အထဲမှာ ဘာတွေလဲ ရွှေတုံးတွေမဟုတ်လား"

ခေါင်းညိတ်ပြပြီး လက်ထဲမှာရှိနေသော အိတ်ဖြင့်မျက်နှာကိုပစ်ပေါက်လိုက်ရာ ဟန်ချက်ပျက်သွားသည်။

ထိုအခိုက်မှာပင် သူက ခါးမှာအသင့်ချိတ်ထားသော ရဲဒင်းကို ဖြုတ်ယူပြီး လျှပ်တစ်ပြက်ဝင်တိုက်သည်။





သို့စေကာမူ တိုက်ခိုက်ရေးကောင်းသူတစ်ယောက်တော့ မဟုတ်ပေ. . .။

တိုက်ခိုက်ရေးမကောင်းသော်လည်း ကျားနာခဲ့သဘောမျိုးဖြင့် တရကြမ်း ဝင်တိုက်နေသဖြင့် သတိဖြင့်တုံ့ပြန်နေရသည်။

ထိုအခိုက်မှာပင် အဝေးမှလာနေသော မြင်းခွာသံများကို ကြားနေရသည်။

နီမောင်က ထိုလူကို အသေမသတ်လိုပေ. . .။

အရှင်ဖမ်းခေါ်သွားပြီး စစ်ဆေးမေးမြန်းလိုသဖြင့် လက်ရဖမ်းနိုင်အောင် အားထုတ်သည်။

တစ်ကြိမ်မှာတော့ ထိုလူက ချောင်းကမ်းပါးစွန်းမှာတင်နေသောအိတ်ကို ခြေထောက်ဖြင့်ကန်ချလိုက်ရာ ချောက်ထဲသို့ ပြုတ်ကျသွားသည်။

ထိုနောက်မှာတော့ ကိုယ်လွတ်ရုန်းပြေးရန် ကြိုးစားသောကြောင့် ပေါက်ဓားတစ်လက်ကို ထုတ်ပြီး လှမ်းပစ်လိုက်သည်။

ဒဏ်ရာရပြီး မပြေးနိုင်ရန် ရည်ရွယ်သော်လည်း ၎င်းကိုရှောင်လိုက်သည်နှင့် တိုက်ဆိုင်သွားသောကြောင့် ကျောပြင်ထဲသို့ စိုက်ဝင်သွားကာ လဲကျသွားလေတော့သည်။

"အဲဒီအချိန်မှာပဲ ဗျူဟနဲ့ သူ့လူတွေရောက်လာတယ်"

"အချိန်ကိုက်ပါပဲလား. . ."

"သူတို့က ကျွန်တော့်ကို အသေသတ်ဖို့ ကြိုးစားကြတာနဲ့

ပြန်လည်တုံ့ပြန်ရတာပါ၊ ဒါပေမယ့် အများနဲ့တစ်ယောက်ဆိုတော့အဖမ်းခံလိုက်ရတယ်"

"မင်း အကျိုးအကြောင်း ပြောမပြဘူးလား"

ကလန်ကြီး ကမေးသည်။

"ပြောပြလည်း မယုံကြဘူး၊ ဗျူဟ သူ့လူတွေကို ချောက်ထဲဆင်းရှာခိုင်းပေမယ့် ရွှေထုပ်ကိုမတွေ့ရတော့ဘူး"

ဒါဟာ တမင်အကွက်ဆင်ပြီး ထောင်ချောက်ထဲကို ထည့်တာပဲ. . ။

အားလုံး အံတင်းတင်းကြိတ်ထားကြသည်။

နီမောင်၊ ကလန်ကြီး၊ ပုဏ္ဏမာ၊ စောထီး၊ ငမဲအောင်တို့ အပါအဝင် ရွာမှခေါင်းဆောင်အချို့ပါ နဂါးဖြူတောင်ကြားကမ်းပါးထိပ်သို့ ရောက်နေကြသည်။

သူတို့အတွက် သက်သေခံပစ္စည်းရှာဖွေရန်အတွက် ထိုကမ်းပါးသို့ ရောက်နေကြခြင်းဖြစ်သည်။

"အမောင် ငါ ချောက်ထဲဆင်းရှာမယ်"

ဟု ပုဏ္ဏမာ ကခွင့်တောင်းသည်။

"တစ်ယောက်တည်းတော့ မဆင်းပါနဲ့၊ ငါတို့အားလုံး ဆင်းကြမှာပါ. . ."

ထို့နောက်မှာတော့ နွယ်ကြိုးများကို အသုံးပြုလျက် ချောက်အတွင်းသို့ ဆင်းကြသည်။

ကျောက်နံရံများကို ခြေကန်ပေးကာ ဆင်းရင်းမှပင် ကျ





သွားသော အိတ်ကိုရှာကြည့်သည်။ မတွေ့ရပေ. . ။ ချောက်၏ အောက်ခြေပိုင်းမှာ ကျောက်တုံးကျောက်ခဲတို့ ပြန့်ကြနေသည်။ အချို့နေရာများတွင် ချုံပုတ်များနှင့် မြက်ပင်ရှည်များ ပေါက်နေသည်။

ထိုနေရာများပါမကျန် နေရာအနှံ့ရှာသော်လည်း ပြုတ်ကျသွားသောအိတ်ကိုတော့ အစအနမျှပင် မတွေ့ရပေ။ အချို့က ကျောက်တုံးများကို လှန်ရှာသည်။

အနံ့ခံကျွမ်းကျင်သော မုဆိုးအချို့က လေတိုက်နေသော အောက်ဘက်မှသွားပြီး အနံ့ခံကြည့်ကြသည်။ သားရေနံ့ မရပေ. . ။

သားကောင်သားရေဖြင့် ပြုလုပ်ထားသော သားရေအိတ်မှာ ဘယ်တော့မှ မူလအနံ့မပျောက်ပေ။ လောလောလတ်လတ်ပြုလုပ်ထားလျှင် အနံ့သင်းသင်းတော့ ရနိုင်သေးသည်။

တောလိုက်ကျွမ်းကျင်ပြီး၊ အနံ့ခံကောင်းသော မုဆိုးတစ်ယောက်သည် သားရေဖြင့် ပြုလုပ်ထားသောအိတ်ကို လေညာအရပ်မှာ ဝှက်ထားပြီး လေအောက်မှ အနံ့ခံကြည့်ရုံဖြင့် သားရေအိတ်ရှိသောနေရာကို သိနိုင်ကြလေသည်။

ယခုလေအောက်မှ အနံ့ခံကြည့်သော သားရေနံ့မရပေ၊

"သားရေအိတ်တစ်လုံး ပြုတ်ကျသွားတာ သွေးရိုးသားရိုးဆိုရင် ဒီနေရာတစ်ဝိုက်မှာ ရှိနေမှာပဲ၊ သားရေအိတ်ကတော့ သတ္တဝါတစ်ကောင်လို ထွက်ပြေးသွားမယ် မထင်ဘူး"

ကလန်ကြီးက ပြောသည်။

"ဒါဖြင့် ဘယ်လိုပျောက်သွားတာလဲ"

"နတ်ဒေဝတာတွေကတော့ သားရေအိတ်တစ်လုံးကို အကြောင်းမဲ့ ဖျောက်ဖျက်ပစ်ကြမယ်မထင်ဘူး၊ တခြားပယောဂ တစ်ခုကြောင့် ပျောက်သွားတာဖြစ်မှာပေါ့။ ဟိုတစ်နေ့က တပ်မှူးကြီးရဲ့လူတွေ ချောက်ထဲဆင်းရှာကြည့်ကြသေးတယ် မဟုတ်လား"

"သူတို့ မတွေ့ခဲ့ဘူးလို့ပြောတယ်"

"ဒါဟာ သွေးရိုးသားရိုး ဟုတ်ချင်မှဟုတ်မယ်"

"ကျွန်တော်လည်းဒီလိုပဲ တွေးမိတယ်၊ ဒီအတိုင်းတော့ ငုံ့မခံနိုင်ဘူး"

"မင်းတစ်ယောက်တည်း ဆုံးဖြတ်တာနဲ့စာရင် အားလုံးဝိုင်းပြီး စဉ်းစားဆုံးဖြတ်တာက ပိုသင့်မယ်၊ အမှန်တရားဘက်က ရပ်နေတာဆိုတော့ ဘယ်အရာမဆို ရင်ဆိုင်ရမှာပဲ"

ထိုအခိုက်မှာပင် ချောက်ကမ်းပါးပေါ်မှာ ထားခဲ့သော မြင်းများ ဟီသံပေါ်ထွက်လာသည်။ သူတို့မွေးမြူထားသော မြင်းများမှာ သာမန်မဟုတ်ပေ။ မဏိပူရတောင်တန်းပေါ်မှ မြင်းရိုင်းများကို ဖမ်းယူလေ့ကျင့်ပေးထားရာ သခင်မှလွဲပြီး အခြားသူစိမ်းများ အနားအကပ်မခံကြပေ။

သူစိမ်းတစ်ယောက် အနားကပ်လာပါက နှာမှုတ်သံ၊ စူးစူးဝါးဝါးဟီသံများ ပေါ်ထွက်လာလေ့ရှိသည်။





ယခုလည်းချောက်ကမ်းပါးထိပ်ပေါ်မှ ထိုအသံများကြားလာရပြီ. .။ သို့ကြောင့်အသင့်ချထားသော နွယ်ကြိုးများကို အသုံးပြုပြီး လျင်မြန်စွာဖြင့် အပေါ်ရောက်အောင် ပြန်တက်ကြသည်။ အပေါ်ပြန်ရောက်တော့ လူတစ်ယောက်ကိုသာ တွေ့ရသည်။

မုဆိုးများက ထိုသူကိုပတ်ဝန်းပြီး မြားဖြင့်ပစ်ရန် ချိန်ရွယ်လိုက်သည်။ ထိုအခါမှမြင်းများနှင့် မနီးမဝေးရောက်နေသောသူမှာ များစွာထိတ်လန့်ကြောက်ရွံ့သွားဟန် ရှိလေသည်။

နီမောင်က ထိုလူနှင့် မနီးမဝေးနေရာမှာရပ်ပြီး အကဲခတ်ကြည့်လိုက်သည်။ အရပ်ကလန်ကလားနှင့် အသားမည်းလှသော ထိုလူ၏ပုံပန်းသဏ္ဌာန်မှာ တစ်စက်ကလေးမှ နှစ်လိုဖွယ်ရာပုံစံမျိုး မရှိပေ. .၊

နဖူးပေါ်မှာ အညိုရောင် နဖူးစည်းတစ်ခု စည်းထားသော်လည်း နီကျင်ကျင်ဆံပင်များက ထိုနဖူးစည်းပေါ်သို့ ကျိုးတိုးကျဲတဲ ကျနေသည်။ မျက်နှာက လူသေကဲ့သို့ ရှုံ့တွနေပြီး မျက်လုံးများက အတွင်းသို့ ချိုင့်ဝင်နေကြသည်။

သွားက ခေါနေသဖြင့် နှုတ်ခမ်းက လုံခြုံအောင် မဖုံးနိုင်သောကြောင့် ရှေ့သွားများက မြေခွေးတစ်ကောင်၏ သွားများကဲ့သို့ ငေါထွက်နေသည်။

ပိန်လှီလှသောကိုယ်ပေါ်တွင် ကိုယ်ကျပ်အကျႌနှင့် ဘောင်းဘီကို ဝတ်ထားသော်လည်း အရောင်အဆင်းပင်မပေါ်

တော့ပဲ အစိတ်စိတ်အမြွာမြွာကွဲပြလျက်ရှိသည်။ခြေထောက်မှာလည်း ခြေသိုင်းဖိနပ်မပါပေ။ တစ်ကိုယ်လုံး ခြုံကြည့်လိုက်ပါကထိုလူမှာ လူတစ်ယောက်နှင့်မတူလှပဲ သေဆုံးသွားသူတစ်ယောက်ကို ဖုတ်ဝင်ပြီး ထလာသည်နှင့် များစွာတူလေသည်။

ထိုသူက သူ့ကိုဝိုင်းထားသောလူများကို ပြူးကြောင်ကြောင်မျက်လုံးများဖြင့် လိုက်ကြည့်နေသည်။

"မင်းဘယ်သူလဲ"

နီမောင်က မေးလိုက်သည်။

"ကျုပ်နာမည် ဒဿပါ. ."

"ဒဿဆိုတော့ ဘီလူးတစ်ကောင်ရဲ့နာမည်မျိုးပဲ၊ မင်းက ဘီလူးတစ်ကောင်ရဲ့ ပုံသဏ္ဍာန်မျိုးပဲ နာမည်နဲ့တော့လိုက်ပါတယ်"

"ဟီး. . ဟီး. . ."

နီမောင် မှတ်ချက်စကားကြောင့် သွားဖြဲပြီးရယ်ပြသည်။ ထိုအခါမှ ပိုပြီး အရုပ်ဆိုးသွားတော့သည်။

"မင်းဒီနေရာကို ဘာလာလုပ်တာလဲ၊ ငါတို့မြင်းတွေကို ခိုးမလို့မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ဒုက္ခရောက်ပြီး ထွက်ပြေးလာရင်း ဒီဘက်ရောက်လာတာပါ၊ ရေပါရင် နည်းနည်းလောက်သောက်ပါရစေ. ."

နီမောင်ကခါးကြားမှာ ချိတ်ဆွဲထားသော ရေဘူးကို





ဖြုတ်ပေးလိုက်သောအခါ အဖုံးဖွင့်ပြီး အလောတကြီး မော့သောက်လေရာ ရေများက ရင်ဘတ်ပေါ်သို့စီးကျကာ စိုရွှဲကုန်လေတော့သည်။

ရုပ်ရည်ရော အမူအရာပါ မနှစ်မြို့စရာကောင်းသောလူတစ်ယောက်. . .။

"ကျုပ်တို့က မဏိပူရတောင်တန်းမှာနေကြတဲ့ ကသည်းတွေမဟုတ်ပါဘူး၊ ဗြဟ္မပုတ္တရမြစ်ဝှမ်းဘက်မှာနေကြတဲ့ လူမျိုးတွေပါပဲ. . . မြန်မာဘုရင်ရဲ့တပ်တွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့တော်လှန်ပုန်ကန်နေကြတဲ့ လူတွေပါပဲ"

ရေသောက်ပြီးတော့ သူ့အကြောင်းကို ပြောပြသည်။

"ဒါဖြင့် သူပုန်တွေပေါ့"

ကလန်ကြီးက ဝင်ပြောလိုက်သည်။

"သူတို့ဘက်ကကြည့်ရင်တော့ သူပုန်ပေါ့၊ ကျုပ်တို့ဘက်ကကြည့်ရင်တော့ တော်လှန်ရေးသမားတွေပါပဲ"

ထိုစကားကြော ့င် ရယ်ချင်စိတ်ပင် ဖြစ်ပေါ်သွားသည်။

"ကဲ. . မင်းတို့အကြောင်း ဆက်ပြောပါဦး"

"ကျုပ်တို့နယ်ဘက်တွေမှာ ဘုရင်တပ်တွေ ခြေရှုပ်နေတာနဲ့ ဒီတောင်တန်းတွေဘက်ကို ရှောင်တိမ်းလာခဲ့ကြတာပါ၊ သေချင်တဲ့ကျား တောပြောင်းတယ်လို့ပဲ ပြောရမလား ဒီဘက်ရောက်တော့မှပဲ သူတို့တပ်တွေနဲ့ တည့်တည့်ရင်ဆိုင်တိုးတော့တာပါပဲ. ."

"ဘယ်သူ့တပ်တွေလဲ"

"ဘုရင်တပ်တွေလို့ ပြောတာပဲ ခေါင်းဆောင်လာတဲ့သူက တပ်မှူးကြီးဗျူဟလို့တော့ ပြောသံကြားတယ်"

"ဟင်. ."

ထိုစကားကြောင့် နီမောင်တို့အားလုံး တအံ့တသြဖြစ်သွားကြသည်။

တစ်ယောက်မျက်နှာလည်း တစ်ယောက်ကြည့်လိုက်ကြသည် ယခုထိတော့သူပြောနေသော အကြောင်းများကို ယုံကြည်စိတ်ချ၍ မရသေးပေ. .।

"မင်းတို့ အကြောင်းတွေကို ဆက်ပြောပါဦးကွ. "

"ပြေးရလွှားရတာမောလွန်းလို့ စားစရာလေးများပါရင် ကျွေးပါဦးဗျာ. ."

ထိုလူကလင်းတညည်းသံကဲ့သို့ အသံမျိုးဖြင့် ပြောနေပြန်ရာ ကလန်ကြီးက စိတ်မရှည်တော့သဖြင့် ၎င်းမှာပါလာသော အစားအစာများကို ပေးလိုက်ရာအစာငတ်နေသော ခွေးအတစ်ကောင်ကဲ့သို့ အငန်းမရစားသောက်နေလေသည်။

ပြီးမှ စကားပြန်ဆက်သည်။

"ဗျူဟဆိုတဲ့လူက ကောက်ကျစ်ယုတ်မာတဲ့ လူတစ်ယောက်ပဲ လက်နက်အားကိုးနဲ့ အနိုင်ကျင့်ချင်တဲ့စိတ်လည်းရှိတယ်"

"ဘုရင်တပ်မှူးတစ်ယောက်ကို ဒီလိုစကားမျိုးပြောဝံ့





တာ မင်းဘယ်လိုအပြစ်မျိုး သင့်နေပြီဆိုတာရော နားလည်ရဲ့လား"

"ရှင်ဘုရင်ကကောင်းပေမယ့် သူ့ဆီမှာအမှုထမ်းနေတဲ့လူတွေက လူတိုင်းကောင်းချင်မှ ကောင်းမှာပေါ့၊ ဒီလိုသာ အားလုံးကောင်းနေရင် ကျုပ်တို့လို ပုန်ကန်ခြားနားတဲ့လူတွေ ဘယ်ရှိပါ့မလဲ. ."

"လူရုပ်နဲ့ မတန်တဲ့စကားတွေ . ."

ကလန်ကြီးက ရေရွတ်လိုက်တော့ ထိုလူက သွားဖြဲပြပြန်သည်။

"ကျုပ်ပြောတာတွေက အမှန်တွေပါဗျ. . လူတွေက အာဏာဆိုတဲ့ လုပ်ပိုင်ခွင့်တစ်ခုရတာနဲ့ ရှေ့တစ်မျိုးနောက်ကွယ်တစ်မျိုး လုပ်တော့တာပဲ ဗျူဟဆိုတဲ့လူကလည်း အဲ့ဒီမှာပါတယ်"

"ဘာကြောင့် ဒီစကားပြောနိုင်တာလဲ "

"ပြောနိုင်တာပေါ့ဗျ. . ကျုပ်တို့မှာလည်း သိနိုင်လောက်တဲ့အကြောင်းတွေ ရှိတာပဲ"

"မင်းစကား ကြီးကျယ်လှချည်းလား ဆက်ပြောပါဦးကွ"

ဒီတစ်ကြိမ်မှာတော့ နီမောင်နှင့်ကလန်ကြီးတို့မှာ ဒဿဆိုသောလူနှင့် မနီးမဝေးမှာ ဒူးထောက်ထိုင်ချလိုက်ကြသည်။ ဒဿက ရေဘူးထဲမှရေကို နောက်တစ်ကြိမ်မော့သောက်လိုက်ပြီးမှ စကားပြန်ဆက်သည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ငါတို့က အနောက်ဘက်မှာနေတဲ့ သက်မျိုးနွယ်စုတွေပဲ"

"ခင်ဗျားတို့အကြောင်းကို သူတို့အချင်းချင်း ပြောနေတဲ့ စကားသံတွေတော့ ကြားမိပါတယ် "

"ဘယ်သူတွေလဲ. . ဘယ်လိုစကားတွေပြောနေတာလဲ အမှန်အတိုင်းမပြောရင်တော့ မင်းကိုသတ်ပြီး. . ဟိုချောက်ထဲ ပစ်ချလိုက်မယ်. . "

"ကျုပ်က သေသွားလည်း သိပ်တော့မထူးပါဘူးဗျာ၊ ခင်ဗျားတို့မသတ်လည်း သူနဲ့တွေ့ရင် အသတ်ခံရမှာပါပဲ၊ သူတို့အကြောင်းတွေကို သိနေလို့ ကျုပ်တို့ကိုသတ်ဖို့ သဲကြီးမဲကြီးလိုက်ရှာနေကြတာလေ. . "

"ဟုတ်ပါပြီ. . ပြောပါဦး. . "

"ဗျူဟ္ဆိုတဲ့လူက သိပ်ပြီးလောဘကြီးတဲ့ လူတစ်ယောက်ဗျ၊ သူကရွှေတွင်းတွေအားလုံးကိုလည်း အပိုင်စီးချင်နေတယ်၊ ပြောတာတော့ ရွှေတွေကိုဘုရင်ဆီအရောက်ပို့ပြီး ဆက်မယ်ပေါ့၊ ဒါပေမယ့် တကယ်သာရရင် ဘုရင်ဆီရောက်တာက နည်းနည်း သူတို့ချည်းယူတာ များမှာပါ၊ ဒါပေမယ့် ရွှေတွင်းတွေကို ခင်ဗျားတို့က စောင့်ရှောက်နေတော့ အနှောင့်အယှက် ဖြစ်နေတယ်၊ ဒါကြောင့် ခင်ဗျားတို့ကို မရှိစေချင်ဘူး "

"ဟင်. . . "

ထိုစကားသည် အားလုံးအတွက် မျက်လုံးပြူးသွား





စေသည်။ များစွာအံ့ဩမှုကို ဖြစ်စေသည်။နှလုံးသွေးတို့ကိုလည်း ဆူဝေတက်လာစေသည်။

"ဒါပေမယ့် သူတို့ကို ကနန်မျိုးနွယ်တွေက အကူအညီပေးနေတယ်၊ ဘာကြောင့် သူတို့အချင်းချင်း ပူးပေါင်းကြရသလဲ ဆိုတော့. . . ခင်ဗျားတို့သဘောပေါက်တယ် မဟုတ်လား"

"ဘာလဲ. "

"ခင်ဗျားတို့ မျိုးနွယ်စုတွေ. . ခေါင်းဆောင်တွေမရှိတော့ရင် ကနန်တွေက ဒီတစ်နယ်လုံးကို သိမ်းပိုက်အုပ်ချုပ်မယ်၊ သူတို့အတွက်က ရွှေမလိုဘူး၊ မြေ,ပဲလိုတယ်၊ ဗျူဟ္တို့က ရွှေတွေကိုယူကြမယ်၊ သူတို့အတွက်က မြေမလိုဘူး၊ ရွှေပဲလိုတယ်၊ ဒါကြောင့် သူတို့အချင်းချင်း ပူးပေါင်းမိကြတာပေါ့"

ဟုပြောပြီး ဒသကာငင်းလက်ထဲမှာ ကျန်နေသေးသော အစားအသောက်နှင့် ရေတို့ကို စားသောက်နေသည်။

နီမောင်၊ ပုဏ္ဏမာ၊ ကလန်ကြီးနှင့် အခြားမုဆိုးခေါင်းဆောင်များကတော့ ခေါင်းချင်းဆိုင်လျက် အရေးတကြီးတိုင်ပင်ပြောဆိုနေကြသည်။

"သူပြောတာတွေက ဖြစ်နိုင်ပါ့မလား၊ ယုံကြည်လို့ကောရနိုင်ပါ့မလား"

ပုဏ္ဏမာကပြောသည်။

"ဖြစ်နိုင်တာ မဖြစ်နိုင်တာ၊ ယုံကြည်တာ မယုံကြည်တာထက် ငါတို့သတိမထားမိတဲ့အချက်တွေ ပါတာတော့အမှန်ပဲ"

"ထောင်ချောက်ကျော့ကွင်း မဖြစ်နိုင်ဘူးလား"

"ယုံကြည်လို့မရပေမယ့် အလေးအနက်တော့ထားရမယ်၊ သူ့ကိုဘယ်လိုလုပ်မလဲ"

"ထားခဲ့ရုံပေါ့ ငါတို့အတွက် လုပ်စရာတွေ ပြင်ဆင်စရာတွေအတွက် ရွာကို အမြန်ပြန်ခဲ့ရမယ်"

ဟုပြောပြီး မြင်းများပေါ်သို့ အသီးသီးပြန်တက်ကြသည်။ ထိုအခါ ဒဿဂှာ လှမ်းအော်ပြောသည်။

"ကျုပ်ကို ရေနဲ့ အစားအသောက် ကျွေးတဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ သတင်းတစ်ခုတော့ ထပ်ပြောလိုက်ဦးမယ်၊ လာမယ့်လပြည့်ရက် မတိုင်ခင်မှာ ကနန်တွေ ဒီနေရာကိုလာပြီး ရွှေတွေကိုရှာကြလိမ့်မယ်"

မြင်းများဒုန်းစိုင်းထွက်သွားသောကြောင့် မြင်းခွာသံများက တောင်နံရံတို့မှတစ်ဆင့် ပဲ့တင်ရိုက်ခတ်တာ ကျန်ခဲ့လေသည်။ မြေမှုန့်မှတစ်ဆင့် ပြန့်လွင့်လာသော ဖုန်လုံးကြီးများက ထိုနေရာတစ်ဝိုက်မှာ ဝေ့ဝဲနေသည်။

ထိုနေရာမှာတော့ အင်အားချည့်နဲ့နေသော ဒဿတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။

သူသည် တဖြည်းဖြည်းဝေးသွားသော မြင်းများရှိရာ လှမ်းမျှော်ကြည့်ရင်း ကောက်ကျစ်သောအပြုံးအချို့ သူ့မျက်နှာမှာ စွန်းထင်လာလေသည်။

ထို့နောက် နေရာမှ ပြန်ထလာပြီး လမ်းအတိုင်း ပြန်





ထွက်သွားလေသည်။ ခဏကြာတော့ ကျောက်တောင်ကြွယ်တစ်နေရာမှ ဒုန်းစိုင်းထွက်သွားသော မြင်းခွာသံများ ပေါ်ထွက်လာလေတော့သည်။





# အခန်း(၁၃)

# ရှင်သို့တိုးဝင်လာသော မြားတစ်စင်း

အချိန်ကညဥ့်နက်ပိုင်းအချိန်သို့ ရောက်နေချေသည်။ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ အပြင်ဘက်မှာ နှင်းကျသံများ အဆက်မပြတ်ပေါ်ထွက်နေသည်။

သစ်ရွက်များပေါ်သို့ တဖြောက်ဖြောက်၊ တပေါက်ပေါက်နှင့်ကျနေသော အသံတို့က တောင်တန်းတစ်နေရာမှ သံစဉ်မညီသော ဂီတသံများသဖွယ် ပေါ်ထွက်နေသည်။

ညဥ့်ဦးပိုင်းအချိန်ကတည်းက ထည့်ထားသော မီးဖိုက

မီးရှိန်ရနေပြီ. . . ။

အပူငွေ့များက တဲအတွင်းမှာ ပြည့်နေသည်။

ထိုတဲမှာ နီမောင်တစ်ယောက်တည်းနေသော တဲဖြစ်သည်။ မိခင်နှင့် ပုဏ္ဏမာတို့က အခြားတဲတစ်လုံးမှာ သီးခြားနေကြသည်။

ပုဏ္ဏမာ သူတို့ရွာသို့ ရောက်လာခဲ့တာ အတော်ကြာပြီ၊ ထိုရက်အတွင်းမှာ ပြဿနာများ၊ ရှုပ်ထွေးမှုများ များပြားနေသဖြင့် သူ့အနေနှင့် ပုဏ္ဏမာကို လှည့်မကြည့်နိုင်သေးပေ. . ။

ချစ်သူအဆင့်သာ နားလည်မှုရထားသော်လည်း၊ ကြင်ဖက်အဖြစ်တော့ မရောက်ကြသေးပေ၊ နီမောင်အနေဖြင့်လည်း ဖခင်သေဆုံးသွားခဲ့တာ ရက်ပိုင်းလပိုင်းသာရှိသေးသည့် အပြင် အခြားပြဿနာများပါ ရှုပ်ထွေးနေသေးသောကြောင့် ခံစားမှုများကို ဦးစားမပေးနိုင်ခဲ့ပေ. . . ။

ပုဏ္ဏမာမှာ တောင်တန်းပေါ်မှာ မွေးဖွားကြီးပြင်းလာခဲ့သို့ဖြစ်သောကြောင့် အသားအရေလှသည်။

ပန်းနုရောင်သမ်းနေသော ပါးပြင်နှစ်ဖက်နှင့် မျက်နှာပြေပြစ်သည်။ ကိုယ်လုံးထည် ဖွံ့ဖြိုးသည်။

နက်မှောက်ရှည်လျားသော ဆံပင်များပိုင်ရှင် ပုဏ္ဏမာသည် သူတို့ဆီသို့ ရောက်ခါစနှင့် မတူတော့ပဲ အသွေးတမွေးဖြစ်လာသည်။ ရောက်ခါစ ပူဆွေးဝမ်းနည်းခြင်း၊ ကြေကွဲခြင်းများနှင့်ရောနှောကာ ခက်ထန်မာကြောခြင်းများရှိနေသည်။





နောက်ပိုင်းရက်ကြာသွားသောအခါ တဖြည်းဖြည်းနှင့် လျော့ကျပျောက်ကွယ်သွားလေသည်။

ယခင်ကကဲ့သို့ အေးအေးချမ်းချမ်းရှိသော ကာလများဆိုလျှင်တော့ ပုဏ္ဏမာသည် သူ့အတွက် အလှဆုံးပန်းတစ်ပွင့် ဖြစ်နေလောက်ပေမည်။

ယခုတော့. . . ၊

နီမောင်သည် ကောက်ရိုးထုများအပေါ်မှာ သားမွေးချပ်ခင်းထားပြီး ထိုအပေါ်မှာ ထိုင်ရင်း မြားတံတို့ကို စိတ်တိုင်းကျပြင်နေသည်။

မကြာခင်မှာ ကြီးမားသောတိုက်ပွဲများ ဖြစ်လာတော့မည်ကို စိတ်ထဲမှာ အလိုလိုသိနေသောကြောင့် လက်နက် ဓလေးမြားတို့ကိုကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။

ညဦးနက်ပိုင်းအချိန်ရောက်တော့ တဲပေါက်ဝမှာ ကာထားသောသားရေချပ်လှုပ်သံ ကြားလိုက်ရပြီး တဲအတွင်းသို့ လူတစ်ယောက်ဝင်လာသည်။

ပုဏ္ဏမာပင်ဖြစ်သည်။

သူမသည်နက်မှောင်ရှည်လျားသော ဆံပင်ရှည်တို့ကို မို့မောက်သောရင်အစုံပေါ်သို့ ဖြန့်တင်ထားသည်ကို ကြည့်ရုံနှင့် အိပ်ရာမှ ထလာခြင်းဖြစ်သည်ကို သိနိုင်သည်။

တဲအတွင်းရောက်လာတော့ နီမောင် အနီးမှာဝင်ထိုင်လိုက်လေသည်။

"မအိပ်သေးဘူးလား ပုဏ္ဏမာ. . ."

"အမောင်ဘယ်လောက် စိတ်သောကတွေရောက်နေတယ်ဆိုတာ ငါသိပါတယ်. . သဘာဝတရားက လူတစ်ယောက်ရဲ့ခံနိုင်ရည် ဘယ်လောက်ရှိတယ်ဆိုတာကို ဒုက္ခတွေ အခက်အခဲတွေနဲ့ စမ်းသပ်လေ့ရှိတယ်"

နီမောင်က ပုဏ္ဏမာမျက်နှာကို တစ်ချက်ကြည့်သည်။

"အမောင်က ထမန်းနက်ဆိုတဲ့ ဘွဲ့ကိုမခံယူသေးပေမယ့် သက်မျိုးနွယ်တွေရဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်နေပြီပဲ၊ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အသွေးကို စမ်းသပ်နေတဲ့ပွဲလို့ စိတ်ထဲမှာသဘောထားလိုက်ရင် စိတ်သက်သာရာရသွားမှာပါ. . ."

ဟုအားပေးသည်။

"ငါကစိတ်ဓာတ်ကျလွယ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး၊ ဘယ်လိုအခက်အခဲတွေနဲ့ တွေ့ရတွေ့ရ ရင်ဆိုင်သွားမှာပါ။ ရအောင်ကျော်ဖြတ်သွားမှာပါ"

နီမောင်က မြားတံတစ်ချောင်းကို ဖြောင့်မဖြောင့်စစ်ဆေးကြည့်နေရင်း ပြန်ပြောလိုက်သည်။

အတန်ကြာတော့ ပုဏ္ဏမာကပြောသည်။

"အမောင်ကို မေးစရာရှိလို့ပါ. . . ."

"မေးလေ. . . ."

"ငါ့ကိုချစ်တယ်ဆိုတာ တကယ်ပြောတာလားဟင်"





"တကယ်ပြောတာပေါ့ ပုဏ္ဏမာရယ်၊ ငါ့ဘဝမှာ ဒါဟာ အချစ်နဲ့ပတ်သတ်တဲ့ ပထမဆုံးအတွေ့အကြုံပါ. . နင့်အပေါ်မှာ တကယ်ချစ်ပါတယ်. . ."

"ချစ်တယ်ဆိုရင် ကြင်ဖက်တစ်ယောက်အနေနဲ့ရော လက်ခံပေးမှာလား"

ထိုစကားကြောင့် နည်းနည်းတော့ အံ့သြသွားသည်။ ရင်ထဲမှာလည်း လှုပ်ရှားလာလေသည်။

"ဘာကြောင့် ဒီစကားပြောတာလဲ. . ."

"အမှန်တိုင်းပြောရရင် အမောင်ရင်ဆိုင်နေရတဲ့ အန္တရာယ်တွေ အခက်အခဲတွေကို အတူလက်တွဲပြီး ဖြေရှင်းပေးချင်တယ်၊ အခုလို ဘာမှမပတ်သတ်တဲ့ဘဝနဲ့ ဘေးမှာမနေချင်ဘူး"

ထိုစကားကြားတော့မှ သူမစိတ်ထဲမှ ခံစားမှုကိုသိရတော့သည်။

"နင့်စေတနာကို ငါနားလည်ပါတယ် အခုလည်း. . ."

နီမောင်က သူမမျက်နှာကို ကြည့်လိုက်သည်။

မေးမှိန်စပြုနေသော မီးဖိုမှ မီးရောင်အချို့တို့. . . လရောင်စွန်းထင်နေသည့် ဝါဝင်းသည့်မျက်နှာပြင်ပေါ်မှာ မျှော်လင့်မှု တစ်စုံတစ်ရာကို တွေ့မြင်ရသည်။

တဲအပြင်မှ တိုးဝင်လာသောလေက ရှည်လျားသောဆံပင်တို့ကို တိုးဝှေ့ပွတ်သပ်နေရာ မျက်နှာပေါ်မှာ ဖုံးလိုက်ပေါ်လိုက်ဖြစ်နေသည်။

"ငါ့ဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကိုဝင်တာ ဒါ ပထမဆုံးပါပဲ၊ ဒါပေမယ့် ငါ့ရင်ထဲမှာ ကျေနပ်နေမိပါတယ်"

ဟုပြောပြီး နီမောင်ကို တင်းတင်းဖက်ထားလိုက်လေသည်။ နီမောင်အဖို့ ရှေ့တူရူမှဝင်လာသော မြားတံတစ်ချောင်းထက်. အရှောင်ရခက်သော "အချစ်မြား"က ရင်သို့ဝင်ရောက်စိုက်ဝင်သွားခဲ့လေသည်။

အပြင်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

နှင်းများက ထူထဲစွာကျနေသည်။

အအေးဓာတ်က ပတ်ဝန်းကျင်တစ်ခုလုံး နွှောင်ဖွဲ့ထားသည်ချစ်သူနှစ်ဦးအတွက်ကတော့ ထိုအရာအားလုံးကို သတိမပြုနိုင်တော့ပါချေ. . .။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် နှစ်ယောက်သားလက်တွဲပြီး အပြင်ဘက်သို့ထွက်လာသောအခါ အံ့ဩဖွယ်မြင်ကွင်းကိုမြင်တော့ နှစ်ယောက်စလုံး အံ့ဩသွားကြလေသည်။

"ဘာလုပ်တာလဲဟင်"

ထိုအခါ ကလန်ကြီးက ရှေ့သို့ တိုးလာပြီးပြောပြသည်။

"ငါတို့ သက်မျိုးနွယ်စုတွေရဲ့ ခေါင်းဆောင်သစ်တစ်ယောက်ရဲ့ မင်္ဂလာဦးည အခန်းအနားကို အသိအမှတ်ပြုပေးဖို့စောင့်နေကြတာပါ. . ."

"အို. . ."





ထိုစကားကြောင့် ပုဏ္ဏမာ မျက်နှာပေါ်မှာ ရှက်သွေးကြောင့် ပန်းနုရောင်သမ်းသွားပြီး ခေါင်းငုံ့သွားလေသည်။ နီမောင်ကလည်း ဘယ်လိုပြန်ပြောရမှန်းမသိပဲ ပါးစပ်ပိတ်ပေါင်းသားဖြစ်သွားသည်။

"မင်းအတွက် ငါတို့အားလုံးက ဝမ်းသာပါတယ်၊ ဒါဟာမင်းအတွက်ထိုက်တန်တဲ့ ဆုလာဘ်တစ်ခုပါပဲ၊ သူဟာ မင်းအတွက် နတ်ဒေဝါတွေဖန်ဆင်းပေးလိုက်တဲ့ အဖော်ကောင်းတစ်ယောက်ပါပဲ"

ဒီအတွက် အားလုံးကကျေနပ်ကြပါတယ်။

နီမောင်က ခေါင်းညိတ်ပြလိုက်ရင်းပြောသည်။

"ဒီလိုနားလည်ပေးတဲ့အတွက် ဝမ်းသာပါတယ်၊ ဒီနေ့ကစပြီး ပုဏ္ဏမာဟာ ကျွန်တော်ရဲ့ ဘဝလက်တွဲဖော်တစ်ယောက်ဖြစ်သွားပါပြီ၊ အသိအမှတ်ပြုပေးကြပါ"

"အသိအမှတ်ပြုပါတယ်၊ ကျေနပ်ပါတယ်"

ဆိုသောအသံများက သံပြိုင်ပေါ်ထွက်လာကြသည်။

မြင့်မားသီခေါင်လှသော မဏိပူရတောင်တန်းတစ်နေရာမှ သက်မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်၏ မင်္ဂလာပွဲကထိုမျှသာနှင့် ပြီးသွားသည်။

သူတို့အတွက် ထိုထက်ပိုအရေးကြီးသောကိစ္စကို ဆွေးနွေးတိုင်ပင်ကြရပေဦးမည်။

ထို့နောက်မှာတော့ ပန်းကုံးကြီးရှိသောတဲတစ်လုံး အ

တွင်းသို့ဝင်ကာ မျက်နှာချင်းဆိုင်ထိုင်ကြသည်။

အလယ်တွင်ဝါး၊ သစ်သားတို့ဖြင့် ပြုလုပ်ထားသော သစ်သားတန်းလျားရှည်ရှိသည်။

ထိုအပေါ်တွင် ဖခါးရည်ထည့်ထားသောအိုးနှင့် ခေါင်ရည်ထည့်ထားသောအိုးအချို့ တင်ထားသည်။

ဝါးဆစ်ပိုင်းဖြင့် ပြုလုပ်ထားသည့် ဝါးခွက်များကိုလည်း အစီအရီတင်ထားသည်။

ထိုအထဲတွင်သူတို့ချည်းမဟုတ်ဘဲ ရွာမှအသက်အရွယ်ကြီးသူများရော အတွေ့အကြုံများသူတို့လည်း ပါဝင်ကြသည်။ အားလုံးမျက်နှာစုံညီ ထိုင်မိသောအခါ ကလန်ကြီးကပြောသည်။

"ငါတို့ သက်မျိုးနွယ်စုတွေ အခုရင်ဆိုင်နေရတဲ့ ပြဿနာတွေက များပြီးရှုပ်ထွေးနေတယ်၊ ဘုရင့်တပ်မတော်က တပ်မှူးကြီးဗျူဟ္ဂတို့အဖွဲ့၊ ကနန်လူမျိုးတွေအပြင်၊ အခုဆိုရင် ဗြဟ္မပုတ္တရမြစ်ဝှမ်းဘက်က တောပုန်းတွေ ပါဝင်လာနေပြီ. . ."

"ဟုတ်တယ်. . . ရွှေတွင်းကိစ္စတွေကလည်း ပေါ့ပေါ့ထားလို့ မရတော့ဘူး"

"ရွှေတွင်းတွေကို အကြောင်းပြုပြီးတော့ သွေးချောင်းစီးမယ့် တိုက်ပွဲတွေ ဖြစ်လာနိုင်တယ်"

"ဒီလိုတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး၊ ဒီရွှေတွင်းတွေက ငါတို့ဘိုးဘေးတွေလက်ထက်ကတည်းက အဆက်ဆက်ပိုင်ခဲ့ကြတာပဲ"





"ဒါပေမယ့် အခုဆိုရင် ဒီရွှေတွင်းတွေနဲ့ပတ်သတ်တဲ့ အကြောင်းတွေကို အတော်များများကသိသွားကြပြီ၊ လူတွေရဲ့ လောဘကို တားဆီးဖို့ခက်တယ်. . ."

"ဒီလိုဆို တစ်ခုခုတော့ပြင်ဆင်သင့်ပြီပေါ့"

ထိုင်နေသူများအကြည့်အားလုံးက နီမောင်ရှိရာဘက်သို့ရောက်လာကြသည်။

သူကမျိုးနွယ်စုခေါင်းဆောင်. . အရေးကြီးသောအခြေအနေတို့ကို သူကိုယ်တိုင်အဆုံးအဖြတ်ပေးရပေလိမ့်မည်။

"နဂါးဖြူချောက်ကမ်းပါးမှာ တွေ့ခဲ့တဲ့ ဒဿဆိုတဲ့လူ ပြောသွားတဲ့စကားတွေကို ဆန်းစစ်ကြည့်ကြရအောင်၊ သူပြောသွားတဲ့စကားတွေထဲမှာ အမှန်တွေပါသလို လိမ်ညာ ပြောသွားတာတွေလည်းပါပုံရတယ်"

အားလုံးက ခေါင်းညိတ်ပြသည်။

"သူပြောတဲ့အထဲမှာပါတဲ့ တပ်မှူးဗျူဟ္ဂအကြောင်းနဲ့ ကနန်မျိုးနွယ်စုတွေအကြောင်းကတော့ အလေးအနက်ထားရမယ့် ကိစ္စတစ်ခုလို့ယူဆမိတယ်"

"သူတို့ပူးပေါင်းပြီး တစ်ယောက်က ရွှေယူပြီး ကနန်တွေက ငါတို့ကိုမျိုးပြုတ်အောင်လုပ်မယ့် ရည်ရွယ်ချက်လား၊ ဒါကို ဘယ်လိုရင်ဆိုင်မလဲ. . ဘယ်လိုဖြေရှင်းမလဲ"

"ပြဿနာတစ်ခု ဖြေရှင်းတယ်ဆိုတာ ပြဿနာရဲ့ဇစ်မြစ်အရင်းအမြစ်သိဖို့အရေးကြီးတယ် အခြေအမြစ်မခိုင်လုံပဲ စွပ်စွဲ

ရင် ဘာမှထိရောက်မှာမဟုတ်ဘူး"

"သူပြောသွားတဲ့အထဲမှာ လပြည့်နေ့ မတိုင်ခင်မှာ ကနန်တွေ ဒီနေရာဘက်ကရွှေတွင်းတွေက ရှာကြမယ်ဆိုတဲ့ စကားရော မှန်မယ်ထင်သလား"

"အဲဒါသိဖို့ အရေးကြီးတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် လပြည့်နေ့မတိုင်ခင်မှာ နဂါးဖြူတောင်ကြားတစ်ဝိုက်ကို လျှို့ဝှက်ပြီး စောင့်ကြည့်နေရင် ပိုမကောင်းဘူးလား"

"အဲဒါမှန်တယ် တကယ်လို့ သူတို့လာရင်တော့ ဒဿ ဆိုတဲ့လူ ပြောသွားတဲ့စကားအတိုင်း တပ်မှူးဗျူဟတို့နဲ့ ပူးပေါင်းကြံစည်တယ်ဆိုတာ သိရတာပေါ့"

ဟုပြောဆိုတိုင်ပင်၍ နဂါးဖြူတောင်ကြားသို့သွားရန် လူရွေးချယ်ကြလေသည်။

အပြင်ဘက်မှာတော့ နေရောင်ခြည်မှ ဖြာထွက်လာသောအလင်းရောင်အချို့ ကျဆင်းနေသည်။





# အခန်း(၁၄)

# နဂါးဖြူတောင်ကြားမှ အသက်လုပွဲ

နဂါးဖြူတောင်ကြား. . . .၊

ထိုနေရာတွင် မဆုံးနိုင်အောင်နက်ရှိုင်းရှည်လျားသော ဂူပေါက်ကြီးများရှိသည်။

လျှို့ဝှက်သောရွှေတွင်းများရှိသည်။

ရွှေတွင်းများကို ရှာဖွေလိုသူတို့သည် ထိုတောင်ကြားသို့ အရဲစွန့်ပြီးဆင်းကြသည်။

အချို့ပြန်တက်လာနိုင်သော်လည်း အချို့ပြန်မတက်

လာနိုင်တော့ပဲ အသက်ဆုံးရှုံးကြသည်။

သို့ကြောင့် မရဏတောင်ကြား သို့မဟုတ် သေမင်းတောင်ကြားဟုလည်း ခေါ်ဝေါ်ကြသည်။

မဏိပူရတောင်တန်းများပေါ်၌ နေထိုင်ကြသော မျိုးနွယ်စုအတော်များများကတော့ ထိုတောင်ကြားအကြောင်းကို သိကြသည်။

တောင်ကြားအတွင်း၌ရှိကြသော ဂူပေါက်ကြီးများမှာ ကြီးမားသည်၊ နက်ရှိုင်းသည်။

အတွင်းသို့ မည်သည့်နေရာရောက်သည်ကိုပင် မသိနိုင်ကြပေ. . . .။

ရှေးကလူကြီးများကတော့ အတွင်းသို့ဆက်သွားပါက ဗြဟ္မပုတ္တရ မြစ်ဝှမ်းအထိ ရောက်နိုင်သည်ဟုဆိုသည်။

သို့သော်လည်း မည်သူမှ မသွားဝံ့ကြပေ။

အဘယ်ကြောင့်ဆိုသော်. . .

ထိုဂူကြီးများအတွင်း၌ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသည့် မြွေတစ်မျိုးရှိနေသောကြောင့် ဖြစ်သည်။

အလင်းရောင်ကြောက်ပြီး ထုံးကျောက်များ၌သာ အနေများကြသောထိုမြွေတို့သည် အဆိပ်ပြင်းသည်။

အခိုးအငွေ့များ မှုတ်ထုတ်လိုက်သည်နှင့် ထိသည်နှင့်ပင် အဆိပ်သင့်ပြီးသေစေနိုင်သည်။

ထိုမြွေဖြူတို့မှာ ဦးခေါင်း၌ အမောက်ပါသဖြင့် နဂါးဖြူ





များဟု သတ်မှတ်ကြသည်။

ရှေးကျမ်းများတွင် အဆိပ်ပြင်းထန်သော နဂါးမျိုးနွယ်ဝင် (၁၆)မျိုးနွယ်ရှိသည်ဟု ဖော်ပြထားသည်။

နဂါးအဆိပ်သင့်သော် ထင်းချောင်းပမာ တောင့်တင်းသွားသော ကဋ္ဌမုခနဂါးမျိုး၊

အဆိပ်သင့်သော် အမှည့်လွန်ပြီးပုပ်သော သစ်သီးကဲ့သို့ ဖြစ်စေနိုင်သော တစ်ကိုယ်လုံး အရည်ပျော်စေသော ပူတိမုခမျိုး၊

အဆိပ်သင့်သော် မီးလောင်သည်ကဲ့သို့ လောင်ကျွမ်းသွားစေသော၊ ကြေမွပျက်စီးစေသော အဂ္ဂိမုခနဂါးမျိုး၊

အဆိပ်သင့်သော် မိုးကြိုးထိမှန်ခံရသကဲ့သို့ ကွဲအက်ကြေပျက်စေသော သတ္တမုခနဂါးမျိုး၊

ထို့အပြင်ကိုက်မိရုံဖြင့် အထက်ပါလေးမျိုးစလုံးဖြစ်စေနိုင်သော ဒဋ္ဌဝိသနဂါးမျိုး၊ မြင်ရုံမျှ (နဂါးကြည့်ရုံမျှ)နှင့် အထက်ပါလေးမျိုးစလုံး ဖြစ်စေနိုင်သော ဒိဋ္ဌဝိသနဂါးမျိုး၊

နဂါးနှာခေါင်းမှ မှုတ်ထုတ်လိုက်သော အဆိပ်ငွေ့သင့်ရုံမျှဖြင့် အထက်ပါလေးမျိုးစလုံး ဖြစ်စေနိုင်သော ဝါတဝိသနဂါးမျိုး၊ ထိရုံမျှနှင့် အထက်ပါလေးမျိုးစလုံး ဖြစ်စေနိုင်သောဖုဋ္ဌဝိသနဂါးမျိုး၊

အဆိပ်ပြင်းထန်သောနဂါးလေးမျိုးတို့ကို အထက်ဖော်ပြပါလေးမျိုးဖြင့်မြှောက်ပါက (၁၆)မျိုးရပေသည်။

နဂါးဖြူတောင်ကြားမှ ဂူကြီးများအတွင်း၌ နေကြသော

မြွေဖြူ (နဂါးဖြူ)တို့မှာ နဂါးမျိုးနွယ်ဝင်များ၌ ပါဝင်သည်ဆို သော်လည်း မည်သည့်မျိုးနွယ်၌ပါဝင်သည်ကိုတော့ မသိနိုင်ကြ ပေ။ ထိုမြွေဖြူတို့မှာ အမှောင်ကြိုက်ပြီး အလင်းရောင် မကြိုက် ကြပေ။

အလင်းရောင်ရှိသောနေရာသို့ ထွက်လာသည်မရှိပဲ ဂူ အတွင်းပိုင်း အမှောင်ရိပ်များအတွင်း၌ ခိုအောင်းနေကြသည်။

ရှေးရှာသူများက ဂူအတွင်းသို့ ဝင်ပါက အလင်းရောင်ရ သောမီးတုတ်၊ မီးတိုင်တို့ကို ယူဆောင်သွားကြသည်။

ထိုသို့ ယူဆောင်သွားခြင်းကပင် အန္တရာယ်ကိုဖိတ်ခေါ် သကဲ့သို့ ဖြစ်စေတော့သည်။

အလင်းရောင်ရသည်နှင့် ထုံးကျောက်များကြား၌ ငြိမ် သက်စွာ ရှိနေကြသောမြွေဖြူများ နိုးထလာကြသည်။

ဒေါသတကြီးဖြင့် အဆိပ်ခိုးအဆိပ်ငွေ့များ မှုတ်ထုတ် သောအခါ အဆိပ်သင့်ပြီး သေကြရခြင်းဖြစ်၏။

ဘိုးဘွားများကတော့ နဂါးဖြူများသည် ရွှေတွင်းများကို စောင့်ရှောက်ပေးနေကြသော တမန်တော်များဖြစ်သည်ဟု အ ယူရှိကြသည်။

နက်ရှိုင်းလှသော ဂူကြီးများကို နတ်ဒေဝတာတို့ကပင် ဖန်ဆင်းထားပြီး ထိုဂူကြီးများအတွင်း၌ လူတို့ရှာဖွေတွေ့ရှိရန် ခက်ခဲလှသော ဆင်သချိုင်းများနှင့် ဝိညာဉ်အစောင့်များ ရှိနေ သည်ဟုပြောသည်။





ဆင်သချိုင်းတွင် ဆင်စွယ်၊ ဆင်ရိုးများ တောင်ပုံရာပုံ ရှိနေမည်ဖြစ်သော်လည်း မည်သည့်နေရာ၌ ရှိသည်ကိုတော့ မသိနိုင်ကြပေ။

တစ်ခါကတော့ အသက်သေဆုံးခါနီးဖြစ်နေသော ဆင် တစ်ကောင်မှာ ဂူပေါက်ကြီးတစ်ပေါက်ထဲသို့ ဝင်သွားသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရသော တောလိုက်မုဆိုးတစ် ယောက်က အရဲစွန့်ပြီး နောက်မှလိုက်ကြည့်လေသည်။

ဂူအတွင်းသို့ ရောက်သွားသောအခါ သူ့ရှေ့မှ ဝင်သွား သောဆင်ကြီးကို မတွေ့ရတော့ပေ။

ဆန်းကြယ်သောဖြစ်ရပ်ကြောင့် ဟိုဟိုဒီဒီ လိုက်ကြည့် စဉ် တစ်နေရာရောက်တော့ ဂူ၏ကြမ်းပြင်ပေါ်မှာ တောင်ပုံရာပုံ ရှိနေသော ဆင်စွယ်နှင့်အရိုးတို့ကို တွေ့ရလေသည်။

သို့ကြောင့် ကြီးမားသောဆင်စွယ်တစ်ချောင်းကို ကောက်ယူလိုက်ရာ သူ့လက်ထဲရောက်လာသောအခါ မြွေဖြူ တစ်ကောင်အသွင် ပြောင်းသွားသောကြောင့် အထိတ်တလန့် ဖြစ်ကာ ပြန်လွှတ်ချပြီး ထွက်ပြေးခဲ့ရလေတော့သည်။

သို့ကြောင့် ထိုဂူကြီးများအတွင်း၌ ဖန်ဆင်းတတ်သော နာနာဘာဝ မိစ္ဆာဝိညာဉ်များရှိနေသည်ဟု ယုံကြည်ကြခြင်းဖြစ် ၏။

နီမောင် ခေါင်းဆောင်သော သေလာယက္ခရွာမှ လက် ရွေးစင်မုဆိုးအချို့တို့သည် နဂါးဖြူတောင်ကြား၌ရှိသော ဂူ

ပေါက်ဝတစ်ခုသို့ ရောက်နေကြသည်။

စုစုပေါင်း (၁၅)ယောက်ခန့်ရှိပြီး လက်နက်လေးမြား ပြည့်စုံစွာ ပါလာကြသည်။

၎င်းတို့သည် ကတ္တရံရွာမှ ကနန်မျိုးနွယ်စုများ ရွှေတွင်းမှ ရွှေများရှာဖွေယူရန် သတင်းရသောကြောင့် တိုက်ခိုက်ရန်အတွက် ကြိုတင်ရောက်နေပြီး စောင့်ဆိုင်းနေကြဖြင်းဖြစ်သည်။

"ဒီဂူတွေရဲ့အတွင်းမှာ အဆိပ်ပြင်းတဲ့ နဂါးဖြူတွေရှိတယ်၊ သူတို့က ဆူညံတဲ့ အသံတွေကို မကြိုက်ကြဘူး၊ အလင်းရောင်ကိုလည်းမုန်းတယ်. . . တတ်နိုင်သမျှ အလင်းရောင်နည်းနိုင်သမျှနည်းအောင် လုပ်ထားကြ"

ဟု ကလန်ကြီးကပြောသဖြင့် ပါလာသော ကညင်ဆီမီးတိုင်အချို့ကို ကျောက်ကြားထဲထည့်ပြီး ငြိမ်းပစ်လိုက်သည်။

တစ်ခုနှစ်ခုသာကျန်သော မီးတိုင်တို့ကိုလည်း ကညင်ဆီများ လျှော့လိုက်သဖြင့် အလင်းရောင်မှေးမှိန်ကျသွားသည်။

"နက်ဖြန်လပြည့်နေညပဲ တကယ်လို့ ဒသဆိုတဲ့ လူပြောသွားတဲ့စကား အမှန်ဖြစ်မယ်ဆိုရင်တော့ ဒီကနေည ဒါမှမဟုတ် မနက်ဖြန်ညမှာ သူတို့ရောက်လာလိမ့်မယ်. . ."

နီမောင်က ထိုသို့ပြောပြီး ဂူအပြင်တစ်နေရာသို့ထွက်ကာ အဝတ်စတစ်စနောက်မှာ ချည်ထားသောမြားတစ်စင်းကို ချောက်ကမ်းပေါ်သို့ ပစ်တင်လိုက်သည်။

ချောက်ကမ်းပါးပေါ်မှာ အသင့်နေရာယူထားသော





လက်ဖြောင့်မှုဆိုးတို့ ရှိနေကြသည်။

၎င်းတို့အား အချက်ပေးလိုက်ခြင်းဖြစ်သည်။

အတန်ကြာတော့ ထိုမြားတံက သူတို့ရှိနေသော ဂူပေါက်ဝနှင့် မနီးမဝေးသို့ ပြန်ကျလာသည်။

အပေါ်မှစောင့်နေသောအဖွဲ့က အဆင်သင့်ရှိနေကြောင်း ပြန်လည်အသိပေးခြင်းဖြစ်သည်။

ညအချိန်ရောက်လာသောအခါ မီးမဖိုပဲ ဒီအတိုင်းနေကြသောအအေးဒဏ်ကိုခံကြရသည်။

အတွေ့အကြုံရှိသော ကလန်ကြီး အားလုံးကိုပြောသည်။

"သဘာဝကတော့ သူ့သဘောအတိုင်း ဖြစ်နေမှာပဲ၊ ဒါကိုသတိပြုနေသမျှ သူကတော့နှိပ်စက်နေမှာပဲ၊ သူ့ကို ဥပေက္ခာပြုနိုင်မှ သက်သာမယ်"

"ဘယ်လိုလုပ်ရမလဲ"

"ဟိမဝန္တာတောင်တန်းပေါ်မှာနေကြတဲ့ ယောဂီကြီးတွေရဲ့နည်းအတိုင်း လုပ်ရင်ရပါတယ်၊ သူတို့ဟာ နှင်းဖုံးနေတဲ့တောင်တန်းတွေပေါ်မှာ သူတို့ကို မနှိပ်စက်နိုင်ကြဘူး"

ကျန်လူများက စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"သူတို့ဟာ သဘာဝရဲ့နှိပ်စက်မှုဒဏ်တွေ၊ ရာသီဥတုဒဏ်တွေ ထိမ်းချုပ်နိုင်တဲ့ ယောဂကျင့်စဉ်တွေ ကျင့်ကြတယ်"

"ယောဂကျင့်စဉ်ဆိုတာ ဘယ်လိုမျိုးလဲ"

"ယောဂကျင့်စဉ်နည်းတွေကတော့ အများကြီးရှိတယ်၊ အနှစ်ချုပ်လိုက်ရင်တော့ စိတ်အာရုံကို ထိမ်းချုပ်တဲ့နည်းပါပဲ. . စိတ်ဟာ သူကိုထိမ်းချုပ်မထားနိုင်ရင် သွားချင်တဲ့နေရာသွားပြီး တွေ့သမျှကိုသယ်ဆောင်လေ့ရှိတယ်၊ သူ့ကို အပြင်မထွက်အောင် ထိမ်းချုပ်ထားနိုင်မယ်ဆိုရင် အပြင်ကအနှောင့်အယှက်တွေ ဘာမှမဝင်တော့ဘူးပေ့ါ၊ ယောဂကျင့်စဉ်ရဲ့ အဓိပ္ပာယ်က စိတ်ကိုထိမ်းချုပ်ထားခြင်းပါပဲ. . ."

ဟုအတိုချုပ်ပြီးပြောပြသဖြင့် နီမောင်တို့လည်းသဘောပေါက်သွားကြသည်။

"မင်းတို့က အလေ့အကျင့်မရှိသေးတော့ ရုတ်တရက် စိတ်ကိုထိမ်းချုပ်ထားဖို့က မလွယ်ဘူး၊ ဒီတော့ တစ်ခုခုကိုအာရုံပြုထားနိုင်မှရမယ်"

ဟု ပြောပြီး နည်းအချို့ကိုပြောပြသည်။

ထို့နောက်မှာတော့ ရာသီဥတုနှိပ်စက်မှုဒဏ်ကို ခံနိုင်ရန် စိတ်တည်ငြိမ်အောင် ကြိုးစားကြသည်။

အချို့က ကျောက်နံရံကြားမှာ ထိုးစိုက်ထားသောမီးတုတ်မှ တောက်လောင်နေသော မီးတောက်ကို မျက်တောင်မခတ် စိုက်ကြည့်လေသည်။

အချို့ကတော့ ဝါးဆစ်ပိုင်းထဲမှာ ရေအပြည့်ထည့်ပြီး ထိုရေကို မျက်တောင်မခတ် စိုက်ကြည့်ကြသည်။

အချို့က ရှေ့မှာ မြေကြီးကိုစုပုံပြီး ထိုမြေကြီးပုံကို စိုက်





ကြည့်သည်။

နီမောင်ကတော့ အခြားဘာမှ ကြည့်မနေတော့ပဲ မိမိနှာခေါင်းမှ ဝင်လေထွက်လေကိုသာ အာရုံပြုပြီး မှတ်သားနေလေသည်။ ကလန်ကြီးပေးသော နည်းများမှာ မီးကသိုဏ်း၊ ရေကသိုဏ်း၊ မြေကသိုဏ်း၊ လေကသိုဏ်း ဟုခေါ်သော တေဇောခာတ်၊ အာပေါခာတ်၊ ဝါယောခာတ်၊ ပထဝီခာတ်တို့ကို ထိမ်းချုပ်ကျင့်ကြံစေသောနည်းများပင် ဖြစ်ပေသည်။

စိတ်စွမ်းအားကို မြင့်တက်စေသော၊ တည်ငြိမ်မှုရစေသော ကသိုဏ်းကျင့်စဉ် လေးမျိုးပင်ဖြစ်၏။ အခြားသူများတော့ မသိပေ. .

နီမောင်အတွက်တော့ ပထမဆုံးသော အတွေ့အကြုံဖြစ်သဖြင့် စိတ်တည်ငြိမ်မှုမရပေ။ စိတ်ကိုထိန်းချုပ်ထားသည့်ကြားမှ အပြင်သို့ပြန့်လွင့်နေသည်။

ထိုအချိန်ကျမှ အတွေးပေါင်းစုံတို့က စုပြုံပြီးဝင်ရောက်လာသည်။ ဦးနှောက်ထဲသို့ တိုးဝင်လာသည်။ သေဆုံးသွားသောဖခင်အကြောင်း၊ သက်မျိုးနွယ်စုများနှင့် ကနန်မျိုးနွယ်စုများအကြောင်း၊ ပုဏ္ဏာမာနှင့်ပတ်သက်သည့် ရင်ခုန်စရာအကြောင်းများက တစ်ခုပြီးတစ်ခု အတွေးထဲသို့ဝင်ရောက်လာသည်။ အမှတ်မထင်တွေ့ခဲ့ရသော ဒဿဆိုသူပြောသွားသည့် စကားများကလည်း အစီအရီဝင်လာနေသည်။

ထိုကဲ့သို့ရှိနေစဉ်မှာ အပေါ်ဘက်မှာရှိနေကြသူများထံ

မှ အချက်ပေးသံအချို့ ကြားရသည်။ နားစွင့်ကြည့်လိုက်တော့ အဝေးမှလာနေသော မြင်းခွာသံအချို့ကို ခပ်သဲ့သဲ့ကြားရသည်။ မြင်းခွာသံတို့က တောင်နံ့ရံတို့မှတစ်ဆင့် ပဲ့တင်ရိုက်ခတ်ကာ အောက်သို့ရောက်လာခြင်းဖြစ်သည်။

ထိုအသံအချို့ကြောင့် နီမောင်အပါအဝင် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ စကားမပြောသော်လည်း ဘာလုပ်ရမည်ကို အားလုံးသိကြသည်။ သို့ကြောင့် လက်နက်များကိုယူပြီး ဂူအပြင်သို့ ပြန်ထွက်ကြသည်။ချထားသောနွယ်ကြိုးများကို အသုံးပြုကာ တစ်ယောက်ပြီးတစ်ယောက် အပေါ်ပြန်တက်ကြသည်။ အပေါ်ရောက်တော့ စောင့်နေသောအဖွဲ့သားများနှင့် တွေ့ရသည်။

"သူတို့လာနေကြပြီ. . ."

တစ်ယောက်က တိုးတိုးပြောသည်။ သူတို့မျက်နှာများပေါ်မှာ စစ်သွေးစစ်မာန်ဖြင့် တက်ကြွနေကြသည်။ အမှောင်ထဲမှာပင် မျက်လုံးများက အရောင်လက်နေကြသည်။

"သူတို့ဝင်လာမယ့် လမ်းတွေကနေ လူခွဲပြီးစောင့်မယ်၊ ငါအချက်ပေးတာနဲ့ တစ်ပြိုင်နက်တည်းတိုက်မယ်"

ဟုနီမောင်ကပြောတော့ အသီးသီးလူစုခွဲကာ ထွက်သွားကြလေသည်။

ဝင်လမ်းက အခြားလမ်းမရှိပေ၊ ကျောက်နံ့ရံနှစ်ခုကြား





မှဝင်သော လမ်းတစ်လမ်းသာရှိသည်။

အတန်ကြာတော့မြင်းခွာသံတို့က တဖြည်းဖြည်းနီးလာပြီး ဝေ့ဝါးသောပုံရိပ်အချို့ကို မြင်လာရသည်။

ကြည့်နေရင်းမှပင် တောင်ကြားလမ်းအဝဘက်မှ မြင်းစီးထားသော လူအချို့ဝင်လာကြသည်။ ကနန်မျိုးနွယ်စုများပါဝင်ကြောင်း ၎င်းတို့ ကိုင်ဆောင်သောလှံရှည်တို့က သက်သေခံနေသည်။

ဒဿပြောသွားသည့်အတိုင်း ကနန်တို့ ရွှေတွင်းများရှိရာသို့ လာနေကြပြီ. .။ နီမောင်က လေးကိုအသင့်ပြင်သည်။ မြားကျည်တောက်ထဲမှ မြားတံအချို့ကိုထုတ်ကာ မြေပေါ်မှာအသင့်စိုက်ချထားလိုက်သည်။

တောင်ကြားဘက်မှ ဝင်လာသောမြင်းစီးသမားတို့က ကွေ့တစ်ခုရောက်တော့ ပျောက်သွားလေသည်။

နောက်တစ်ကြိမ်ပြန်ပေါ်လာပါက သူတို့စောင့်နေသောနေရာနှင့် မနီးမဝေးသို့ ရောက်လာပေတော့မည်။ ထိုနေရာရောက်လျှင် ဆီးကြိုတိုက်ခိုက်ရန် အကောင်းဆုံးဖြစ်သည်။

နီမောင်က အသင့်ပြင်ထားရန် အချက်ပေးလိုက်သည်။ သူကိုယ်တိုင်က လေးညှို့ပေါ်မှာ မြားတင်ပြီး အသင့်ပြင်ထားလိုက်သည်။

ရင်ဆိုင်တိုက်ပွဲ စပေတော့မည်. . .။

တောင်ကြားလမ်းမှ ဖြတ်ထွက်လာသော မြင်းစီးသမား

များမှာ သုံးလေးဆယ်ထက် မနည်းရှိသည်။ ဘယ်လိုကြောင့်အလုံးအရင်းနဲ့ ချီတက်လာကြတာလဲ. . ။ ရွှေတွင်းမှရွှေများခိုးယူရုံနှင့်တော့ ယခုလိုလက်နက်အပြည့်အစုံနှင့် လူများများလာစရာမလိုပေ။

နီမောင်စိတ်ထဲမှာ အခြေအနေကိုကြည့်ပြီး ဇဝေဇဝါဖြစ်သွားသော်လည်း တုံ့ဆိုင်းနေ၍ မရတော့ပေ။ သို့ကြောင့်စောင့်ဆိုင်းနေသူများကို အချက်ပေးလိုက်လေတော့သည်။

အချက်ပေးသံနှင့် မရှေးမနှောင်းမှာပင် မြားတံများကပိတုန်းကောင်များပမာ ပျံဝဲထွက်သွားလေတော့သည်။ ရှေ့ဆုံးမှဝင်လာသော မြင်းစီးသမားအချို့မြင်းပေါ်မှ ပြုတ်ကျသွားကြသည်။

ပုန်းကွယ်နေသောနေရာမှ မြားတံများ အဆက်မပြတ်ထွက်လာရာ မြင်းစီးသမားတို့ ဖရိုဖရဲ ဖြစ်သွားကြသည်။ သို့သော်၎င်းတို့သည် မြင်းစီးကျွမ်းကျင်သူများဖြစ်ကြသောကြောင့် မြင်းများကိုချက်ချင်းထိမ်းကာ တန်ပြန်တိုက်စစ်အတွက် ပြင်ဆင်သည်။

အတွေ့အကြုံများပြီး စစ်ရေးကျွမ်းကျင်သူများ ဖြစ်သောကြောင့် ဖရိုဖရဲဖြစ်သွားသော အခြေအနေကို ချက်ချင်းထိမ်းပြီး ခုခံကာကွယ်ရင်းနှင့် ပုန်းကွယ်နေသော ရန်သူများရှိရာသို့ တရကြမ်းချီတက်တိုက်ခိုက်ကြလေသည်။

ရင်ဆိုင်တိုက်ပွဲ စတော့ပေမည်။ ကနန်တို့က ကျောက်





တုံးကျောက်ဆောင်များ နောက်ဘက်မှာ အကာအကွယ်ယူရင်းလူအင်အားအသုံးပြု၍ တိုက်ခိုက်ရန်အားယူနေကြသည်။

အတန်ကြာတော့ ကြုံးဝါးသံများကြားရပြီး လှံရှည်ကြီးများအသုံးပြုပြီး ရှေ့သို့တိုးထွက်လာသည်။ ထိုအထဲတွင် ဘုရင်တပ်သားများသာ အသုံးပြုသော ဒိုင်းလွှားတို့ကိုပါ တွေ့မြင်လိုက်သဖြင့် စိတ်ထဲမှာဇဝေဇဝါဖြစ်သွားသည်။

ကနန်တွေက ဒီလိုလက်နက်ကိရိယာမျိုးတွေ သုံးလေ့မရှိပါဘူး။ သို့စေကာမူ. . ရှည်ရှည်ဝေးဝေးတော့ စဉ်းစားနေချိန်မရတော့ပေ. . ။ ရန်သူများကအနီးသို့ ရောက်လာပြီဖြစ်သောကြောင့်ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲရတော့သည်။

ထိုတိုက်ပွဲမှာမှ ပုဏ္ဏာမာ၏စွမ်းရည်ကို တွေ့မြင်ရလေတော့သည်။ သူမသည် သံစူးချွန်ကဲ့သို့ ပြုလုပ်ထားသော မားချွန်များပစ်ပေါက်ရာမှာ များစွာကျွမ်းကျင်သူဖြစ်သည်။

တိုက်ပွဲအတွင်း ကျားသစ်မလေးတစ်ကောင်ကဲ့သို့ တစ်နေရာမှတစ်နေရာ လျှပ်တစ်ပြက် ခုန်ပျံရွေ့လျားကာ ပေါက်မားများအသုံးပြုလျက်တိုက်ခိုက်ရာ ရန်သူတို့ကို တစ်ယောက်ပြီးတစ်ယောက်သုတ်သင်နိုင်လေသည်။

မားဦးချွန်တွင် ထိသေအဆိပ်များ သုတ်ထားသဖြင့် ထိလိုက်သည်နှင့် ပြန်မထနိုင်တော့ပေ။ အခြေအနေများ ရှုပ်ထွေးနေစဉ်မှာ မီးပေါက်သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီး ရန်သူများနှင့် တိုက်ခိုက်နေသော နီမောင်တစ်ယောက် လဲကျသွား

လေတော့သည်။

"အမောင်. ."

ပုဏ္ဏမာက စိုးရိမ်တကြီး အော်ဟစ်ရင်းအနားပြေးလာသည်။

"ပုဏ္ဏမာ ကျန်တဲ့လူတွေခေါ်ပြီး ဒီနေရာကလွတ်အောင်ပြေးပေတော့၊ အခြေအနေက ငါတို့ထင်သလိုမဟုတ်တော့ဘူး"

နီမောင်ကပြောသော်လည်း ပုဏ္ဏမာက ချက်ချင်းမသွားသေးပေ။ နောက်တစ်ကြိမ်အော်ပြောတော့မှ ကျောက်တုံးများနောက်သို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

"ငါတို့က ဘုရင်တပ်မတော်က တပ်မှူးဗျဂ္ဃရဲ့တပ်တွေပဲ နယ်မြေလုံခြုံရေးအတွက် လှည့်လည်စစ်ဆေးနေတဲ့ ဘုရင်တပ်တွေကိုတိုက်ခိုက်တဲ့ လူရိုင်းတွေကို ဖမ်းကြစမ်းဟဲ့"

တစ်နေရာမှ ဗျဂ္ဃအသံပေါ်ထွက်လာပြီး နီမောင်လဲကျနေရာသို့ လျှောက်လာလေသည်။

"ဘယ်လိုလဲဟေ့ သက်မျိုးနွယ်စုခေါင်းဆောင်၊ ဒီတစ်ခါတော့ အရင်တစ်ခါလို မင်းဆင်ခြေပေးလို့မရတော့ဘူး၊ ဘုရင့်တပ်သားတွေနဲ့ အဖော်လိုက်လာတဲ့ ကနန်မျိုးနွယ်တွေကို ချောင်းမြောင်းတိုက်ခိုက်တာ ငါ့အမြင်ပဲ၊ မင်းအတွက် သေဒဏ်ကလွဲပြီး အခြားမရှိတော့ဘူး"

နီမောင်က လက်မောင်းတစ်ဖက်တွင် ကျည်ဆံထိမှန်





ထားသောနေရာကို ကျန်လက်ဖြင့်ဖိအုပ်ထားရင် အံကြိတ်ထားသည်။ ထိုနေရာမှ သွေးများစီးကျနေသည် ထိုအခိုက်မှာပင် သက်မျိုးနွယ်စုတို့ကို လိုက်လံဖမ်းဆီးသောတပ်သား ပြန်ရောက်လာသည်။

"သူ့လူတွေမိခဲ့ရဲ့လား"

"သေတဲ့လူတွေကလွဲပြီး ကျန်တဲ့လူတွေကိုမမိလိုက်ဘူး"

"ဘယ်လိုကြောင့်လဲ"

"တောင်ကြားထဲက ကြောက်စရာကောင်းတဲ့ ဂူပေါက်တွေထဲကို ဝင်ပြေးသွားကြတယ်၊ အဲဒီဂူထဲဝင်လိုက်ရင် လိုက်တဲ့လူတွေသေမှာပဲ"

"ကိစ္စမရှိတော့ပါဘူးလေ. . ဒီမှာ ငါတို့အလိုရှိတဲ့ သူတို့ရဲ့ခေါင်းဆောင်ကို မိထားမှပဲ သူတို့မလှုပ်ဝံ့တော့ပါဘူး၊ သူ့ကိုကြိုးတုပ်ပြီး ခေါ်လာခဲ့ပေတော့"

ဟု မီးပေါက်သေနတ်ကို ဟန်ပါပါကိုင်ရင်း အမိန့်ပေးလိုက်ရာ ကျန်လူတို့က အမိန့်အတိုင်း ဆက်လုပ်ကြလေသည်။

စောစောက ကမ္ဘာပျက်သံအလား ဆူညံနေခဲ့သော ါးဖြူတောင်ကြားတစ်ပိုက်မှာ ယခုတော့ တိတ်ဆိတ်ငြိမ်သက်သွားပြန်ချေပြီ. . ။





# အခန်း(၁၅)

# အကျဉ်းစခန်းမှ ကယ်တင်ရှင်

အိပ်ပျော်နေသလား. . .

သတိမေ့နေသလားတော့ မသိပေ. . .

လက်မောင်းမှာရထားသော သေနတ်ဒဏ်ရာမှ နာကျင်တိုက်ခဲ့မှုကြောင့် သတိပြန်ရလာသည်။ နားထဲမှာတိတ်ဆိတ်ငြိမ်သက်နေသည်။

"ငါ ဘယ်နေရာရောက်နေတာလဲ"

ဟုတွေးကာ မျက်လုံးကို ဖြည်းဖြည်းဖွင့်ကြည့်သည်။

မီးရောင်တစ်ခုက မျက်လုံးထဲဝင်လာသည်။ ထိုအခါမှ သူရောက်နေသောနေရာမှာ သစ်လုံးများကာရံထားသော အကျဉ်းစခန်းထဲဖြစ်ကြောင်း သိရလေသည်။

သစ်လုံးတိုင်များကို ခပ်စိပ်စိပ်ကာထားပြီး အပြင်ဘက်မှာ မီးဖိုတစ်ခုရှိသည်။ ထိုမီးဖိုမှ မီးအလင်းရောင်တို့က အထဲသို့ ရောက်နေသည်။ လက်နှစ်ဖက်ကို လှုပ်ကြည့်တော့ မရပေ။ နောက်ဘက်တွင် လက်နှစ်ဖက်ကို ကြိုးဖြင့်ပူးချည်ထားသည်။ လက်နှစ်ဖက်ကို ကြိုးဖြင့်တုပ်နှောင်ထားသောကြောင့် ပခုံးစွန်းမှာ ရထားသောဒဏ်ကို ဘယ်လိုမှမလုပ်နိုင်ပေ။ အအေးဒဏ်ကြောင့် ဒဏ်ရာက တစစ်စစ်နာကျင်ကိုက်ခဲနေသည်။

မီးဖိုနှင့်မနီးမဝေး အရှေ့ဘက်မှာတော့ ဓားလှံများကိုင်ထားသော ရဲမက်နှစ်ယောက်ရှိနေကြသည်။ ၎င်းတို့မှာ ခေါင်းရည်သောက်ရင်းနှင့် အချင်းချင်းစကားပြောနေကြသည်။

"ဖမ်းမိထားတဲ့တရားခံက သက်မျိုးနွယ်စုခေါင်းဆောင်လို့ ပြောသံကြားတယ်၊ သူတို့ဘာကြောင့် မသတ်သေးတာလဲ. . မသတ်ဘဲထားရင် သူ့မျိုးနွယ်တွေက ဒီအတိုင်းကြည့်နေကြမှာလား"

"ဒါကတော့ ငါတို့ခေါင်းဆောင်ကြီးက စီမံပါလိမ့်မယ် မသတ်ဘဲထားတာ တခြားအသုံးချဖို့ကိစ္စရှိနေသေးလို့ ဖြစ်မှာပေါ့။ ငါတို့ခေါင်းဆောင်ကြီး အလုပ်လုပ်တဲ့နေရာမှာ စေ့စေ့စပ်စပ်နဲ့ အကွက်ချပြီး လုပ်တာဆိုတော့ သူစီမံပါလိမ့်မယ်. . "





ထိုသို့ပြောနေစဉ်မှာပင် သူတို့နှစ်ယောက်ရှိရာသို့ လူတစ်ယောက်ထပ်ရောက်လာသည်။

နီမောင်က သတိမရသေးဟန်ဖြင့် အခြေအနေကို ကြည့်နေလေသည်။

"ဟင် ဒသဆိုတဲ့လူပါလား"

ဝင်လာသူမှာ ဒသဆိုသောသူဖြစ်ပြီး သူကရဲမက်နှစ်ယောက်ကို အမိန့်ပေးနေလေသည်။

"မင်းတို့နှစ်ယောက် ခေါင်ရည်ချည်းသောက်ပြီး ပေါ့ပေါ့လျော့လျော့မနေကြနဲ့၊ အခုဖမ်းထားတဲ့ အကျဉ်းသားက ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိကြရဲ့လား "

"သိပါတယ်၊ ကျုပ်တို့ အသေအချာ စောင့်နေပါတယ်"

ထိုအခါ ဒသဆိုသောသူက နီမောင်ရှိနေသော အချုပ်ခန်းအနီးသို့ တစ်ချက်လာကြည့်ပြီးမှ ထိုနေရာမှပြန်ထွက်သွားလေတော့သည်။

"လက်စသတ်တော့ ဒင်းက သူလျှိုတစ်ယောက်ပါလား၊ ငါတို့ကို ဥပါယ်တံမျဉ်နဲ့ လာပြီးထောင်ချောက်ဆင်သွားတာကိုး၊ ငါ ဒီအတိုင်းအသတ်ခံလို့တော့ မဖြစ်ဘူး၊ ငါသေသွားရင် ငါမျိုးနွယ်စုအားလုံး ဒုက္ခရောက်ကြလိမ့်မယ်၊ ငါလွတ်မြောက်အောင်ကြိုးစားရမယ်. . ငါလွတ်မြောက်အောင်ကြိုးစားမှ ဖြစ်မယ် "

ဟုတွေးရင်း အခြေအနေကြည့်သည်။

ခပ်စိပ်စိပ်စိုက်ထားသော သစ်လုံးတိုင်များကို သစ်လုံး

တန်းများပစ်ကာ နွယ်ကြိုးဖြင့် ချည်နှောင်ထားသည်။

သူ့လက်နှစ်ဖက် လွတ်မြောက်သွားပါက ထိုအခက်အခဲကို ကျော်ဖြတ်နိုင်ပေလိမ့်မည်။ ထိုအခိုက်မှာပင် အနောက်ဘက်မှာရှိသော တိုင်နှစ်လုံးကြားမှ ဓားစူးတစ်ချောင်းဝှစ်ခနဲ ဝင်လာပြီး သူနှင့်မနီးမဝေးမှာ စိုက်ဝင်နေသည်။

ဓားဝင်လာသောဘက်သို့ လှမ်းကြည့်လိုက်တော့အမှောင်ရိပ်ထဲမှာရပ်နေသော ပုဏ္ဏမာ၏ပုံရိပ်ကို ဝိုးတဝါး မြင်လိုက်ရသည်။ ခဏကြာတော့ ချက်ချင်းပြန်ပျောက်သွားသည်။

နီမောင်က ဓားစိုက်နေရာသို့ ကိုယ်ကိုရွှေ့ပြီး ဓားကိုယူသည်။ ဓားရတော့ ခြေထောက်ဖြင့် ညှပ်ပြီး လက်မှကြိုးကို ဖြတ်သည်။

လက်နှစ်ဖက် လှုပ်ရှား၍ရသောအခါ အချုပ်နံဘေးသို့ကပ်ပြီး တန်းမှာချည်ထားသော နွယ်ကြိုးကို အရင်ဖြတ်သည်။ တန်းကြိုးပြတ်သွားသောအခါ သစ်လုံးတိုင်က လှုပ်လာသည်။ ထိုနေရာမှ တွန်းဖယ်ပြီး ခက်ခက်ခဲခဲတိုးထွက်သည်။

ညပ်နေစဉ် ပခုံးမှဒဏ်ရာနှင့်ထိမိတော့ အသည်းခိုက်အောင်နာသည်။ ဂရုမစိုက်နိုင်တော့ပေ။ လွတ်မြောက်အောင်ကြိုးစားရလေတော့သည်။ နောက်ဆုံးမှာတော့ တစ်ကိုယ်လုံးဒဏ်ရာဒဏ်ချက်မှ သွေးများ၊ ပခုံးဒဏ်ရာမှ သွေးများထွက်လာသော်လည်း သူအပြင်ရောက်သွားသည်။

ခေါင်းရည်သောက်နေသူတစ်ယောက်က ခြေသံကြား





သဖြင့် နောက်သို့လှည့်ကြည့်သည်။

မနီးမဝေးမှာ မားမားကြီးရပ်နေသည့် နီမောင်ကိုမြင်တော့ မျက်လုံးပြူးသွားသည်။

"ဟော့. ."

"ဝှစ်. ."

"အား . . ."

လည်ပင်းကိုစိုက်ဝင်လာသောဓားကို ပြန်နုတ်ရန်ကြိုးစားရင်း ပစ်လဲကျသွားသည်။

နောက်တစ်ယောက်က နံဘေးမှာချထားသော ဓားကိုပြန်ကောက်ယူနေစဉ်မှာ နီမောင်က အနားရောက်လာသည်။ ထိုနေရာမှာရှိနေသောလှံကို ခြေထောက်ဖြင့်ကောက်ယူကာ ရသည်နှင့် ပစ်ထိုးချလိုက်သည်။

" ဒုတ်. . ."

" အင့်. . ."

နှစ်ယောက်စလုံး ပြန်မထနိုင်တော့ပေ။

ထိုအခါ နီမောင်က မီးဖိုမှ မီးစွဲနေသောမီးတောက်စများကို ယူပြီး ထိုနေရာတစ်ဝိုက်မှ တဲများပေါ်သို့ ပစ်တင်လိုက်လေသည်။

သက်ငယ်ပျစ်များနှင့် သစ်ရွက်ခြောက်များ မိုးထားသော တဲများမှာ မီးစွဲလောင်လေရာ ခဏချင်းမှာပင် မီးတောက်မီးလျှံများ ထလာတော့သည်။

ထိုအခြေအနေကြောင့် တဲတစ်လုံးအတွင်းမှာ အောင်ပွဲခံသည့်အနေဖြင့် ခေါင်းရည်အတူသောက်နေကြသော တပ်မှူးဗျူဟာနှင့် ကနန့်မျိုးနွယ်စုခေါင်းဆောင်မြွေဟောက်နက်တို့မှာ မျက်လုံးပြူးသွားကြသည်။

ရုတ်ရုတ်သဲသဲအခြေအနေကြောင့် နှစ်ယောက်သား လက်နက်များကိုယူပြီး အပြင်သို့ပြေးထွက်သွားကြသည်။

"ဘာဖြစ်တာလဲဟေ့"

"အကျဉ်းသားထားတဲ့နေရာမှာ မီးလောင်နေပြီတပ်မှူး"

"အကျဉ်းသားရော"

"အစောင့်နှစ်ယောက်လည်း သေနေကြပြီ၊ သူ့ကိုလည်း မတွေ့ရတော့ဘူး"

"ဟင်. . ."

တပ်မှူးဗျူဟာမှာ မျက်နှာအကြီးအကျယ် ပျက်သွားလေသည်။ သို့သော် လွန်သွားခဲ့ချေပြီ. . ။

အခြေအနေက ရှုပ်ထွေးနေသည်။

မီးတောက်ကြီးများက တဝုန်းဝုန်းတောက်လောင်နေသည်။ ထိုအချိန်မှာ မီးတောက်မီးလျှံများကြားမှ မြင်းတစ်စီး ဒုန်းစိုင်းပြီး ထွက်လာသည်။

အစောင့်ရဲမက်အချို့က တားဆီးရန် ကြိုးစားကြသည်။ သို့သော်. . ထိုသို့တားဆီးဖို့ကြိုးစားသူများသာ မြေပြင်ပေါ်မှ တလိမ့်ခေါက်ကွေး ဖြစ်ကျန်ခဲ့သည်။





သက်မျိုးနွယ်စုခေါင်းဆောင်တစ်ယောက်၏ တိုက်ခိုက်မှုစွမ်းရည်နှင့် မြင်းစီးခြင်းအတတ်ပညာကို မည်သူမှမတားဆီးနိုင်ခဲ့ကြပေ. . ။

နောက်မှာတော့ သူသည် သူ့မျိုးနွယ်စုများ လျှို့ဝှက်စွာပုန်းခိုနေသောနေရာသို့ ရောက်သွားလေသည်။

ထိုနေရာသည် နဂါးဖြူတောင်ကြားတစ်ဝိုက်မှာရှိပြီး လျှို့ဝှက်သောနေရာတစ်နေရာပင်ဖြစ်၏။

သူတို့မျိုးနွယ်စုများ ဘေးအန္တရာယ်ဖြင့်ကြုံတွေ့သောအခါ တိမ်းရှောင်ရန်အတွက် ရှေးကတည်းက စီစဉ်ထားခဲ့သောနေရာဖြစ်ပြီး သူတို့မျိုးနွယ်များသာ သိကြသည်။

နီမောင်ပြန်ရောက်လာတော့ အားလုံးကဝမ်းသာကြသည်။ ခေါင်းဆောင်ကောင်းတစ်ယောက်အဖို့ ရှေ့တန်းမှာ ထွက်ပြီး မတိုက်နိုင်စေကာမူ သူရှိနေခြင်းကပင် ကျန်လူများအတွက် ခွန်အားဖြစ်စေသည်။

ယခုလည်း ကလန်ကြီးတစ်ယောက်သာ မျက်နှာမကောင်းဖြစ်နေပြီး ကျန်လူများကတော့ ဝမ်းသာနေကြသည်။

မိခင်ဖြစ်သူနှင့် နတ်ဆရာတို့က သူခန္ဓာကိုယ်ပေါ်မှာရလာသော ဒဏ်ရာဒဏ်ချက်များကို ဆေးကုပေးကြသည်။

"ပုဏ္ဏာမှာဘယ်မှာလဲ"

နီမောင်စကားကြောင့် ကလန်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းမမေးပဲ ပြောမထွက်လို့ စောင့်နေတာ၊ သူ မြင်းတစ်စီးနဲ့ ထွက်သွားတာ အခုထိပြန်ရောက်မလာသေးဘူး"

"သူကျွန်တော်ကို လာကယ်သွားသေးတယ် အမှောင်ရိပ်ထဲမှာ မသဲမကွဲမြင်လိုက်ရပေမယ့် သူ့ပုံရိပ်ကို ကျွန်တော်ကောင်းကောင်းမှတ်မိပါတယ်"

"ဟုတ်တယ် မင်းကိုကယ်ဖို့ သူတစ်ယောက်တည်းထွက်သွားတာပဲ၊ ခုချိန်ထိတော့ ပြန်မရောက်လာသေးဘူး"

"သူအန္တရာယ်နဲ့များ တွေ့နေသလား"

နီမောင်က အံတင်းတင်းကြိတ်ထားရင်း ခေါင်းကိုဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ဒီလိုနည်းမျိုးနဲ့တော့ သူ့ဘဝအဆုံးသတ်သွားမှာမဟုတ်တာ သေချာပါတယ်၊ ဘာကြောင့်လည်းဆိုတော့ သူဟာဒီတောင်တန်းကြီးတွေပေါ်မှာ အမြဲထွန်းလင်းနေရမယ့် လတစ်စင်း၊ ဒါမှမဟုတ် မဏိပူရရဲ့ ပုဏ္ဏာမာပဲ"

ကလန်ကြီးက နားလည်စွာဖြင့် မချိပြုံးတစ်ချက် ပြုံးလိုက်သည်။ နီမောင်က စိတ်ကိုတင်းပြီး အခြားအကြောင်းအရာတစ်ခုကို ပြောသည်။

"အခြေအနေကတော့ မကောင်းတော့ဘူး"

"မင်းနောက်ကို ဘုရင့်တပ်သားတွေ လိုက်လာပြီလား"

"မဟုတ်ဘူး သူတို့နဲ့အတူ ဒဿဆိုတဲ့မြေခွေးကို ပြန်တွေ့ခဲ့တယ်၊ သူက ဗြဟ္မပုတ္တရဘက်ကလာတဲ့ ပုန်ကန်သူတွေ





မဟုတ်ဘူး သူတို့ရဲ့လူ"

"ဒါဖြင့် ငါတို့ ကျော့ကွင်းအဆင်ခံရတာပေါ့"

"အမှန်ပဲ ကနန်တွေနဲ့ ဘုရင်တပ်သားတွေပူးပေါင်းမိသွားတာကိုက ကျွန်တော်တို့အတွက် သိပ်မကောင်းဘူး၊ ကျွန်တော်နားမလည်နိုင်တာက အရင်ကအခြေအနေနဲ့ အခုလက်ရှိဖြစ်နေတဲ့ အခြေအနေတွေပဲ၊ ကျွန်တော်ဖခင်ရှိတုန်းက ဘုရင်တပ်သားတွေနဲ့ ဆက်ဆံရေး အခြေအနေတွေကို ပြန်ပြောပါဦး"

ထိုအကြောင်းများကို ကောင်းစွာသိသော . . ထမန်းနက်ကြီးရှိစဉ်က နှစ်ပေါင်းများစွာ အတူတူလက်တွဲခဲ့သော . . ကလန်ကြီးက ယခုအခြေအနေနှင့် ဆန့်ကျင်ဘက်ဖြစ်သော ယခင်က အခြေအနေတို့ကို ပြန်ပြောပြသည်။

"ထမန်းနက်ကြီးက ငြိမ်းချမ်းရေးကိုလိုလားသူပဲ၊ မဏိပူရတောင်တန်းတစ်ခုလုံး အေးချမ်းသာယာမှုရအောင် ကြိုးစားချင်တဲ့သူပဲ၊ အရင်တုန်းက မဏိပူရတောင်တန်းတွေဟာ စစ်ပွဲတွေနဲ့ အကျည်းတန်စေခဲ့တယ်၊ မြန်မာဘုရင်တပ်မတော်တွေရောက်လာတော့မှ ငြိမ်သက်သွားတာ"

အဲဒီအချိန်တုန်းက မြန်မာဘုရင်တပ်တွေကို ဒေသခံဖြစ်တဲ့ ထမန်းနက်ကြီးနဲ့ ငါတို့တွေအားလုံးက အကူအညီပေးခဲ့ကြတယ်၊ ရဲဘော်ရဲဘက်တွေအဖြစ် ယုံကြည်လေးစားမှု ရှိခဲ့ကြတယ်"

"အဖေရှိတုန်းက ခေါင်းဆောင်ကရော ဒီတပ်မှူးပဲ

လား"

ဇူဂွကို ရည်ရွယ်လျက် မေးလိုက်ခြင်းဖြစ်သည်။

"မဟုတ်ဘူး သူ့ကို ငါတို့တစ်ခါမှ မမြင်ဖူးဘူး၊ သူ့နောက်ကပါလာတဲ့လူတွေကိုလည်း မသိဘူး"

"ဒီလူတွေဟာ ကျွန်တော်တို့ကို ဒုက္ခပေးဖို့ သားရဲတွင်းထဲက လူအယောင်ဆောင်ပြီး ထွက်လာတဲ့မြေခွေးတွေပဲဖြစ်ရမယ်၊ ဘယ်သူတွေပဲဖြစ်ဖြစ်ပေါ့ သက်မျိုးနွယ်တွေကို ဒုက္ခပေးတဲ့သူ၊ မဏိပူရတောင်တန်းပေါ်မှာ သွေးမြေကျအောင်ဖန်တီးလာတဲ့လူမှန်သမျှ ဘယ်သူ့ကိုမှ ခွင့်မလွှတ်ဘူး၊ ဘယ်သူ့အသက်ကိုမှလည်း ချမ်းသာမပေးနိုင်ဘူး"

နီမောင်ကအံကြိတ်ထားရင်းပြောသည်။

"မင်း ပုဏ္ဏမာအတွက်"

"သူရှိနေမှာပါ တစ်ချိန်ကျရင် ကျွန်တော်တို့မျိုးနွယ်တွေဆီ ပြန်ရောက်လာမှာပါ"

စကားပြောသည့်လေသံက မပျော့သော်လည်း မျက်လုံးများက ဖျော့တော့နေသည်။

မျက်လုံးဆိုတာ အသည်းနှလုံးရဲ့ ပုံရိပ်ကိုထင်ဟပ်စေသော ကြေးမုံတစ်ချပ်ပင်ဖြစ်၏။





# အခန်း(၁၆)

# မရဏတောင်ကြားမှ သွေးကြွေးကလဲ့စား

ကနန်မျိုးနွယ်စုတို့အတွက် အရေးကြီးဆုံးစစ်ပွဲတစ်ခုကို ဆင်နွှဲကြရပေတော့သည်။

အပြင်းထန်ဆုံး၊ အကြီးကျယ်ဆုံး စစ်ပွဲတစ်ရပ် ဆင်နွှဲရတော့မည်ဆိုပါလျှင်လည်း မမှားပင်။

မကြာခင် သူတို့ဆင်နွှဲရမည့် စစ်ပြိုင်ဘက်များမှာ အခြားသူများမဟုတ်ပေ။

သက်မျိုးနွယ်စုများနှင့် ဖြစ်ပေတော့သည်။

သက်မျိုးနွယ်စုများက ကျူးကျော်ရန်စလာခြင်းမဟုတ်၊ စစ်ကြေညာပြီး တိုက်ခိုက်ရန်လာကြခြင်းမဟုတ်ပဲ သူတို့ဘက်မှ စတင်တိုက်ခိုက်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။

ရှေးအခါကတော့ မျိုးနွယ်စုအချင်းချင်း ယခုကဲ့သို့ ကြီးကျယ်သော စစ်ပွဲမျိုးမရှိခဲ့ကြပေ။

ရွှေတွင်းများကို အကြောင်းပြုပြီး ပိုင်ဆိုင်ခွင့်အတွက် တင်းမာမှုများတော့ရှိသည်။

အကယ်၍ စစ်တိုက်ကြမည်ဆိုပါကလည်း တစ်ဖက်နှင့်တစ်ဖက် အသိပေးကြေညာပြီးမှ တိုက်ခိုက်ကြခြင်းဖြစ်၏။

ယခုတော့ အခြေအနေက တစ်မျိုးပြောင်းသွားလေပြီ။

ကနန်မျိုးနွယ်များရှိရာသို့ တပ်မှူးဗျူဠိဦးဆောင်သော ဘုရင်တပ်သားများ ရောက်လာသည်မှအစပြုပြီး အခြေအနေက ပြောင်းလဲသွားခဲ့ခြင်းဖြစ်၏။

တပ်မှူးဗျူဠိက ကနန်ခေါင်းဆောင် မြွေဟောက်နက်အမည်ခံ ဇမုန်းထန်နှင့် အခြားခေါင်းဆောင်များကိုခေါ်ပြီး ထိုကဲ့သို့ ပြောသည်။

"အခု ငါတို့ မဏိပူရတောင်တန်းပေါ်က ရောက်လာကြတာက ဘုရင်မင်းမြတ်အမိန့်တော်ကြောင့်ပဲဖြစ်တယ် ဒီတောင်တန်းပေါ်မှာရှိတဲ့ ရွှေတွင်းတွေနဲ့ သယံဇာတပစ္စည်းတွေဟာ ငါတို့ဘုရင်မင်းမြတ် ပိုင်ဆိုင်တဲ့ပစ္စည်းတွေပဲ"

အားလုံးငြိမ်သက်စွာနားထောင်နေကြသည်။





"ဒါတွေဟာ ဒီတောင်တန်းပေါ်မှာနေကြတဲ့ မျိုးနွယ်စုတွေအားလုံး ပိုင်ဆိုင်သင့်တယ်၊ ဒါကို သက်မျိုးနွယ်စုတွေက လက်ဝါးကြီးအုပ်ထားကြတယ်၊ သူတို့က ရွှေတွင်းတွေတင်မကဘူး၊ မင်းတို့ရဲ့ ချိုင့်ဝှမ်းဒေသတစ်ခုလုံးကိုပါ အပိုင်ထိမ်းသိမ်းဖို့ မျက်စောင်းထိုးနေကြတယ်"

ကနန်ခေါင်းဆောင်များက အံကြိတ်သူကြိတ်၊ တက်ခေါက်သူခေါက်ကြသည်။

"သူတို့က မင်းတို့ကို ချေမှုန်းဖို့ စစ်ရေးပြင်နေကြတယ်ဆိုတာ၊ ဟိုတလောက နဂါးဖြူချောက်ကမ်းမှာ တိုက်ခိုက်ခဲ့ကြတဲ့ တိုက်ပွဲအခြေအနေကိုကြည့်ရင် သိနိုင်တယ်"

"တပ်မှူးပြောတာ အမှန်ပဲ"

"ငါတို့ အချိန်မီ ရောက်မလာရင် ဘယ်လိုအခြေအနေမျိုးအထိရောက်မယ်ဆိုတာ မသိနိုင်ကြဘူး၊ အခု သူတို့ခေါင်းဆောင် ပြန်လွတ်သွားပြီဆိုတော့ နောက်ထပ်စစ်ပွဲတစ်ခု ဆင်နွှဲဖို့ အားယူနေပြီဆိုတာ ခန့်မှန်းလို့ရတယ်၊ ငါတို့အနေက သူတို့ကို တိုက်ခိုက်ချေမှုန်းလို့ရပေမယ့် ဘုရင်မင်းမြတ်သိရင် အမျက်တော်ရှမှာ စိုးရတယ်၊ ဒါကြောင့် ဒီတိုက်ပွဲကို မင်းတို့ ကနန်မျိုးနွယ်တွေကဦးဆောင်ပြီး ဆင်နွှဲရမယ်၊ ငါတို့ကနောက်က အကူအညီပေးမယ်"

"ကောင်းပါပြီ တပ်မှူးအမိန့်ပေးတဲ့အတိုင်း ကျုပ်တို့ဆောင်ရွက်ပါတော့မယ်"

ဟု ပြောဆိုကာ ကနန်မျိုးနွယ်တို့က တိုက်ပွဲအတွက် ပြင်ဆင်နေကြခြင်းဖြစ်သည်။

၎င်းတို့သည် တိုက်ပွဲအတွက် ဓား၊ လှံ၊ မြင်း၊ လေးမြား၊ လက်နက်တို့ကို ပြင်ဆင်ကြရုံမကပဲ နတ်ဆရာများ၊ ယဇ်ပူဇော်သောဆရာတို့နှင့် ဆေးဝါးအစီအရင်များ၊ ယဇ်ပူဇော်သော အစီအစဉ်များကိုလည်း တက်တက်ကြွကြွ ပြုလုပ်နေကြလေပြီ။

၎င်းတို့ အခြေအနေများကိုကြည့်ပြီး ဗျဂ္ဃနှင့်ဒဿတို့နှစ်ယောက် သဘောအကျကြီးကျ၊ အကျေနပ်ကြီး ကျေနပ်နေကြလေသည်။

"ဘယ်လိုလည်းဆရာကြီး၊ ဆရာကြီးရဲ့ အစီအစဉ်တွေ တယ်လည်းနေရာကျပါလား၊ ထမန်းနက်ကြီးကိုပါ ဥပါယ်တံမျဉ်နဲ့သတ်ပြီး အချင်းချင်းအထင်လွဲအောင် ဖန်တီးခဲ့တယ်၊ ကချာမျိုးနွယ်တွေကို တစ်ရွာလုံးသုတ်သင်ပြီး အမုန်းမီးပွားအောင်စီမံခဲ့ပြန်တယ်၊ အခုကျပြန်တော့လည်း သူတို့အချင်းချင်း ဒိုးမည်းသုတ်ပြီး ပြန်ခွပ်ခိုင်းဦးမှာဆိုတော့ တယ်လည်းနေရာကျပါလား"

"ဒီလူတွေက ဘာမှအသိဉာဏ်ရှိကြတာမှမဟုတ်တာ ငါတို့ပြောသမျှ ယုံနေကြတာပဲ မဟုတ်လား၊ ရွှေတွင်းတွေကြောင့် အချင်းချင်းမာန်စောင်နေတဲ့ သူတို့နှစ်ဖွဲ့စလုံး သေကျေပျက်စီးကုန်တဲ့အခါမှ ငါတို့က ရွှေတွင်းကရွှေတွေကို ယူကြရုံပဲပေါ့"

"ဒါတင်ဘယ်ကပါ့မလဲဆရာကြီးရဲ့၊ သူတို့နှစ်ဖွဲ့စလုံးမရှိတော့ရင် ဆရာကြီးက ဒီတောင်တန်းတွေပေါ်မှာ ဧကရာဇ်





ဖြစ်ပြီပေါ့ မဟုတ်ဘူးလား"

"ဒါပေါ့ကွာ ငါဧကရာဇ်ဖြစ်တော့လည်း မင်းကအကြံပေးပညာရှိ ဖြစ်ရစေမပေါ့"

ဟု ပြောဆိုရင်း ခေါင်းညိတ်သောက်ကြလေသည်။

ဒဿက အကြံပေးသဖြင့် ဗျဂ္ဃက ထိုအကြံအစည်များအတိုင်း ပြုလုပ်လေရာ. . . ရိုးသားသော မျိုးနွယ်စုများကတော့ သိကြပေ။

ယခုလည်း ဗျဂ္ဃက အကြံပေးသည့်အတိုင်း သက်မျိုးနွယ်စုများအား သွားရောက်တိုက်ခိုက်ရန် စစ်ရေးပြင်နေကြသည်။ လက်နက်များ ပြင်ဆင်နေကြပြီ။

ထိုနောက်မှာတော့ မြွေဟောက်အရုပ်တံဆိပ် ရေးခြယ်ထားသော ၎င်းတို့အလံကို ရှေ့ဆုံးမှထူပြီး ကနန်မြင်းစစ်သည်များ စစ်ချီထွက်လာကြလေသည်။

သူတို့အနောက်ဘက်မှာတော့ ဗျဂ္ဃနှင့် သူ့လူတို့ကနေရာယူထားကြလေသည်။

နှစ်စုပေါင်းသောအခါ လူအင်အားက အတော်တောင့်တင်းသွားကြလေသည်။

ထိုအချိန်တွင် မဏိပူရတောင်စွန်းထိပ်တစ်နေရာ၌ လူတစ်ယောက်ရှိနေလေသည်။

သက်မျိုးနွယ်စုခေါင်းဆောင် နီမောင်ပင်ဖြစ်သည်။

သူသည်နဖူးမှာ အနီရောင်နဖူးစည်းကို စည်းထား

သည်။ လက်မောင်းမှဒဏ်ရာကို တင်းနေအောင်စည်းထားပြီး မိခင်ကိုယ်တိုင်ချုပ်ပေးထားသော ဝက်ဝံရေ ကိုယ်ကျပ်အင်္ကျီ ဘောင်းဘီဝတ်ထားသည်။

အနက်ရောင်ဝက်ဝံသားရေကြောင့် သူ့ကိုကြည့်လျှင် ကျားသစ်နက်တစ်ကောင်နှင့်တူနေတော့သည်။

ဘေးမှာ ဖခင်အမြဲကိုင်ခဲ့သော တိုက်ပွဲဝင်ဓားကိုလွယ်ထားသည်။

ကျောမှာတော့ သူ့လက်စွဲတော်လေးနှင့် မြားဘူးလွယ်ထားသည်။ ခါးပတ်မှာ ပေါက်ဓားများနှင့် ဓားမြှောင်ရှိသည်။

ခြေသိုင်းဖိနပ်၏ လျှို့ဝှက်သောနေရာပင် ပေါက်ဓားတစ်ချောင်းစီ ထည့်ထားသေးသည်။

သူရပ်နေသော နေရာရှေ့မှာ ကျွန်းတုံးကြီးတစ်တုံးရှိသည်။

ထိုကျွန်းတုံးပေါ်မှာတော့ ရေခဲများဖြင့် တောင့်ခဲနေပြီဖြစ်သော ဖခင်အလောင်းကရှိနေသည်။

နီမောင်က ဖခင်အလောင်းကို ရိုသေစွာကန်တော့ပြီးနောက် ရွတ်ဆိုလိုက်သည်။

"အဖေ ဒီကနေ့သက်မျိုးနွယ်တွေရဲ့ အရေးအကြီးဆုံးစစ်ပွဲတစ်ခု ဆင်နွှဲရပါတော့မယ်၊ အဖေ့အတွက် တာဝန်မကျေနိုင်ခဲ့သေးတဲ့ကျွန်တော် ဒီနေ့စစ်ပွဲကို အနိုင်တိုက်ခိုက်ပါ့မယ်၊ အဖေ့အတွက် သွေးကြွေးဆပ်ပေးပါ့မယ်၊ အဖေကိုင်ခဲ့တဲ့ ဓားနဲ့





ရန်သူတွေကို သုတ်သင်ရှင်းလင်းပါ့မယ်. . ၊ အဖေပိုင်ဆိုင်ခဲ့တဲ့ 'ထမန်းနက်'ဆိုတဲ့ ဘွဲ့ကို ကျွန်တော်နဲ့ မထိုက်တန်သေးလို့ မခံယူသေးပါဘူး၊

ဒီတိုက်ပွဲအောင်မြင်အောင် တိုက်ခိုက်ပြီးရင် ကျွန်တော်ခံယူပါ့မယ်၊ စစ်ပွဲများဆင်နွှဲရခြင်းကိုပျော်မွေ့တဲ့ မဏိပူရ တောင်တန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမှုကို ရစေချင်တဲ့ အဖေ့ရဲ့ဆန္ဒတွေပြည့်ဝအောင် ဆောင်ရွက်ပေးပါ့မယ်. . အဖေကျေနပ်ပါနိုင်ပါစေ၊

အဖေရဲ့ ဝိညာဉ်သည် ကျွန်တော်တို့နဲ့အတူ လိုက်ပါစောင့်ရှောက်နိုင်ပါစေ"

ဟု တိုင်တည်ရွတ်ဆိုပြီးမှ တောင်ခြေသို့ ပြန်ဆင်းလာခဲ့လေသည်။

တောင်ခြေမှာ တလူလူလွင့်ထားသော သက်မျိုးနွယ်တို့၏ အမှတ်တံဆိပ်ပါသော အလံကိုလွှင့်ထူထားသည်။

အနီရောင်အလံပေါ်မှာ အနက်ရောင်ကျားနက်ရုပ် အမှတ်အသားကို ရေးထားသည်။

တိုက်ပွဲဝင်ကြမည့်သူအားလုံး မြင်းကိုယ်စီနှင့်ဖြစ်သည်။

အားလုံးလက်နက်ကိရိယာတို့ အစုံအလင်ပါသည်။

ကနန်တို့က လုံ့ရှည်များကို အသုံးပြုကြသလို သူတို့ကံလေးနှင့်မြားပစ် ကျွမ်းကျင်ကြသည်။

အားလုံးမျက်နှာပေါ်မှာ စစ်ပွဲအရိပ်အငွေ့များဖြင့်

တက်ကြွနေကြသည်။

ရှေ့ဆုံးမှာရှိနေသော ကလန်ကြီးက အလံကိုကိုင်ထားသည်။ နီမောင်ကို စောင့်နေကြခြင်းဖြစ်၏။

သူရောက်သွားပြီး ရှေ့ဆုံးမှမြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

ထို့နောက် အသံကျယ်ကျယ်ဖြင့် အားလုံးကြားအောင် အော်ပြောလိုက်သည်။

"ထွေထွေထူးထူး ပြောစရာမရှိဘူး၊ ဒီကနေ့တိုက်ပွဲမှာ ငါတို့အရေးနိမ့်ရင် ဒီမဏိပူရတောင်တန်းပေါ်မှ သက်မျိုးနွယ်ဆိုတာ ပျောက်ကွယ်သွားလိမ့်မယ်. . အနိုင်တိုက်မှ အရှည်တည်တံ့မယ်၊ ငါတို့ ဘိုးဘွားအဆက်ဆက် ထိမ်းသိမ်းစောင့်ရှောက်လာကြတဲ့ ရွှေတွင်းတွေကို စောင့်ရှောက်ခွင့်ရမယ်၊ ဒီတော့ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ဒီကနေ့တိုက်ပွဲကို အနိုင်တိုက်ကြမယ်"

"အနိုင်တိုက်မယ်၊ အနိုင်တိုက်မယ် "

ဆိုသော်အော်သံများ ပေါ်ထွက်လာသည်။ ထိုနောက် နဂါးမြို့တောင်ကြားရှိသော နယ်ခြားစည်းရှိရာဘက်သို့ ထွက်လာကြသည်။

ထိုနေရာတွင် လွင်ပြင်တစ်ခုရှိသည်။ လွင်ပြင်အလယ်နေရာ၌ နယ်ခြားစည်းရှိသည်။ သူတို့ရောက်သွားတော့ စည်း၏အခြားတစ်ဘက်တွင် ကနန်မြင်းစီးသမားများ တွေ့ရသည်။

သူတို့ နောက်မှာတော့ တပ်မှူးဗျူဟတို့တပ်က ပါလာ





သည်ကို တွေ့ရသည်။

အခြေအနေက ရွေးချယ်စရာ မရှိတော့ပြီ. . ၊ အလယ်ခေါင်တွင် နယ်ခြားစည်းထားသည် လွင်ပြင်ကျယ်ကြီး၏ ဟိုဘက်ဒီဘက်ကျောက်တုံးများနောက်မှာ တိုက်ပွဲဝင်ကြမည့် နှစ်ဘက်မျိုးနွယ်စုများ နေရာယူထားကြလေပြီ. . ။ တောင်ကုန်းများထိပ်မှာတော့ နှစ်ဘက်မျိုးနွယ်စုတို့၏ အလံများက လေနှင့်အတူ တလူလူလွင့်နေလေသည်။ မကြာမီ အပြင်းအထန်တိုက်ခိုက်ကြတော့မည့် အခြေအနေပင်ဖြစ်၏။

မကြာမီ နှစ်ဘက်စလုံးမှ ကျွဲတံပိုးမှုတ်သံများ ပေါ်ထွက်လာသည်။ စူးရှကျယ်လောင်သော အချက်ပေးသံမျိုး ဖြစ်သည်။ မရှေးမနှောင်းမှာ တောင်ကုန်းများ၊ ကျောက်တုံးများ နောက်မှာ နေရာယူထားသော တိုက်ပွဲဝင်ကြမည့်သူများ ရှေ့သို့ထွက်လာကြသည်။

လွင်ပြင်ရှိရာသို့ ဆင်းလာကြသည်။ အလယ်၌ လွင်ပြင်ကျယ်တစ်ခုသာ ခြားနေသောကြောင့် တစ်ဖက်နှင့်တစ်ဖက် ကောင်းစွာ လှမ်းမြင်နေရပြီ။ နောက်ဆုံး ကျွဲတံပိုးမှုတ်ပြီး အချက်ပေးလိုက်သည်နှင့် တစ်ဟုန်ထိုးပြေးထွက်ပြီး တိုက်ခိုက်ကြရပေတော့မည်။

နီမောင်က ရှေ့ဆုံးမှနေပြီး လေးနှင့်မြားကို အဆင်သင့်ပြင်လိုက်သည်။ နောက်မှာရှိနေသည့် ကလန်ကြီးက ကျွဲတံပိုးကို မြှောက်ကိုင်လိုက်သည်။ ထိုအခြေအနေမှာပင် မမျှော်လင့်သော

အခြေအနေ ပေါ်လာတော့သည်။

ဦးစွာ မြောက်မြားလှစွာသော မြင်းခွာသံများ အရင်ကြားရသည်။ နောက်တော့ ဖုန်လုံးများအပေါ်မှာ အစိမ်းရောင်၊ အနီရောင်နှင့် ဘုရင့်တပ်မတော် အမှတ်အသားတံဆိပ်ပါသော အလံများကို မြင်ကြရသည်။

ရာပေါင်းများစွာသောမြင်းတပ်ကြီးက တိုက်ပွဲဆင်နွှဲမည့် လွင်ပြင်ထဲသို့ ဖြတ်ဝင်လာလေသည်။ တိုက်ခိုက်ရန် အားယူနေကြသော နှစ်ဘက်မျိုးနွယ်များမှာ များစွာအံ့ဩသွားကြသည်။

မည်ကဲ့သို့ပြုလုပ်ရမည်မှန်း မသိပဲရှိစဉ် မြင်းတပ်ကြီးက ကွင်းပြင်တစ်ခုလုံး ပြည့်သွားလေသည်။ ထို့နောက်ခေါင်းဆောင်လာသော မြင်းတပ်ဗိုလ်ကနှစ်ဘက်ကြားလောက်အောင် အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"အားလုံးရပ်ကြစမ်း၊ ငါကရတနာသိခ်ိ ဘုရင့်တပ်မတော်က နယ်စပ်လုံခြုံရေးတာဝန်ယူထားတဲ့၊ တပ်မမှူး နေမျိုးကျော်ထင်ပဲ"

"ဟယ်. . ."

"ဟာ. . ."

"မင်းတို့မျိုးနွယ်စုတွေ အညာမိပြီး တစ်ဖက်နဲ့တစ်ဖက်နဲ့ ဒီလိုတိုက်ပွဲမျိုးတိုက်ဖို့ ပြင်ဆင်နေကြတာ သင့်ရဲ့လား၊ မင်းတို့ကို သွေးထိုးမြောက်ပင့်ပေးနေတဲ့ သူပုန်တွေဘယ်မှာလဲ"

ထိုစကားကြားတော့မှ ကနန်မျိုးနွယ်ခေါင်းဆောင် မြွေ





ဟောက်နက်မှာ မျက်လုံးပြူးသွားလေတော့သည်။

"အလို မှားကြတော့မလို့. . ."

ထိုသို့ရေရွတ်ရင်း ဇူဇကာတို့ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ဇူဇကာတို့မှာအခြေအနေ မဟန်တော့သဖြင့် သူတို့ကိုတားဆီးရန် ကြိုးစားနေသော ကနန်မြင်းတပ်သားတို့ကို တိုက်ခိုက်သတ်ဖြတ်ပြီး ထွက်ပြေးရန် ကြိုးစားကြလေတော့သည်။

"မြေခွေးလို ကောက်ကျစ်ယုတ်မာတဲ့လူတွေ တစ်ယောက်မှ အလွတ်မပေးကြနဲ့"

ဟု အမိန့်ပေးလိုက်ရာ နောက်မှ လိုက်သွားကြလေသည်။ မြင်းစီးကျွမ်းကျင်လှပြီး နယ်မြေကျွမ်းကျင်လှသော ကနန်မြင်းသည်ကျော်များလက်မှ လွတ်မြောက်ရန် အခွင့်အရေးနည်းလှသည်။

နီမောင်က တပ်မှူးနေမျိုးကျော်ထင် ရှိသောနေရာသို့ သွားပြီး အရိုအသေပေးလိုက်သည်။

"ကျွန်တော်သက်မျိုးနွယ်စု ခေါင်းဆောင်သစ်ပါ ကျွန်တော်ဖခင်က ထမန်းနက်ကြီးဘွဲ့ခံ ဦးဒိဗ္ဗပါ. ."

"မင်းကဦးဒိဗ္ဗရဲ့ သားကိုး၊ ဒါကြောင့် အဖေတူသားပီပီ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပေတာကိုး၊ မင်းဖခင်ထမန်းနက်ကြီးကတော့ ငြိမ်းချမ်းရေးကို လိုလားပြီး ငါတို့ဘုရင့်တပ်တွေကိုလည်း အများကြီး အကူအညီပေးခဲ့တယ် သူသေသွားတာ နှမြောလှတယ်"

ဟု တပ်မှူးကြီးက ရေရွတ်ပြောဆိုနေ၏။

"တပ်မှူးကြီးတို့ ဘယ်လိုသိကြလို့များ၊ ဒီနေရာကိုအချိန်မီရောက်လာကြတာပါပဲ"

"ငါတို့ကို အချိန်မီလာပြီး သတင်းပေးတဲ့သူရှိလို့ပေါ့၊ မင်းတို့မျိုးနွယ်တွေ သူ့ကို ကျေးဇူးတင်ကြရမယ်၊ သူသာ ငါတို့ဆီကို အချိန်မီရောက်လာပြီး သတင်းမပေးနိုင်ရင် အခုလောက်ဆိုရင် သွေးချောင်းစီးနေလောက်ပြီ. . . မင်းတို့အတွက် ကယ်တင်ရှင်ကတော့သူပါပဲ. ."

တပ်မှူးကြီးက ရှုပ်ထွေးနေသော တပ်သားများကြားမှ မြင်းတစ်စီးနှင့် ထွက်လာသူကို ညွှန်ပြသည်။ ပုဏ္ဏမာပင်ဖြစ်၏။

ပုဏ္ဏမာက နီမောင်အနီးရောက်လာပြီး သူမစွန့်စားခဲ့ရသောအခြေအနေအချို့ကို ပြောပြနေသည်။ နှစ်ဘက်မျိုးနွယ်များကတော့ ပုဏ္ဏမာကို များစွာကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်နေကြသည်။

နီမောင်က တပ်မှူးကြီးကို နှုတ်ဆက်ပြီး အပြင်ဘက်သို့ ထွက်လာတော့ ပုဏ္ဏမာက နောက်မှလိုက်လာသည်။

"အမောင်ဘယ်သွားမှာလဲ "

"အဖေ့အတွက် သွေးကြွေးဆပ်ဖို့လိုက်သွားဦးမယ်"

"လက်မောင်းကဒဏ်ရာကြီးနဲ့ ဖြစ်ပါမလား၊ ငါလိုက်ခဲ့မယ်. ."

" မလိုက်နဲ့ ဒီမှာ ကလန်ကြီးနဲ့တိုင်ပင်ပြီး တပ်မှူးကြီးနဲ့ တပ်သားတွေကို ဧည့်ခံကျွေးမွေးဖို့ စီစဉ်ထားနှင့်ပေတော့ ငါမ





ကြာခင်ပြန်ရောက်လာမယ် "

ဟု ပြောဆိုမှာကြားပြီး မြင်းကိုဒုန်းစိုင်းထွက်ခဲ့လေသည်။

နဂါးဖြူတောင်ကြားရောက်တော့ ဗျူဟတို့နောက်လိုက်သွားသော ကနန်မြင်းတပ်သားတို့ကို တွေ့သဖြင့် အခြေအနေမေးမြန်းကြည့်သည်။

"ကျန်တဲ့လူတွေတော့ တစ်ယောက်မကျန်သုတ်သင်ပစ်ခဲ့ပြီ သူတို့ခေါင်းဆောင်ကတော့ လျှိုထဲဆင်းပြေးသွားတယ်"

"ဒီအတွက်မပူနဲ့ ငါလိုက်ပြီး သုတ်သင်လိုက်မယ်. ."

ဟုပြောပြီး တောင်ကြားဘက်သို့ ဆက်လိုက်ခဲ့သည်။ တစ်နေရာရောက်တော့ မြင်းရောလူပါ လှံချက်သင့်ပြီး လဲကျသေဆုံးနေသော ဒဿကို အရင်တွေ့ရသည်။

မူလကပင်ရုပ်ဆိုးသောဒဿမှာ ဆိုးဝါးသောလှံချက်သင့်ပြီး သေရသောအခါ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။

"ဒင်းတော့သေပြီ တစ်ယောက်ပဲကျန်တော့တယ်"

ဟုတွေးရင်း အခြေအနေကို အကဲခတ်ကြည့်သည်။ ဗျူဟ ပြေးစရာတစ်လမ်းပဲရှိသည် ထိုလမ်းကတောင်ကြားထဲ ဝင်ပြေးသောလမ်း ဖြစ်သည်။

"ကိုယ့်သေတွင်း ကိုယ်ရွေးတာပဲ၊ ဒါပေမယ့်သူ့ဆီမှာ မီးပေါက်သေနတ်တစ်လက်ပါတယ် သတိထားရမယ် "

ဟုတွေးရင်း တောင်ကြားထဲဝင်လိုက်သည်။

တစ်နေရာရောက်တော့ အမောဆို့ပြီး သေဆုံးနေသော မြင်းကို အရင်တွေ့ရသည်။ မြင်းပါးစပ်မှာ အမြှုပ်များထွက်နေသည်ကို ကြည့်ရုံဖြင့်အမောဆို့၍ သေသွားခြင်းသိနိုင်သည်။

မြင်းကိုကြည့်နေစဉ်မှာ တစ်နေရာမှ သေနတ်သံတစ်ချက် ထွက်လာသည်။

" ဒိန်း. . "

သတိနှင့်နေသဖြင့် ချက်ချင်းလှိမ့်ရှောင်ရင်း အသံကြားရာဘက်သို့ ပြေးသည်။

နောက်တစ်ကြိမ် မီးပေါင်မပြည့်ခင်မှာ ရန်သူကို ရှာတွေ့မှဖြစ်မည်။

နီမောင်ကအခြေအနေကို တွက်ဆကြည့်သည်။ သေနတ်သံ ကြားလိုက်ရသောနေရာမှာ မှုနီးမဝေးကျောက်ဆောင်ကွယ်နောက်ဘက်မှ ဖြစ်သည်။

သူရှိနေသောနေရာနှင့် မဝေးလှပေ. .

နီမောင်က ဓားကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ရင်း ရှေ့သို့ပြေးထွက်သည်။

မရှေးမနှောင်းမှာပင် ကျောက်တုံးနောက်ဘက်မှ သေနတ်ပြောင်းတစ်ခု ထိုးထွက်လာသည်။

"ဒိန်း"

ချက်ချင်း နံဘေးသို့လှိမ့်ရှောင်ပြီး ကျောက်တုံးနောက်သို့ ခုန်ဝင်သွားပြီး ဓားဖြင့်မိုးခုပ်သည်။





ဗျူဟက သေနတ်ဖြင့်ဆီးခံသည်။

သစ်သားဖြင့်ပြုလုပ်ထားသော သေနတ်ပြောင်းမှာ တိခနဲ ပြတ်ကြသွားသည်။

"ဒါက ငါတို့မျိုးနွယ်စုတွေအတွက်ပဲ"

ဟုပြောရင်း ပိုင်းချရာ လက်ပြတ်ကျသွားသည်။

ဗျူဟက အထိတ်တလန့် တောင်းပန်သည်။

"ငါ့ကို မသတ်ပါနဲ့၊ ငါ့ကို မသတ်ပါနဲ့"

"ငါလူမသတ်ချင်ပေမယ့် ငါ့အဖေတွက်တော့ သွေးကြွေးပြန်ယူရလိမ့်မယ်၊ ဒါက ငါ့အဖေအတွက်ပဲဟေ့"

ဟုပြောပြီး အပေါ်မှမိုးခုတ်ချလိုက်ရာ ဦးခေါင်းမှစပြီး ထက်ခြမ်းကွဲသွားလေတော့သည်။

သွေးများက ကျောက်ဆောင်နောက်ကွယ်တစ်ဝိုက်မှာ ချင်းချင်းနီသွားလေတော့သည်။

ပွဲပြီးသွားပေပြီ. . .

ယခုတော့ အရာအားလုံး ပြီးဆုံးခဲ့ချေပြီ. . .။

နီမောင်မှာ ဖခင်အတွက် တာဝန်ကျေခဲ့ပြီ ဖြစ်သောကြောင့် ရင်ထဲမှာပေါ့ပါးသွားကာ နဂါးဖြူတောင်ကြားမှ ပြန်ထွက်လာလေတော့သည်။







# အခန်း(၁၇)

# မဏိပူရ ပုဏ္ဏမာ

လသာနေသည်. . .။ ရာသီဥတု သာယာနေသော ကြောင့် မြူနှင်းတို့ ပါးလျားနေသည်။

မြူနှင်းအချို့ကို ထိုးဖောက်ဆင်းလာသော လရောင်က မဏိပူရတောင်တန်းပေါ်သို့ ငွေရောင်များဖျန်းပက်ထားသကဲ့သို့ နေရာအနှံ့မှာ စွန်းထင်းနေသည်။

ဟိုးအဝေးမှာ ဖူးပွင့်နေကြသော တောင်ဇလပ်ပန်း ရောင်စုံများ၊ သစ်ခွပန်းများ၊ တောတောင်များမှာ ရာသီဥတု အလိုက် ဖူးပွင့်နေကြသောပန်းတို့က လရောင်ကိုကြိုဆိုသော

☺ အောင်မြင်စာပေ ☺

အားဖြင့် အစွမ်းကုန် ဖူးပွင့်လာကြသည်။ နှင်းသားထုကို ဖြတ်ကျော်လာသောလေက ပန်းရနံ့တို့ကို သယ်ဆောင်လာသည်။

သက်မျိုးနွယ်စုများနေထိုင်ကြသော သေလာယကရွာနှင့်ပတ်ဝန်းကျင်တွင် မီးရောင်တို့ထိန်လင်းနေသည်။

ထိုရွာမှာ ပွဲတော်ကြီးတမျှ စည်ကားနေသည်။

ရတနာသိခ်ဘုရင်တပ်မှ တပ်မှူးကြီး နေမျိုးကျော်ထင်နှင့်တပ်သားများလည်း ထိုရွာမှာပင် စခန်းချနေကြသည်။

နံနက်လင်းလျှင် ကတ္တရုံရွာမှာ မြွေဟောက်နက်ကြီးဘွဲ့ခံ ဇမုန်းထန် ခေါင်းဆောင်သော ကနန်မျိုးနွယ်စုများရောက်လာကြပေမည်။ ၎င်းတို့ရောက်လာလျှင် ငြိမ်းချမ်းရေးအတွက် ကျင်းပသော နတ်ဒေဝတာတို့အားပူဇော်ပွဲ. . . ကောက်သစ်စားပွဲနှင့် ခေါင်ရည်သဘင်ပွဲတို့ကို အတူတကွ ဆင်နွှဲကြရပေမည်။

နီမောင်အနေဖြင့်လည်း သက်မျိုးနွယ်စုများကိုယ်စား ကလန်ကြီးနှင့် နတ်ဆရာတို့ချီးမြှင့်ပေးမည့် ထမန်းနက်ဘွဲ့ကို ခံယူရပေတော့မည်။

သူ့အတွက်တော့ ထိုဘွဲ့ကိုလက်ခံရသည့်အတွက် ဝမ်းမြောက်ပါသည်။ ဖခင်ကိုယ်စား ထိုဘွဲ့ကိုဆက်ခံခွင့် ရသဖြင့်လည်း ကျေနပ်နေမိသည်။

ထို့ထက် ကျေနပ်စရာကောင်းသောအချက်ကတော့ သူချစ်သောပုဏ္ဏမာတစ်ယောက် သူနှင့်အတူတူ ရှိနေခြင်းပင်ဖြစ်သည်။





"ပုဏ္ဏမာ ပြန်မရောက်လာတော့ စိတ်ထဲမှာ စိုးရိမ်မှုတွေအတော်ဝင်လာတယ်၊ ပုဏ္ဏမာက ဘုရင့်တပ်ရှိတဲ့နေရာကို ဘယ်လိုရောက်သွားတာလဲ"

"အမောင့်ကို ကယ်ပေးခဲ့ပြီး တစ်ခါတည်းသွားခဲ့တာပါ ဘုရင့်တပ်တွေ စခန်းချတဲ့နေရာကို အရင်ကရောက်သွားဖူးလို့ သိနေတာပါ. . . "

"ဒီအတွက် ပုဏ္ဏမာကို အများကြီးကျေးဇူးတင်ပါတယ်၊ ပုဏ္ဏမာနဲ့ ဘုရင့်တပ်သားတွေသာ အချိန်မီရောက်မလာခဲ့ရင် အခုအချိန်လောက်ဆို မျိုးနွယ်စုနှစ်စုစလုံး စေ့စေ့ညက်ညက်ကြေပြီး သွေးချောင်းစီးနေလောက်ပြီ"

"ကျေးဇူးတင်စရာမလိုပါဘူး အမောင်ရယ်၊ ငါက အမောင်ရဲ့ကြင်ဖက်တစ်ယောက် ဖြစ်နေခဲ့ပြီမဟုတ်လား၊ အမောင်ရင်ဆိုင်နေရတဲ့ အန္တရာယ်တွေ အခက်အခဲတွေမှန်သမျှ အတူလက်တွဲ ဖြေရှင်းပေးရမှာပေါ့၊ ဒီအတွက်ကျေနပ်မိပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ မဏိပူရတောင်တန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဖို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက်တော့ ဂုဏ်ယူရမှာပဲ. . .

တကယ်တော့ ပုဏ္ဏမာဟာ မဏိပူရတောင်တန်းကြီးအတွက် အေးချမ်းမှုပေးခဲ့တဲ့ လတစ်စင်းပါပဲ"

"ငါကတော့ ကျန်တာတွေထက် အမောင့်ရင်ထဲက လတစ်စင်းပဲ အမြဲဖြစ်နေချင်ပါတယ်"

ဟုပြောပြီး ရင်ခွင်ထဲသို့ တိုးဝင်လာရာ နီမောင်က တင်းတင်းဖက် ထားလိုက်သည်။

လသာနေသည်။ ပန်းရနံ့တွေ မွှေးနေသည်။

နီမောင်ရင်ထဲမှာလည်း လတစ်စင်းသာနေသည်။

ထို့အတူ မဏိပူရတောင်တန်းပေါ်မှာလည်း သာနေလေသည်။ မဏိပူရရဲ့ ပုဏ္ဏမာ၊ ရင်ထဲမှချစ်သော "မဏိပူရ ပုဏ္ဏမာ"ပင် ဖြစ်တော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မဏိပူရ ပုဏ္ဏမာ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

(ကမ္ဘာမြေတစ်ခုလုံး စစ်ပွဲများရပ်တန့်ပြီး ငြိမ်းချမ်းသာယာမှု ရကြပါစေဟူသော ရည်ရွယ်ချက်ဖြင့်. . .)

အနီယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု. . .

**တိုစကွ**

စာပြီးချိန်.... ၂၀၁၂ခုနှစ်၊ စက်တင်ဘာ၃၀ရက်၊ တနင်္ဂနွေနေ့၊ နေ့လည်၂နာရီ။

☺ အောင်မြင်စာပေ ☺

